ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-7-2014) (၇၉၁၀)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၄ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဒယ်လ် ဖာတာ ဆာရီဒ် ဟူစိန် ခါလီ အယ်လ်-ဆီစီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အီဗရာဟင်မ် မာလတ်ဘ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး အစိုးရ၊ ပုဂ္ဂလိကနှင့် လူထုအခြေပြုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်

ဒုတိယသမ္မတ ဦးညဏ်ထွန်း မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၂

မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတအကြံပေးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုအစိုးရအဖွဲ့ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သည့် မိန့်ခွန်းတွင် “ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ ကျွန်တော်တို့နိုင်ငံတွင် ၂၆ ရာခိုင်နှုန်းရှိနေသည့် ဆင်းရဲနွမ်းပါးမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မှု၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဘဝမှ ရုန်းထွက်နိုင်ဖို့ကြိုးပမ်းဆောင်ရွက်နေပါကြောင်း” ထည့်သွင်းမိန့်ကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရေးအတွက် ကာလရှည်အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရေးအတွက် သတ်မှတ်ထားသည့်ညွှန်းကိန်းများ တစ်ခုချင်းတိုးတက်ကောင်းမွန်စေရန် အရှိန်အဟုန်မြင့်ဆောင်ရွက်သွားရန် လိုအပ်ချက်အရ အမျိုးသားအဆင့်ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

မလေးရှားနိုင်ငံ၏ ၂၀၁၅ခုနှစ် အာဆီယံဥက္ကဋ္ဌအတွက် Official theme song ရွေးချယ်နိုင်ရေး သီချင်းရေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ထား

နေပြည်တော် ဇူလိုင် ၂၂

မလေးရှားနိုင်ငံက ၂၀၁၅ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် အသုံးပြုရန် Official theme song for Malaysia’s chairmanship 2015 သီချင်းရေးပြိုင်ပွဲကို မလေးရှားနိုင်ငံ၌ ဇူလိုင် ၄ရက်မှ ဩဂုတ် ၃၁ ရက်အထိ ရွေးချယ်ကျင်းပလျက်ရှိသဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအနေဖြင့် “ ပြည်သူဗဟိုပြု အာဆီယံ” ဆောင်ပုဒ်နှင့်အညီ အာဆီယံ၏ ထူးခြားချက်၊ အမြင်နှင့် အတွေ့အကြုံအမှတ်တရများအား ထင်ဟပ်စေမည့် သီချင်းစာသားများ ရေးသားပေးပို့နိုင်ကြကြောင်း၊ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို http;// www.kln.gov.my/aseansong 2015 တွင် ဝင်ရောက်ရယူနိုင်ကြောင်းနှင့် အဆိုပါဖြည့်စွက်ပြီး ဝင်ခွင့်ပုံစံ၊ သီချင်းစာသား၊ သီချင်းရေးဖွဲ့သူနှင့် song demo တို့ကို aseanthemesong@ gmail.com သို့ ဆက်လက်ပေးပို့ရမည်ဖြစ်ကြောင်း၊ Official theme song အဖြစ် ရွေးချယ်ခံရသူအား ဆုငွေ မလေးရှားရင်းဂစ် ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပြီး ဒုတိယဆုရရှိသူလေးဦးအား တစ်ဦးလျှင် မလေးရှားရင်းဂစ် ၂၅၀၀ စီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဘဏ္ဍာနှစ်အလိုက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာ

စာမျက်နှာ ၉ သို့



မြင့်စိုး(နတလ)

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်-ဒုံဟီးလမ်း မိုင် ၆၀ ကျောက်ခင်းလမ်းအား တွေ့ရစဉ်။

ကြေးမုံ စာတည်းရှုထောင့် ၂၃-၇-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

ကျောင်းကျန်းမာရေးနှင့် သန့် (၅) သန့်

နိုင်ငံတော်က အားထားရမည့် အနာဂတ်မျိုးဆက်သစ်လေးများ စုဝေးရာနေရာသည် စာသင်ကျောင်းများပင်ဖြစ်သည်။ ကျောင်းနေအရွယ် ကလေးငယ်များကို "အမျိုးသား စည်းကမ်းအစ၊ စာသင်ကျောင်းက" ဆောင်ပုဒ်အတိုင်း ပျားဖယောင်းများသဖွယ် ပြုလွယ်ပြင်လွယ် ထုဆစ်ပုံသွင်းရလွယ်သည်။ ဤအရွယ်လေးများမှ အစပြုကာ နိုင်ငံ့သားကောင်းရတနာ လူတော်လူကောင်းလေးများဖြစ်လာအောင် ပြုစုပျိုးထောင်လုပ်ဆောင်ကြရမည်သာ ဖြစ်ပါသည်။

အမျိုးသားစည်းကမ်းဟူသမျှ ကျောင်းကအစပြုကြရသလို ကျန်းမာရေးနှင့်အညီ ပြုမူနေထိုင်တတ်စေမည့် အလေ့အကျင့်ကောင်းများကိုလည်း ကျောင်းမှပင် အစပြုကြရမည်ဖြစ်ပါသည်။ တစ်ဖက်မှာလည်း ကျောင်းသည် မျိုးဆက်သစ်လေးများ အစဉ်သဖြင့်စုဝေးရာ ပရဝဏ်အဝန်းအဝိုင်းဖြစ်ရာ ကျန်းမာရေးနှင့်ညီညွတ်သော အဝန်းအဝိုင်းဖြစ်အောင် လုပ်ဆောင်ကြရမည် ဖြစ်သည်။

ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းတစ်ကျောင်းတွင် သန့်(၅)သန့်နှင့် ညီညွတ်စွာရှိနေဖို့ အထူးလိုအပ်ပါသည်။ ယင်းတို့မှာ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ အိမ်သာသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ဖြစ်ပါသည်။

တစ်ကိုယ်ရေသန့်ရှင်းရေးတွင် မိဘဆရာပူးပေါင်းဆောင်ရွက်သွားကြရပါမည်။ တစ်ပတ်တစ်ခါ လက်သည်း၊ ခြေသည်း ညှပ်ခြင်း၊ အစာစားပြီးတိုင်း ပလုတ်ကျင်းသွားတိုက်ခြင်း၊ အိမ်သာမှဆင်းပြီးတိုင်း လက်ကိုဆပ်ပြာနှင့်တိုက်ချွတ်ဆေးကြောခြင်းစသဖြင့် အလေ့အကျင့်ကောင်းများကို ပုံမှန်ကျင့်ကြံတတ်အောင် ထပ်ခါတလဲလဲနှင့် စွဲမြဲစေရပါမည်။

သောက်သုံးရေသန့်ရှင်းရေးတွင် ကျောင်းမှတာဝန်ယူစီမံဆောင်ရွက်နိုင်ကြရပါမည်။ မသန့်သော ရေသန့်များ မဝယ်မိအောင်၊ မိုးတွင်းကာလမိုးရေလှောင်ကန်များ ပိုးလောက်လမ်းကင်းရှင်းအောင် စီမံဆောင်ရွက်ပေးသွားကြရပါမည်။ ရေကြည်ရေသန့်တွင် ပေါက်ပွားတတ်သော ခြင်ကျား(ခေါ်) ခြင်ပုန်းကြောင့် သွေးလွန်တုပ်ကွေးဖြစ်ရခြင်းကိုလည်း ကလေးများအား သိစေပြီး ထိုပိုးလောက်လမ်းများကို သောက်ရေတွင် ဆေးခတ်သေစေခြင်းထက် ထိုပိုးလောက်လမ်းများကို စားသုံးသည့် ဒေါင်းငါးများ ထည့်ပေးကာ သဘာဝကို သဘာဝနည်းဖြင့် တားဆီးကာကွယ်ပေးခြင်းက အကျိုးထူးကြောင်း ကလေးများကို သိစေခြင်းဖြင့် ပညာပေးသွားနိုင်ပါသည်။

အစားအစာသန့်ရှင်းရေးတွင် ကလေးများ၏ ဒုတိယမီးဖိုချောင်ဟု တင်စားလောက်သည့် ကျောင်းမုန့်ဈေးတန်းများကို စနစ်တကျရှိစေရေးစီမံပေးသွားရပါမည်။ မုန့်ဈေးတန်းရှိ ဈေးရောင်းသူများကို ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ကာ အောင်မြင်မှသာ ရောင်းချစေခြင်း၊ FDA မှ ခွင့်ပြုချက်မရှိသည့် အစားအသောက်များကို တားမြစ်ပေးခြင်း၊ မုန့်ဈေးတန်းကို အစဉ်သန့်ရှင်းစေခြင်းဖြင့် အစားအစာသန့်ရှင်းရေးအတွက် လုပ်ဆောင်ပေးသွားကြရမည်။ တစ်ဖက်တွင်လည်း ကလေးများအား ယင်နားစာ၊ အမှည့်လွန်သော သစ်သီးဝလံများ မစားမိစေဖို့ ၎င်းတို့၏ ဆိုးကျိုးသက်ရောက်မှုကို သိထားစေရပါမည်။

အိမ်သာသန့်ရှင်းရေးကား အရေးကြီးသောအချက်တစ်ရပ်ဖြစ်ပါသည်။ မိမိတို့နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်သည် အိမ်သာသုံးစွဲမှုမရှိသေးကြောင်း UNICEF မှ စာရင်းဇယားနှင့် ထောက်ပြထားသည်။ ကျောင်းများတွင်လည်း ကျောင်းသား ၅၀ အိမ်သာတစ်လုံးနှုန်းနှင့် သတ်မှတ်ပေးထားသည်။ တစ်နိုင်ငံလုံးနှင့်နှိုင်းယှဉ်လျှင် အလွန်နည်းပါးနေသေးကြောင်း သိရသည်။ ကျောင်းတိုင်းမှာ ကျောင်းအိမ်သာပြည့်စုံနေရေးအတွက် ကျောင်းဌာနအပြင် မိဘများပါ ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အိမ်၊ လမ်း၊ ရွာ၊ ကျောင်း သန့်ရှင်းကြောင်း စုပေါင်းအမှိုက်သိမ်းကြရပါမည်။ ကျောင်းတွင်းသန့်ရှင်းရေးကို ဆရာများကြီးကြပ်ပြီး ကျောင်းသားလေးများကိုယ်တိုင် လုပ်ဆောင်စေလျက် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ပေးကြရပါမည်။ နေ့စဉ်အသင်းအဖွဲ့အလိုက် တံမြက်စည်းလှဲခြင်း၊ အမှိုက်လိုက်ကောက်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်းများကို စနစ်တကျလုပ်ဆောင်စေခြင်းဖြင့် အလေ့အကျင့်ကောင်းများ ရသွားစေနိုင်ပါသည်။

ကျောင်းကျန်းမာရေးအခြေခံ သန့် (၅) သန့်။ ထိုသန့် (၅) သန့်တွင် တစ်ကိုယ်ရေသန့်ရှင်းရေးက အရေးကြီးပါသည်။ ထိုတစ်ကိုယ်ရေသန့်ရှင်းမှုတွင် လက်ဆေးခြင်းအလေ့အကျင့်ကောင်းကိုလည်း ဂရုတစိုက်ပျိုးထောင်ပေးဖို့လိုအပ်ပါသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုတွင် လက်ဆေးခြင်းအကျင့်မရှိ၍ ကာကွယ်တားဆီးနိုင်သည့်ရောဂါများကို မတားဆီးနိုင်ဘဲ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားတတ်သည်။

ထို့ကြောင့်အနာဂတ်၏ပျိုးခင်းကျောင်းပရဝဏ်အတွင်းမှာ ကျန်းမာရေးနှင့်ညီညွတ်စေဖို့ ကျန်းမာရေးနှင့်အညီ ကျင့်ကြံနေထိုင်တတ်စေဖို့လုပ်ဆောင်ရာတွင်သန့်(၅)သန့်သည်မဖြစ်မနေလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်သည် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများရှိ ရွှေစင်လုပ်ကွက်၊ ထုံးကြီးလုပ်ကွက်၊ ရွှေစက်ရုံများ၊ ဓာတ်ခွဲခန်း၊ ရွှေသန့်စင်အလုပ်ရုံများ၊ မိုင်းမြို့ သစ်တောပျိုးဥယျာဉ်၊ ဆေးရုံဆေးပေးခန်း၊ စာသင်ကျောင်းများကို ကြည့်ရှုစစ်ဆေးပြီး သတ္တုတွင်း ဘေးကင်းလုံခြုံမှုအစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျွမ်းကျင်ပညာရှင်များ ခေါ်ယူ၍လုပ်ကိုင်ရန်၊ CSR လုပ်ငန်းများနှင့် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ နိုင်ငံခြားသားပညာရှင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၁၄)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကောက်ခွန်ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ကြေးနှင့် ပညာရည်ထူးချွန်ဆုပေးအပ်ပွဲကို အကောက်ခွန်ဦးစီးဌာန လမ်း(၅၀)သင်တန်းကျောင်းခန်းမ၌ ဇူလိုင် ၂၀ ရက်က ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက ဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၄ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာမက်ရှိကရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်	ရွှေဈေး	၆၇၆၂၀၀	-	၆၇၇၀၀၀
မန္တလေး	ရွှေဈေး	၆၇၆၀၀၀	-	၆၇၆၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၄. ၇
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၅၄
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၄၈၅
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆. ၆၂
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၁၃၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၇. ၆၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၇၃၇
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၉၁၀. ၃၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၄. ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

☆ **မြန်မာနိုင်ငံမှ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းကို ၁၉၇၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂက ၂၅ နိုင်ငံဖြင့် စတင်သတ်မှတ်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ၄၈ နိုင်ငံရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်မှစ၍ အဆိုပါစာရင်းတွင် ပါဝင်ခဲ့ပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းကို ဖွံ့ဖြိုးမှုမူဝါဒကောင်စီ CDP ၏ ထောက်ခံတင်ပြချက်များဖြင့် ကမ္ဘာ့ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ ECOSOC က သုံးနှစ်တစ်ကြိမ်ပြန်လည်သုံးသပ်၍ ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်ပြလျက်ရှိပါကြောင်း။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ သတ်မှတ်ရေး ပြန်လည်သုံးသပ်မှုစံနှုန်းများမှာ ဝင်ငွေနိမ့်ကျမှုစံသတ်မှတ်ချက် (Gross National Income-GNI)၊ လူသားအရင်းအမြစ်စံသတ်မှတ်ချက် (Human Assets Index-HAI)နှင့် စီးပွားရေးထိခိုက်လွယ်မှုစံသတ်မှတ်ချက် (Economic Vulnerability Index-EVI)တို့ ဖြစ်ပါကြောင်း။

ပထမစံနှုန်းမှာ နိုင်ငံတစ်နိုင်ငံ၏ စုစုပေါင်းသုံးနှစ်ပျမ်းမျှအမျိုးသားဝင်ငွေအပေါ် အခြေခံသည့် တစ်ဦးချင်းဝင်ငွေ Gross National Income Per Capita ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် သတ်မှတ်ချက်အရ စာရင်းဝင်နိုင်ငံတစ်ခုဖြစ်ရန် ဒေါ်လာ ၉၉၂ အောက်ရှိရမည်ဖြစ်ပြီး စာရင်းဝင်အဖြစ်မှလွတ်မြောက်ရန် ၁၁၉၀ ဒေါ်လာအထက်ရှိရမည်ဖြစ်ပါကြောင်း၊ ဒုတိယစံနှုန်းမှာ လူသားအရင်းအနှီးညွှန်းကိန်း(HAI)ဖြစ်ပြီး အာဟာရချို့တဲ့မှု၊ ငါးနှစ်အောက်ကလေး သေဆုံးနှုန်း၊ အလယ်တန်းအဆင့် ကျောင်းနေနှုန်း၊ သက်ကြီးစာတတ်မြောက်နှုန်းညွှန်းကိန်း(၄)ရပ်ကို ဆတူအမှတ်ပေး သတ်မှတ်ခြင်းဖြစ်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရေးအတွက် ၆၆မှတ်လိုအပ်ပါကြောင်း၊ တတိယစံနှုန်းမှာ စီးပွားရေးထိခိုက်လွယ်မှုညွှန်းကိန်း (Economic Vulnerability Index)ဖြစ်ပြီး လူဦးရေ၊ ဝေးလံခေါင်သီမှု၊ ပို့ကုန်အမယ်နည်းပါးမှု၊ ဂျီဒီပီတွင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍပါဝင်မှုအချိုး၊ မြေနိမ့်ကမ်းခြေဒေသရှိ လူဦးရေအချိုး၊ ပို့ကုန်နှင့် ပြည်ပဝန်ဆောင်မှုလုပ်ငန်းများ မတည်ငြိမ်ခြင်း၊ သဘာဝဘေးသင့်ဒုက္ခသည်များ၊ လယ်ယာကဏ္ဍထုတ်လုပ်မှု မတည်ငြိမ်ခြင်း စသည့်အညွှန်းကိန်းများကို ပေါင်းစည်းတွက်ချက်ပေးခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရန် EVI ၃၂ မှတ်သာ ရှိရမည်ဖြစ်ပါကြောင်း။

အဆိုပါစံနှုန်း သုံးမျိုးအနက် မည်သည့်စံနှုန်း နှစ်မျိုးကိုမဆို ပြည့်မီလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် တစ်ဦးကျဝင်ငွေ နှစ်ဆတိုးလျှင်ဖြစ်စေ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရန် သတ်မှတ်ချက်နှင့်ကိုက်ညီမည်ဖြစ်ပြီး CDP ၏ထောက်ခံမှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ CDP ၏ ဆန်းစစ်လေ့လာချက်ကို ECOSOC ၏ထပ်ဆင့်ထောက်ခံချက်ဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံကမှတ်တမ်းတင်သွားမည်ဖြစ်ပါကြောင်း၊ မှတ်တမ်းတင်သည့်ကာလမှစ၍ သုံးနှစ်ကျော်လွန်မှသာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းဝင်အဖြစ်မှ အမှန်တကယ်လွတ်မြောက်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရေးအတွက် စံနှုန်းသုံးခုအနက် ကျန်းမာရေးနှင့်ပညာရေးကို အခြေခံသတ်မှတ်သည့် HAI သတ်မှတ်အဆင့်၌ ၂၀၁၂ ခုနှစ်တွင် ၆၈ ဒသမ ၆ ရှိသည့်အတွက် သတ်မှတ်ချက် ၆၆ ကို ကျော်လွန်နေပြီဖြစ်ပါကြောင်း၊ GNI သတ်မှတ်ချက်အဆင့်အတွက် UN ESCAP Statistical Year Book for Asia and the Pacific 2013 အရ မြန်မာနိုင်ငံ၏ ၂၀၁၁ ခုနှစ် GNI Per Capita တိုင်းတာချက်မှာ ၁၀၅၇ ဒေါ်လာရှိနေပြီး သတ်မှတ်ချက်ပြည့်မီရန် လက်တစ်ကမ်းသာလိုပါတော့ကြောင်း၊ EVI သတ်မှတ်အဆင့်မှာမူ ၄၅ မှတ်ခန့် ရှိနေသည့်အတွက် သတ်မှတ်ချက်ပြည့်မီရန်လိုနေပါသေးကြောင်း၊ သို့သော် UNCTAD ဦးဆောင်သည့် UNDP၊ UNESCAP၊ ITC၊UNIDO တို့ပါဝင်သည့် UN Cluster Mission အဖွဲ့နှင့် ကုန်သွယ်ရေးနှင့်သက်ဆိုင်သည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကြောင့် EVI ညွှန်းကိန်းပြည့်မီရေးကို အထောက်အကူပြုစေလိမ့်မည်ဖြစ်ပါကြောင်း၊ EVI နှင့် GNI Per Capita ပြည့်မီရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍများကို ပေါင်းစပ်ညှိနှိုင်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီများ ရယူဆောင်ရွက်ရန် စီမံပေးရမည်ဖြစ်ပါကြောင်း။

အဆိုပါအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်း၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးလုပ်ငန်း အချိန်ဇယားရေးဆွဲဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ စံသတ်မှတ်ချက်များ ပြည့်မီစေရန်လုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်မည့် လုပ်ငန်းအဖွဲ့များ၊ အကြံပေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် ပြည့်မီရေး၊ ဆင်းရဲမှုလျှော့ချရေးအကဲဖြတ်မှုလုပ်ငန်းနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းဝင်အဖြစ်မှ လွတ်မြောက်ရေး စံသတ်မှတ်ချက်ပြည့်မီရေး အကဲဖြတ်ချက်များကို တပေါင်းတည်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းအကြံဉာဏ်ရယူပြီး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အကဲဖြတ်မှုအစီအစဉ်များရေးဆွဲပြင်ဆင်ခြင်းတို့ကို စီမံသွားရန်ဖြစ်ပါကြောင်း။

အစိုးရကဏ္ဍမှသာမက ပုဂ္ဂလိကကဏ္ဍ၊ ပြည်သူ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ပြီးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ကုလသမဂ္ဂ၏ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဆင့် ပြန်လည်သုံးသပ်မှုအစီအစဉ်အတွက် မိမိတို့အနေဖြင့် အသင့်ပြင်ဆင်လျက်ရှိပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရန် လိုအပ်သင့်လျော်သည့်နည်းလမ်းများကို အလေးအနက်ထားလုပ်ဆောင်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများသို့ အသိပေးသွားရန် အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအတွင်းရေးမှူး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆပ်ကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်လျာထား(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာဖေသက်ခင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာဇော်မင်းအောင်နှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးတို့က ဆပ်ကော်မတီများ(လျာထား)ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

မှော်ဘီမြို့နယ်ရှိ ကျေးရွာအချို့ ရေကြီးရေလျှံဖြစ်ပွား

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ကျေးရွာအချို့တွင် ဇူလိုင်လအတွင်းမိုးအဆက်မပြတ်ရွာသွန်းခဲ့သောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ စပါးပျိုးခင်းများရေနစ်မြုပ်နေကြောင်းသိရသည်။

အဆိုပါမြို့နယ်အတွင်းရှိ သာယာကုန်း၊ ညောင်ရွာ၊ ရေကျော်၊ ဘူတာစု၊ သဲကုန်း၊ လိပ္ပျပ်ကျေးရွာတို့တွင် စပါးစိုက်ပျိုးမြေဧက ၁၀၀၀ ကျော်ရှိသည့်အနက် စပါးစိုက်ပျိုးခင်း ဧက ၆၀၀ ကျော်မှာ နှစ်စဉ်ရေနစ်မြုပ်မှုဒဏ်ခံစားနေရသည်။

ယင်းကျေးရွာများတွင် ရေကြီးရေလျှံမှုဒဏ်ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားစွာခံနေရကာ စပါးပျိုးခင်းများပိုမိုဆုံးရှုံးမှုဖြစ်ပေါ်နေကြောင်း ဒေသခံလယ်သမားများက ပြောသည်။

ထိုကျေးရွာများအနက် ဘူတာစု၊ သာယာကုန်းကျေးရွာတို့တွင် ရေကြီးနစ်မြုပ်မှုဒဏ်ကို ပိုမိုခံစားနေရပြီး နှစ်စဉ်စပါးပျိုးခင်း နှစ်ကြိမ်ဆုံးရှုံးမှုကြုံတွေ့နေရကြောင်း ဒေသခံလယ်သမားတစ်ဦးကပြောသည်။

ဇူလိုင် ၁၈ ရက် ညမှ စတင်ကာ အဆက်မပြတ်ရွာသွန်းခဲ့သော မိုးကြောင့် စပါးပျိုးခင်းများ ရေနစ်မြုပ်နေသည့်အပြင် နေအိမ်များနှင့် ရွာလယ်လမ်းမကြီးပေါ်အထိ ရေလျှံမှုဖြစ်ပွားနေ၍ အခြေခံပညာမူလတန်းကျောင်းအချို့ပင် ခေတ္တပိတ်ထားရသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းဆောင်ရွက်ပေးမှုကို ဘူတာစုကျေးရွာနေလယ်သမားများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **(၀၃၇)**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ထိုင်းဘုရင်အား တပ်မတော်အစိုးရခေါင်းဆောင် တွေ့ဆုံမည်

ဗန်ကောက် ဇူလိုင် ၂၂

ထိုင်းနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ကြားဖြတ်အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက်နိုင်ငံ့အကြီးအကဲ၏ ထပ်ဆင့်အတည်ပြုချက်ရရှိရန် တပ်မတော်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာသည် ဇူလိုင် ၂၂ ရက်တွင် ဘုရင်မင်းမြတ် ဘူမိဘောလ်အဒူရာဒက်ချ်အား တွေ့ဆုံမည်ဖြစ်ကြောင်း နန်းတော်ကထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဖျက်သိမ်း

ထိုင်းနိုင်ငံ၌ မေ ၂၂ ရက်တွင် စစ်ဘက်က အာဏာသိမ်းခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းကို ဖျက်သိမ်းခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၌ အထွေထွေရွေးကောက်ပွဲကျင်းပချိန်အထိ နိုင်ငံတော်အား မည်သို့မည်ပုံအုပ်ချုပ်သွားမည်ကို ဖော်ပြမည်ဖြစ်သည်။ အထွေထွေရွေးကောက်ပွဲကျင်းပခြင်းကို လာမည့်နှစ်ကုန် အထိ တပ်မတော်အစိုးရက ဆိုင်းငံ့ထားဖွယ်ရှိသည်။

အတည်ပြု

ယခုဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ဘုရင်မင်းမြတ်က ထပ်ဆင့်အတည်ပြုပေးနိုင်ရန် ဗိုလ်ချုပ်ကြီး ပရာယွတ်က ဘုရင်မင်းမြတ်အား လာရောက်ဖူးမြော်မည်ဖြစ်ကြောင်း နန်းတော်ရေးရာဗျူရိုမှ အထက်တန်းတာဝန်ရှိသူက ပြောသည်။

ခန့်အပ်မည်

ယခုဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဏာရစစ်ကောင်စီဖြစ်သော အမျိုးသားငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကောင်စီ၏ အခန်းကဏ္ဍကို ဖော်ပြမည်ဖြစ်ကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။ လာမည့်လများမှစ၍ အဆိုပါကောင်စီသည် အရပ်သားများပါဝင်သော ဝန်ကြီးအဖွဲ့နှင့်အတူ လက်တွဲလုပ်ကိုင်သွားမည်ဟု မျှော်လင့်ရသည်။ ယင်းဝန်ကြီးအဖွဲ့၏ အဖွဲ့ဝင်ဝန်ကြီးများကို အဆိုပါကောင်စီက ခန့်အပ်မည်ဖြစ်သည်။

ရိုက်တာ။

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ ကမ္ဘာလှည့်ခရီးသည်များကို တွေ့ရစဉ်။

ပြန်ပေးဆွဲခံကျောင်းသူများ၏မိဘများနှင့် နိုင်ဂျီးရီးယားသမ္မတ ပထမဆုံးအကြိမ်တွေ့ဆုံ

လေဂို့စ် ဇူလိုင် ၂၂

နိုင်ဂျီးရီးယားနိုင်ငံမှ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့ဝင်များ၏ ပြန်ပေးဆွဲခံခဲ့ရသော ကျောင်းသူလေးများ၏ မိဘများနှင့် နိုင်ဂျီးရီးယားသမ္မတ ဂွတ်လက်ခ်ဂျိုနာသန်တို့ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးမှုကို ယင်းပြန်ပေးဆွဲမှုရက် ၁၀၀ ပြည့်မြောက်သည့် ဇူလိုင် ၂၂ ရက်က ပြုလုပ်ခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နိုင်ဂျီးရီးယားသမ္မတနှင့် တွေ့ဆုံနိုင်ရေးအတွက် ပြန်ပေးဆွဲခံကျောင်းသူများ၏ မိသားစုအချို့က လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ခဲ့သည်။ သမ္မတဂျိုနာသန်သည် ကျောင်းသူလေးများ ပြန်ပေးဆွဲခံရမှုကိစ္စနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ပုံညံ့ဖျင်းသည်ဟု စွပ်စွဲခံခဲ့ရသည်။

ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့၏ အဖွဲ့ဝင်များက အဆိုပါကျောင်းသူလေးများအား ပြန်ပေးဆွဲခဲ့ပြီးနောက် ပြန်ပေးဆွဲခံ ကျောင်းသူများအနက် ၁၁ ဦး၏ မိဘများမှာ သေဆုံးခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ဘိုကိုဟာရမ်သောင်းကျန်းသူများက နိုင်ဂျီးရီးယားနိုင်ငံမှ ကျောင်းသူ ၂၀၀ ကျော်အား ပြန်ပေးဆွဲခဲ့သည့် လုပ်ရပ်ကြောင့် ကမ္ဘာ့နိုင်ငံများမှာ ဒေါသအမျက်ထွက်ခဲ့ရသည်။

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့မှ ဖမ်းဆီးခံခဲ့ရသူများနှင့် ပြန်ပေးဆွဲခံကျောင်းသူများကို အပြန်အလှန်ဖလှယ်ရန် ယင်းအဖွဲ့က နိုင်ဂျီးရီးယား လုံခြုံရေးတပ်ဖွဲ့များအား တောင်းဆိုခဲ့သည်။ **ဘီဘီစီ။**

ဂါဇာ၌ တိုက်ပွဲဖြစ်ပွားပြီးနောက် အစ္စရေးစစ်သားတစ်ဦး ပျောက်ဆုံးနေဟုဆို

ဂျေရုဆလင် ဇူလိုင် ၂၂

ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးစစ်သားတစ်ဦးပျောက်ဆုံးနေကြောင်း ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါ အစ္စရေးစစ်သား အသက်ရှင်သန်လျက်ရှိ၊ မရှိ အတိအကျမသိရပေ။ အစ္စရေးစစ်သားပျောက်ဆုံးနေသည့်ဖြစ်ရပ်ကြောင့် တိုက်ခိုက်မှုများ အဆုံးသတ်စေရန် သံတမန်ရေးအရကြိုးပမ်းအားထုတ်နေမှုကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အစ္စရေးနိုင်ငံနှင့် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်အဖွဲ့အကြား ရက်သတ္တနှစ်ပတ်ကျော် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာတွင် ပါလက်စတိုင်း ၅၇၀ ထက်မနည်းသေဆုံးခဲ့ရပြီး အစ္စရေး ၂၉ ဦးသေဆုံးခဲ့ရသည်။

ပျောက်ဆုံး

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ဂါဇာတွင်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးစစ်သားတစ်ဦးပျောက်ဆုံးသွားခဲ့သည်။ ဂါဇာစီးတီးရှိ ရှိဂျေယားရပ်ကွက်၌ အစ္စရေးတပ်ဖွဲ့မှ စစ်သည်တင်သံချပ်ကာကားတစ်စီး တိုက်ခိုက်ခံရရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစ္စရေးစစ်သားပျောက်ဆုံးမှုကို အစ္စရေးစစ်ဘက်က အတည်ပြုခြင်းမရှိသေးပေ။ အစ္စရေးစစ်သားတစ်ဦးကို မိမိတို့ ဖမ်းဆီးရမိခဲ့သည်ဟု ဟားမားစ်အဖွဲ့က ယခုရက်သတ္တပတ်အစောပိုင်းတွင်ပြောကြားခဲ့သည်။ ဟားမားစ်အဖွဲ့၏ ပြောကြားချက်ကို အစ္စရေးနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံအမတ်ကြီးက ကနဦးတွင် ငြင်းဆိုခဲ့သော်လည်း အစ္စရေးစစ်ဘက်က အတည်ပြုခြင်းမရှိသလို ငြင်းဆိုခြင်းလည်းမပြုသေးပေ။

ရိုက်တာ။

ဂါဇာကမ်းမြောင်ဒေသ၌ မြေပြင်ထိုးစစ်ဆင်နွှဲရန် အစ္စရေးကြည်းတပ် တပ်ဖွဲ့ဝင်များ ပြင်ဆင်ဆောင်ရွက်ကြစဉ်။

အမ်အိပ်ချ်-၁၇ လေယာဉ်၏ ပျံသန်းမှုဆိုင်ရာမှတ်တမ်းတင်စက်များကို ယူကရိန်း ခွဲထွက်ရေးသမားများက လွှဲပြောင်းပေးအပ်

ကီယက်ဗ် ဇူလိုင် ၂၂

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ရုရှားလိုလားသော ယူကရိန်းခွဲထွက်ရေးသမား လက်နက်ကိုင်များသည် ပစ်ချခံခဲ့ရသော မလေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်၏ ပျံသန်းမှုအချက်အလက်များ မှတ်တမ်းတင်ကိရိယာနှင့် လေယာဉ်မှူးအခန်း၏ အသံမှတ်တမ်းတင်ကိရိယာတို့ကို မလေးရှားကျွမ်းကျင်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမ်အိပ်ချ်-၁၇ ခရီးစဉ်ပျံသန်းလာသော ဘိုးအင်းလေယာဉ်ပစ်ချခံရရာဒေသသို့ နိုင်ငံတကာအဖွဲ့အစည်းများ ချက်ချင်းဝင်ရောက်ခွင့်ရရှိရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် အဆိုပါပျံသန်းရေးမှတ်တမ်းတင်ကိရိယာများကို လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး ရုရှားနိုင်ငံအပေါ် ဇူလိုင် ၂၂ ရက်တွင် ပိတ်ပင်တားဆီးမှုအသစ်များ ချမှတ်လိမ့်မည်ဟု မျှော်လင့်ရသည်။

မလေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်သည် ဇူလိုင် ၁၇ ရက်တွင် ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ပျက်ကျခဲ့ပြီး လေယာဉ်ပေါ်တွင်လိုက်ပါလာသူ ၂၉၈ ဦးစလုံး သေဆုံးခဲ့ရသည်။

ရုရှားနိုင်ငံက ထောက်ခံအားပေးသည့် ခွဲထွက်ရေးသမားများက မလေးရှား ခရီးသည်တင်လေယာဉ်ကို ပစ်ချခဲ့သည့် အထောက်အထားများကို တိုးမြင့်ရရှိနေသည်ဟု အနောက်အုပ်စုနိုင်ငံများက ပြောကြားခဲ့သည်။ ရုရှားနိုင်ငံကမူ ယင်းကိစ္စနှင့်ပတ်သက်၍ ယူကရိန်းအစိုးရတပ်ဖွဲ့များအပေါ် အပြစ်တင်ပြောကြားခဲ့သည်။

ဘီဘီစီ။

လေယာဉ်ပျံသန်းမှု မှတ်တမ်းတင်စက်တစ်လုံးကို မလေးရှား စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးက ကြည့်ရှုစစ်ဆေးနေစဉ်။

ပါကစ္စတန်မှ မှောင်ခိုတင်သွင်းလာသောဘိန်းဖြူ သီရိလင်္ကာနိုင်ငံတွင် သိမ်းဆည်းရမိ

ကိုလံဘို ဇူလိုင် ၂၂

ပါကစ္စတန်နိုင်ငံမှ မှောင်ခိုတင်သွင်းလာသော ဘိန်းဖြူအမြောက်အမြားကို သီရိလင်္ကာနိုင်ငံတွင် သိမ်းဆည်းရမိကြောင်း အကောက်ခွန်ဌာနက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံမှ တင်သွင်းလာသော အမှုန့်ကြိတ်စက်လုပ်ငန်းသုံး စက်ကိရိယာများကို အကောက်ခွန်စစ်ဆေးရေးစခန်းတစ်ခု၌ ရှာဖွေစစ်ဆေးရာတွင် ယင်းဘိန်းဖြူကို ရှာဖွေတွေ့ရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံ ကရာချိပင်လယ်ဆိပ်ကမ်းမှတစ်ဆင့် ရောက်ရှိလာသော စက်ကိရိယာများတွင် ဘိန်းဖြူကို သိုဝှက်ယူဆောင်လာခဲ့ကြောင်း တွေ့ရှိရသည်။ စက်ပစ္စည်းအစိတ်အပိုင်းများအဖြစ် တံဆိပ်ကပ်ထားသည့် သေတ္တာနှစ်လုံးအတွင်း ဘိန်းဖြူကိုထည့်သွင်းထားသည်။ ယင်းသေတ္တာများကို အကောက်ခွန်အရာရှိများက ဖွင့်ဖောက်စစ်ဆေးရာတွင် မူလီချောင်းများအတွင်း သိုဝှက်ထားသည့် ဘိန်းဖြူများကို သိမ်းဆည်းရမိခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်ကလည်း သီရိလင်္ကာအကောက်ခွန်ဌာနက ပါကစ္စတန်နိုင်ငံမှ ဝင်ရောက်လာသော ကုန်သေတ္တာတစ်လုံးကို ရှာဖွေစစ်ဆေးခဲ့ရာတွင် ဘိန်းဖြူထုပ်များကို သိမ်းဆည်းရမိခဲ့သည်။ **ဆင်ဟွာ။**

မကွေးတိုင်းဒေသကြီးအတွင်း ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးနှင့် စီမံကိန်းအကောင်အထည်ဖော်မှု ထိရောက်မှန်ကန်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဇူလိုင် ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စီမံကိန်းရုံး၌ မကွေးတိုင်းဒေသကြီး မကွေးခရိုင်နှင့် မြို့သစ်မြို့နယ် စီမံကိန်း ဦးစီးမှူးတို့အား ၂၀၁၃-၂၀၁၄ စီမံကိန်း အကောင်အထည်ဖော်မှုများအပေါ် ပြန်လည်သုံးသပ်၍ စီမံကိန်းတွင်ပါဝင်သည့် လုပ်ငန်းများ မြေပြင်တွင် အမှန်တကယ်ဖြစ်ထွန်းရေး၊ စီမံကိန်းရေးဆွဲရာတွင် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်အပေါ် အခြေခံပြီး ဒေသဖွံ့ဖြိုးမှုအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ပါဝင်စေရေး၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပေါင်းစပ်ညှိနှိုင်း၍ ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက် (Need Analysis) ဖြစ်အောင် ရေးဆွဲရန်များ မှာကြားခဲ့သည်။

ဆက်လက်၍ မင်းဘူးမြို့ ဧည့်ရိပ်သာ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ မင်းဘူးမြို့ အထောက်အကူပြုကော်မတီ(၃)ရပ်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စလင်းမြို့ မီးသတ်ဦးစီးရုံး၌ ဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းသည့် ဂါလန် ၄၀၀ ဆံ့ တိုယိုတာ အမျိုးအစား မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးအား မီးသတ်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ကာ မီးသတ်ယာဉ်၏ စွမ်းဆောင်ရည် သရုပ်ပြမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် စလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီ(၃)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အရာထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်အပေါ် အခြေခံပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် မြို့နယ်များတွင် ရပ်မိရပ်ဖများ ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဒေသရှိ ပြည်သူများ အမှန်တကယ်လိုအပ်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရန် လိုကြောင်းနှင့် ၎င်းလိုအပ်ချက်များအပေါ် အခြေခံ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များသည် စီမံကိန်းတွင် ဦးစားပေးပါဝင်ပါမှ နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် လည်းကောင်း ဘဏ္ဍာငွေများ ခွဲဝေ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စီမံကိန်းတွင် ပါဝင်နိုင်ရန် လိုအပ်မှုကို အမှန်တင်ပြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် မင်းဘူး-စကုမြို့နယ် မီးသတ်ဦးစီးရုံးသို့ ရောက်ရှိပြီး မင်းဘူး-စကုမြို့နယ်အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းပေးသည့် ဂါလန် ၈၅၀ ဆံ့ ဒေါင်ဖန်းအမျိုးအစား မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

လစာသတ်မှတ်ခြင်း

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၅)တွင် လစာသတ်မှတ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၅၁ မှ နည်းဥပဒေ ၅၉ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါ နည်းဥပဒေအချို့ကို ထုတ်နုတ်၍ ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၅၁။ ဝန်ထမ်းအဖွဲ့အစည်းများသည် ဝန်ထမ်းတစ်ဦးအား အမြဲတမ်းလစ်လပ်လျက်ရှိသည့်ရာထူးတွင် အတည်ပြုခန့်ထားပြီးဖြစ်လျှင် ယင်းရာထူး၏ မူရင်းလစာကို အနိမ့်ဆုံးလစာအဆင့်မှ စတင်ခံစားခွင့်ပြုရမည်။

နည်းဥပဒေ ၅၂။ ကနဦးလစာသည် ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ ဝန်ထမ်းတစ်ဦး စတင်ခံစားခွင့်ရှိသော လစာဖြစ်သည်။

နည်းဥပဒေ ၅၄။ (က) ချိန်နှုန်းလစာရာထူးတစ်ခုတွင် အမြဲတမ်းခန့်ထားခြင်းခံရသည့် ဝန်ထမ်းသည် နှစ်တိုးအချိန် စေ့ရောက်သည့်အခါ နှစ်တိုးခံစားခွင့်ပြုရန်စတင်လျှောက်ထားရန်မလိုဘဲ ယင်းနှစ်တိုးကို ခံစားခွင့်ရှိသည်။

(ခ) ဝန်ထမ်း၏ တာဝန်ထမ်းဆောင်မှုကျေနပ်ဖွယ်မရှိလျှင် သို့မဟုတ် စာရိတ္တပျက်ပြားလျှင် နှစ်တိုးခွင့်ပြုနိုင်သူ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက နည်းဥပဒေများပါအတိုင်း နှစ်တိုးခံစားခွင့်ကို ရပ်ဆိုင်းထားနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ)အရ နှစ်တိုးခံစားခွင့်ရပ်ဆိုင်းသည့်အခါ အောက်ပါအချက်များကို ဖော်ပြရမည်-

(၁) နှစ်တိုးရပ်ဆိုင်းသည့်ကာလ၊

(၂) နှစ်တိုးရပ်ဆိုင်းခြင်းသည် နောင်နှစ်တိုးများကို ရွှေ့သွားစေခြင်းရှိ မရှိ။

နည်းဥပဒေ ၅၇။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် အောက်ပါအချက်များကို အခြေခံပြီး ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ ပြန်တမ်းဝင်အရာရှိများအား ကြိုတင်နှစ်တိုးခွင့်ပြုရန် ကိစ္စနှင့်စပ်လျဉ်း၍ ရာထူးဝန်အဖွဲ့သို့လည်းကောင်း၊ ပြန်တမ်းဝင်အရာရှိအောက်အဆင့်ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးထံသို့ လည်းကောင်း အဆိုပြုတင်ပြ၍ သဘောတူခွင့်ပြုချက်ရယူဆောင်ရွက်ရမည်-

(က) ရာထူးအတွက် သာမန်အားဖြင့်လိုအပ်သော အရည်အချင်းထက် ထူးကဲသာလွန်သော အရည်အချင်းနှင့် အတွေ့အကြုံများ ဆည်းပူးရရှိထားသည့် ပုဂ္ဂိုလ်ကိုဝန်ထမ်းအဖြစ် စတင်ခန့်အပ်သည့်အခါ ကနဦးလစာတိုးမြှင့်သတ်မှတ်ပေးသင့်သည့်ကိစ္စဖြစ်ခြင်း၊

(ခ) လက်ရှိရာထူး၌ ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုအတွက် ဝန်ထမ်းကို ချီးမြှင့်ထိုက်သည့်ကိစ္စဖြစ်ခြင်း၊

(ဂ) အခြားလုံလောက်သော အကြောင်းထူးတစ်ခုခုကြောင့် ဝန်ထမ်းကို ကြိုတင်နှစ်တိုးပေးသင့်သည့်ကိစ္စဖြစ်ခြင်း။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ပါဠိစာပေသည် ဗုဒ္ဓဟောကြားတော်မူခဲ့သော ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်ဟူသော ဗုဒ္ဓစာပေ တစ်ခုလုံးကို မှတ်တမ်းတင်ထားသည့်စာပေဖြစ်ပါသည်။ ဗုဒ္ဓသာသနာသည် ကမ္ဘာ့နယ်ပယ်၌ ထူးခြားပြီး အလွန်အရေးပါလှသည့်အတွက် ဗုဒ္ဓသာသနာဝင်မဟုတ်သည့် နိုင်ငံများ၌ပင် ပါဠိစာပေကို အထူးအလေးထား လေ့လာကြသည်ဟု မှတ်သားဖူးပါသည်။ ပါဠိဘာသာသည် ရှေးခေတ်အိန္ဒိယပြည်မှ သက္ကတဘာသာနှင့်အတူ ယှဉ်တွဲပေါ်ထွန်းလာခဲ့ပါသည်။

မြန်မာ့အမွေ မြန်မာ့စာပေ

စေတနာမောင်

ဌာနဆိုင်ရာ အချင်းချင်းသော်လည်းကောင်း၊ ဌာနတွင်းကိစ္စများတွင်လည်းကောင်း၊ အထက်အောက် ဆက်သွယ်ရာတွင်လည်းကောင်း မြန်မာစာအရေးအသား၊ အထားအသို၊ ရေးထုံး၊ သတ်ပုံသတ်ညွှန်း စသည်တို့ အားနည်းနေသည်ကို တွေ့မြင်နေရ

မြန်မာစကားသည် ဘာသာစကားတည်ဆောက်ထားရာ၌ ပါဠိ-သက္ကတဘာသာတို့နှင့် အလွန်ခြားနားပါသည်။ သို့ရာတွင် ရှေးမြန်မာတို့သည် ဘာသာစကားပြုစုပျိုးထောင်ရာတွင် ဝေါဟာရကြွယ်ဝမှုအတွက် ပါဠိ-သက္ကတစကားလုံး မြောက်မြားစွာတို့ကို တိုက်ရိုက်တစ်ဖုံ၊ ပြုပြင်၍တစ်နည်း အမျိုးမျိုးယူငင်ကာ အသုံးပြုခဲ့ကြပါသည်။ ဤသို့တစ်ခေတ်ပြီး တစ်ခေတ် နှစ်ပေါင်းများစွာ လုပ်ဆောင်လာခဲ့သဖြင့် မြန်မာဘာသာစကားသည်လည်း ဝေါဟာရအသုံးအနှုန်း၊ အတွေးအခေါ်၊ နယ်ပယ်တို့၌ ပါဠိ-သက္ကတဘာသာတို့နှင့် များစွာနီးစပ်လာခဲ့ပါသည်။ တစ်နည်းဆိုရသော် မြန်မာဘာသာသည် ပါဠိ-သက္ကတဘာသာတို့၏ အကူအညီဖြင့် ဝေါဟာရများ ကြွယ်ဝလာခဲ့ရပါသည်။ စာပေနယ် ကျယ်ပြန့်ကြီးထွားလာခဲ့ရပါသည်။

သို့ရာတွင် စာရေးသူ၏အမြင်ကို တင်ပြရလျှင် ၂၁ ရာစု စတင်ချဉ်းနင်းဝင်ရောက်လာချိန်မှစ၍ မြန်မာစာပေကိုချစ်မြတ်နိုးသူ နည်းပါးလာသည်ကိုတွေ့မြင်ခံစားခဲ့ရပါသည်။ အလေးထားခြင်း၊ ဂရုပြုခြင်းမရှိတော့ဘဲ လွယ်လွယ်ပြော၊ လွယ်လွယ်ရေးလာခဲ့ကြရာမှ ယခုဆိုလျှင် မြန်မာစကားကို နားလည်အောင် မပြောတတ်သူများ၊ ဝါကျဆုံးအောင်ပင် မပြောနိုင်သူများ၊ ဝါကျတစ်ကြောင်း မှန်ကန်အောင် မရေးနိုင်သူများ၊ သတ်ပုံမှန်ကန်အောင် မရေးနိုင်သူများ၊ မြန်မာစာရေးထုံး မသိရှိသူများ အလွန့်အလွန်ပေါ်များလာသည်ကို တွေ့မြင်နေရပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာစာပေအတွက် များစွာရင်လေးဖွယ်ဖြစ်ပါသည်။ ထိုကိစ္စကို တည့်မတ်နိုင်ရန်အတွက် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကားကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းကြရမည်ဖြစ်သည်။ သို့မဟုတ်ပါက ဆုတ်ယုတ်ခြင်းသို့သာ ဦးတည်လျက်ရှိနေပေမည်။

ဤသို့ဖြစ်ရသည့်အကြောင်းများထဲတွင် ခေတ်စနစ်တိုးတက်လာခြင်းကို အကြောင်းပြမှုများသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ပညာရေးနယ်ပယ်ကို ကြည့်လျှင် အင်္ဂလိပ်စာတတ်မြောက်မှ ဖြစ်မည်ဟူသည့် ခံယူချက်ကြောင့် မြန်မာစာကို အလေးမထားခြင်းလည်း ပါဝင်သည်။ ငွေကြေးတတ်နိုင်သည့် မိသားစုများမှ ကလေးငယ်များဆိုလျှင် ပြင်ပကျောင်းများတွင် တက်ရောက်ပြီး အင်္ဂလိပ်စာကို အရွယ်နှင့်မလိုက်အောင် တတ်မြောက်ကြသည်ဟု ဆိုနိုင်သော်လည်း မြန်မာစာတွင်မူ အတော်အားနည်းနေသည်ကို တွေ့ရပါသည်။ အရွယ်ရောက်ပြီးသူများလည်း ထိုနည်းတူဖြစ်ပါသည်။ အမှန်မှာ မြန်မာစာကို လျစ်လျူရှုလိုက်ကြခြင်းပင် ဖြစ်ပါသည်။ ယင်းသို့ လျစ်လျူရှုလိုက်ခြင်းသည် မြန်မာစာပေ၊ မြန်မာစကား ပျောက်ကွယ်စေနိုင်သောအချက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဤကိစ္စများနှင့်ပတ်သက်၍ တစ်ဦးချင်းက အသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကြရန်လိုအပ်ပြီး မြန်မာစာပေတာဝန်ရှိသူများကလည်း ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

အလျဉ်းသင့်၍ တင်ပြလိုသည်မှာ မြန်မာစာပေနှင့် ပါဠိစာပေ ရောနှောအသုံးပြုခြင်းဖြစ်ပါသည်။ အချို့နေရာများတွင် အပ်စပ်မှုရှိသော်လည်း အချို့နေရာများတွင် တက်တက်စင်အောင် လွဲမှားနေသည်ကို တွေ့ရပါသည်။ ငှက်ဖျားနှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်တွင် အာဂန္တုက ရောဂါမဟုတ်ဟု သုံးနှုန်းထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါ စာရေးသူအနေဖြင့် ခဏတာဟူသည့် အဓိပ္ပာယ်ကို ရယူလိုဟန်တူပါသည်။ သို့သော် မူရင်းအဓိပ္ပာယ်ကို ကိတ်နာမ်ပုဒ်တွင် လေ့လာသည့်အခါ **ရောက်လာသူ** ဟု တွေ့ရှိရပါသည်။

အလားတူ အကြိမ်အရေအတွက်နှင့်ပတ်သက်၍လည်း ရောပြွမ်းသုံးနှုန်းနေသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် အစည်းအဝေးများ၊ နှစ်စဉ်ပြိုင်ပွဲများ၊ နှစ်ပတ်လည်အခမ်းအနားများနှင့်ပတ်သက်၍ တစ်ကြိမ်မှ ဆယ်ကြိမ်အထိကိုမူ ပထမ၊ ဒုတိယ စသည်ဖြင့် သုံးနှုန်းကြပြီး တစ်ဆယ်ကျော်သွားပါက (၁၁)ကြိမ်၊ (၁၂)ကြိမ် စသည်ဖြင့် သုံးကြပါသည်။ အမှန်မှာ ပထမ၊ ဒုတိယ စသည်တို့သည် ပါဠိအသုံးများပင်ဖြစ်ပါသည်။ မြန်မာစာအရ အသုံးပြုလျှင် တစ်ကြိမ်မြောက်၊ နှစ်ကြိမ်မြောက်၊ နှစ်ရက်မြောက်နေ့၊ သုံးရက်မြောက်နေ့ဟုသာ သုံးသင့်ပါသည်။ အကယ်၍ ပါဠိလိုသုံးလျှင်လည်း တောက်လျှောက်သုံးသင့်ပါသည်။ တစ်ဆယ်၏နောက်ဂဏန်းများကို ပါဠိလိုမသိ၍လောဟု စဉ်းစားစရာပင်။ ထို့ပြင် တစ်နှင့်တစ်ဆယ်အကြား ပါဠိလိုသုံးသည်ကိုပင် မှန်အောင်သုံးစွဲခြင်း မရှိသည်ကို တွေ့ရပါသည်။ ဥပမာ- ဆဋ္ဌမအကြိမ်ဟု သုံးစွဲမှုမှာ မှားယွင်းပါသည်။ အမှန်မှာ ဆဋ္ဌအကြိမ်ဟုသာ ဖြစ်ပါသည်။

စာရေးသူလေ့လာမိသမျှ တင်ပြရလျှင် ပါဠိစာပေ၌ သချ်ာနာမ်တွင် မူလသချ်ာနှင့် အနုက္ကမသချ်ာဟူ၍ နှစ်မျိုးရှိပါသည်။ ၁၊ ၂၊ ၃ စသည်ဖြင့် ရေတွက်ရသော သချ်ာသည် မူလသချ်ာဖြစ်ပါသည်။ မူလသချ်ာကို အခြားပစ္စည်းများနှင့် ဆက်၍ပြုလုပ်ရရှိသော ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် ရေတွက်ရသော သချ်ာသည် အနုက္ကမသချ်ာဖြစ်ပါသည်။ လက်ရှိမြန်မာစာပေတွင် အသုံးပြုနေမှုများကို လေ့လာကြည့်သည့်အခါ အဆိုပါသချ်ာနာမ်နှစ်မျိုးစလုံးကို ရောပြွမ်းအသုံးပြုနေဟန်တူပါသည်။ စာရေးသူဆန္ဒအရဆိုလျှင် ပါဠိလိုသုံးလိုလျှင်လည်း အစအဆုံး သုံးသင့်ပါသည်။ မြန်မာလိုသုံးလိုလျှင်လည်း အစအဆုံး မြန်မာလိုသာ သုံးသင့်ပါသည်။ ကွဲကွဲပြားပြား အသုံးပြုစေလိုပါသည်။ ဤနေရာတွင် ပါဠိလိုအသုံးပြုမည်ဆိုပါက အသုံးပြုနိုင်ရန်နှင့် ဗဟုသုတဖြစ်စေရန်အလို့ငှာ တစ်ဆယ်နောက်ပိုင်းအခေါ်များအား ဖော်ပြလိုက်ရပါသည်။

၁၁- ဧကာဒသ၊ ၁၂-ဒွါဒသ၊ ၁၃- တေရသ၊ ၁၄- စုဒ္ဒသ၊ ၁၅- ပန္နရသ၊ ၁၆- သောဠသ၊ ၁၇- သတ္တရသ၊ ၁၈- အဋ္ဌာရသ၊ ၁၉- ဧကူန ဝီသတိ၊ ၂၀- ဝီသတိ၊ ၂၁- ဧက ဝီသတိ၊ ၂၂- ဗာ ဝီသတိ၊ ၂၃- တေ ဝီသတိ၊ ၂၄- စတု ဝီသတိ၊ ၂၅- ပဉ္စ ဝီသတိ၊ ၂၆- ဆဗ္ဗီသ၊ ၂၇- သတ္တ ဗီသ၊ ၂၈- အဋ္ဌ ဝီသ၊ ၂၉- ဧကူန တိံသ၊ ၃၀- တိံသ၊ ၃၁- ဧက တိံသ၊ ၃၂- ဒွ တ္တိံသ၊ ၃၃- တေ တ္တိံသ၊ ၃၄- စတု တ္တိံသ၊ ၃၅- ပဉ္စ တိံသ၊ ၃၆- ဆ တ္တိံသ၊ ၃၇- သတ္တ တိံသ၊ ၃၈- အဋ္ဌ တိံသ၊ ၃၉- ဧကူန စတ္တာလီသ၊ ၄၀- စတ္တာလီသ၊ ၄၁- ဧက စတ္တာလီသ၊ ၄၂- ဒွေ စတ္တာလီသ၊ ၄၃- တေ စတ္တာလီသ၊ ၄၄- စတု စတ္တာလီသ၊ ၄၅- ပဉ္စ စတ္တာလီသ၊ ၄၆- ဆ စတ္တာလီသ၊ ၄၇- သတ္တ စတ္တာလီသ၊ ၄၈- အဋ္ဌ စတ္တာလီသ၊ ၄၉- ဧကူန ပညာသ၊ ၅၀- ပညာသ၊ ၆၀- သဋ္ဌိ၊ ၇၀- သတ္တတိ၊ ၈၀- အသီတိ၊ ၉၀- နဝုတိ၊

အချုပ်တင်ပြရလျှင် ဌာနဆိုင်ရာအသိုင်းအဝိုင်း၌မူ အလုပ်လျှောက်ထားမှု၊ အဆင့်တိုးစာမေးပွဲများဖြေဆိုစေသည့်အခါ အင်္ဂလိပ်စာနှင့် ကွန်ပျူတာတို့ကိုသာ အဓိကထားစစ်မေးကြပါသည်။ ပုဂ္ဂလိကလုပ်ငန်းဝန်ထမ်းခေါ်ဆိုမှုတွင်လည်း ထိုနည်းတူစွာပင် သိပ်မကွာခြားပေ။ သို့သော် မြန်မာနိုင်ငံတွင် မြန်မာစာကို ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ထားရှိသည်ကို သိစေလိုပါသည်။ သို့ဖြစ်ရာ အဆိုပါစာမေးပွဲဖြေဆိုစေသည့်အခါ မြန်မာစာကို ထည့်သွင်းမေးမြန်းရတော့မည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ဌာနဆိုင်ရာ အချင်းချင်းသော်လည်းကောင်း၊ ဌာနတွင်းကိစ္စများတွင်လည်းကောင်း၊ အထက်အောက်ဆက်သွယ်ရာတွင်လည်းကောင်း မြန်မာစာအရေးအသား၊ အထားအသို၊ ရေးထုံး၊ သတ်ပုံသတ်ညွှန်း စသည်တို့ အားနည်းနေသည်ကို တွေ့မြင်နေရပါသည်။ ထို့ကြောင့် ဤသို့သော မှားယွင်းမှုများ၊ အားနည်းချက်များကို ထိန်းကျောင်း တည့်မတ်ပေးရန် အရေးတကြီးလိုအပ်သည်ဟု စာရေးသူ ထင်မြင်မိပါသည်။ သို့မဟုတ်ပါက မြန်မာစာပေ အားနည်းရာမှ အစပြု၍ မြန်မာလူမျိုးအပါအဝင် မြန်မာ့ယဉ်ကျေးမှုပါ ထိခိုက်လာနိုင်သည်ဟု တွေးမိရင်း မြန်မာ့အမွေ မြန်မာ့စာပေကို ပစ်ပယ်မထားဘဲ ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟုသာ ဆန္ဒပြုလိုက်မိပါတော့သည်။ ။

လျှပ်စစ်ကြိုးများနှင့်မလွတ်ကင်းသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်း

မန္တလေး ဇူလိုင် ၂၂

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ (၂၂) လမ်းနှင့် (၈၆) လမ်းထောင့်၊ ရွှေတချောင်း မြောင်းကူးတံတားတိုးချဲ့ရာတွင် လမ်းထောင့်ရှိ ထရန်စဖော်မာနှင့် လျှပ်စစ်ဓာတ်တိုင်များ ရွှေ့ပြောင်းခြင်းနှင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မလွတ်ကင်းသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများဖြင့် နေ့ချင်းပြီးဆောင်ရွက်ကြသည်။

အဆိုပါ ထရန်စဖော်မာနှင့်လျှပ်စစ်ကြိုးများ၊ လျှပ်စစ်ဓာတ်တိုင်များကို ပြည်သူများ လျှပ်စစ်မီး အချိန်မီရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနန်းဝင်းဆန်း၊ အငယ်တန်းအင်ဂျင်နီယာဦးဖြိုးဝေကိုတို့က အနီးကပ်ကြီးကြပ်၍ နေ့ချင်းပြီးဆောင်ရွက်ကြရာ ညနေ ၄ နာရီ မိနစ် ၃၀ တွင် ပြီးစီး၍ လျှပ်စစ်မီး ပုံမှန်အတိုင်း ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

(ထွဏ်းလှအောင်)

နမ့်ခမ်းမြို့နယ်၌ တောင်သူပညာပေးဆွေးနွေး

လားရှိုး ဇူလိုင် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးစံပြကွက် ဧက ၅၀ ၌ စိုက်ပျိုးသည့်တောင်သူများကို ဇူလိုင် ၂၀ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ကျင့်သုံးစိုက်ပျိုးရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ အသုံးပြုရေး၊ တောင်သူအချင်းချင်းဆွေးနွေးဖလှယ်ခြင်းဖြင့် စိုက်နည်းစနစ်မှန်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာစေရေးတို့ကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆွေးနွေးဟောပြောခဲ့သည်။

မိုးစပါးစံပြကွက်ဧက ၅၀ အတွင်းရှိ တောင်သူများအား ကွန်ပေါင်းနှင့် ပုလဲဓာတ်မြေဩဇာများ၊ ရွက်ဖျန်းမြေဩဇာများ၊ ပိုးသတ်ဆေးနှင့် ရောဂါကာကွယ်ဆေးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါး (ပုလဲသွယ်)စိုက်ပျိုးထုတ်လုပ်မှုတွင် အထွက်နှုန်းအများဆုံးရရှိသည့် တောင်သူ သုံးဦးအား ငွေသားဆုများ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

❋ ပြည်သူ့လွှတ်တော်မှ

ကျပ်သိန်း(၁၀၀)အောက်ဖြစ်အောင် ဆောက်လုပ်နိုင်ခဲ့ပြီး Transformer အပါအဝင် အတွင်း/အပြင်လျှပ်စစ်လုပ်ငန်း၊ အတွင်းရေသန့်လုပ်ငန်း၊ အပြင်ရေသန့်(ပြင်ပမှရေသွယ်ခြင်းလုပ်ငန်း)၊ ရေဆိုးသန့်စင်လုပ်ငန်း၊ ရေကန်(မြေအောက်ကန်)နှင့် ရေသန့်ကျင်းလုပ်ငန်းများအပြင် ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်း၊ Box Culvert တို့ကိုပါ ပြည့်စုံစွာ စီမံဆောက်လုပ်ပေးရသဖြင့် အခန်း(၁) ခန်း၏ ကုန်ကျစရိတ်သည် (၁)ခန်းလျှင် ကျပ်သိန်း(၁၂၀) ရောက်ရှိခြင်းဖြစ်ပါကြောင်း၊ တန်ဖိုးနည်းတိုက်ခန်းများအား ကျပ်သိန်း(၁၀၀)အောက် ရောက်ရှိစေရေးအတွက် နိုင်ငံတော်မှ Infrastructure လုပ်ငန်းများအား စိုက်ထုတ်ကုန်ကျခံနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် တန်ဖိုးနည်းအိမ်ရာများအား ဝယ်ယူနိုင်စွမ်းမရှိသေးသည့် ဝင်ငွေနည်းနိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်စားများ၊ ဝင်ငွေနည်း ပြည်သူများအတွက် အငှားအိမ်ရာများကို နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ မြို့ပြစီမံကိန်းများအရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းလျက်ရှိပြီး ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာငွေခွင့်ပြုမှု၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ဘဏ္ဍာငွေခွင့်ပြုမှု၊ အိမ်ရာဆောက်လုပ်ရန် မြေနေရာရရှိမှု၊ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၏ **"တပ်မတော်နှင့် ရဲတပ်ဖွဲ့အပါအဝင် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးချိန်တွင် အခြေချနေထိုင်ရန် အရစ်ကျစနစ်ဖြင့် ပိုင်ဆိုင်နိုင်မည့် တန်ဖိုးနည်းအိမ်ရာ (သို့မဟုတ်) မြေကွက်များချထားပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးတင့်က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ ဝင်ငွေနည်း နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများ၏ နေရေးအခက်အခဲများကို ဖြေရှင်းပေးရာတွင် တန်ဖိုးနည်းအိမ်ရာများကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ရောင်းချရာတွင်လည်း အတတ်နိုင်ဆုံး တန်ဖိုးလျှော့နည်းစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ဆက်စပ်၍ တစ်နိုင်ငံလုံးရှိ မြို့ပြစီမံကိန်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်မိရပ်ဖများဖြင့် တွေ့ဆုံညှိနှိုင်းရေးဆွဲလျက်ရှိရာ လူဦးရေ(၁) သိန်းအထက်ရှိသော မြို့ကြီးများနှင့် စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ အရေးပါသော မြို့ကြီး(၅၆)မြို့တွင် မြို့ပြစီမံကိန်းများရေးဆွဲလျက်ရှိပါကြောင်း။

အဆိုပါ မြို့ပြစီမံကိန်းများတွင် ပါဝင်သည့် အိမ်ရာစီမံကိန်းများအတွက် သတ်မှတ်ထားသည့် မြေနေရာတွင် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာငွေခွင့်ပြုမှု၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ဘဏ္ဍာငွေရရှိမှုတို့အပေါ် မူတည်၍ အိမ်ရာစီမံကိန်းအမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြေကွက်နေရာချထားရေးနှင့် ပတ်သက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ရန်ကုန်မြို့တွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများအတွက် အိမ်ရာမြေကွက်ပေါင်း(၂၃၀၀၀)ခန့် ဖော်ထုတ်နေရာ

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်။

ချထားပေးခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့များတွင် မြေကွက်ပေါင်း (၁၀၀၀၀၀)ခန့် ဖော်ထုတ်နိုင်ရန်အတွက် မြို့ပြစီမံကိန်းများ ရေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများ တန်ဖိုးနည်းအိမ်ရာများကို ဘဏ်ချေးငွေစနစ်ဖြင့် အရစ်ကျဝယ်ယူနိုင်ရန်အတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်များကို ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အပြင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၏ **"သဘာဝငါးမွေးကန်များသဖွယ်ဖြစ်တည်နေသော မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းကြီး၊ ချောင်းငယ်များအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးမည့် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ (၃)(စ) အရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ရေးဆွဲအတည်ပြုထားသော ရေချိုငါးလုပ်ငန်းဥပဒေပါ တားမြစ်ချက်/ပြစ်ဒဏ်များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ဥပဒေအတည်မပြုရသေးသော တိုင်းဒေသကြီး/ပြည်နယ်များတွင် တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေ(၁၉၉၁ခုနှစ်)ပါ ဖော်ပြချက်များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်းအပါအဝင် ငါးသယံဇာတပြုန်းတီးစေသော ငါးဖမ်းနည်းစနစ်၊ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်း၊ တားမြစ်ငါးဖမ်းကာလတွင် ငါးဖမ်းဆီးခြင်းများ မပြုရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြစ်၊ ချောင်းများ၊ သဘာဝရေကန်၊ အင်းများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းအား မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများသည် ရေချိုငါးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးလုပ်ငန်း ရေပြင်အတွင်း သဘာဝငါးမျိုးများအပြင် မွေးမြူရေးငါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ ငါးအထွက်နှုန်းတိုးစေရေး၊ ကျေးလက်နေ တောင်သူများ ဟင်းစားရရှိနိုင်ရေး

နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး။

အတွက် ဌာနပိုင်ငါးသားပေါက်စခန်း(၂၆)ခုမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် သဘာဝမြစ်ချောင်းများအတွင်း ငါးသားပေါက်စိုက်ထည့်မှု၊ ဧရာဝတီမြစ်အတွင်း ငါးသားပေါက်စိုက်ထည့်မှု၊ ဆည်/ရေလှောင်တမံအတွင်း ငါးသားပေါက်စိုက်ထည့်မှု၊ စပါးခင်းများအတွင်း ငါးသားပေါက်စိုက်ထည့်မှု၊ ဂရန်အင်းများအတွင်း ငါးသားပေါက်စိုက်ထည့်မှုနှင့် တပ်မတော်/ဌာနဆိုင်ရာ ငါးမွေးကန်များအတွင်း ငါးမျိုးစိုက်ထည့်မှုများကို(၂၀၀၀-၂၀၀၁) ခုနှစ်မှစ၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ သဘာဝမြစ်ချောင်း အင်းအိုင်များ၊ ဆည်/ကန်/ရေလှောင်တမံများနှင့် စပါးခင်းများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် စီမံချက်များချမှတ်၍ နှစ်အလိုက် ငါးသားပေါက်များ မျိုးစိုက်ထည့်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍မြစ်ချောင်းများအတွင်း ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်းများအား အသိပညာပေးခြင်း၊ သတင်းရယူခြင်း၊ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းများဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများအား လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒိဒွေ့က **"မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပိုင်းကို အဆင့်မြှင့်တင်ရာတွင် လမ်းပိုင်းတစ်ခုသာမက ခံနိုင်ရည်မရှိသော တံတားများကို သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အဆင့်မြှင့်တင်ပေးရေးနှင့် ထိုသို့ လမ်း၊ တံတား အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းကို ပုဂ္ဂလိကကုမ္ပဏီများအား ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခွင့်ပေးပြီး ယင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဆောက်လုပ်မှုရှိ၊ မရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား စနစ်တကျ ကြပ်မတ်စစ်ဆေးဆောင်ရွက်စေရေး အစိုးရသို့တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို အဆင့်မြှင့်တင် တည်ဆောက်နိုင်ရန် အိန္ဒိယ Exim Bank ချေးငွေနှင့် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အိန္ဒိယချေးငွေနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက အိန္ဒိယ Exim Bank မှ သတ်မှတ်ထားသည့် စည်းကမ်းများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပုဂ္ဂလိကကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စနစ်တကျကြပ်မတ်စစ်ဆေးကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ခဲ့သည်။

(သတင်းစဉ်)

◆ အမျိုးသားလွှတ်တော်မှ

ကျောင်းအဆင့်အလိုက် ရေစနစ်တပ်ဆင်ပေးရန်စီမံချက်အား ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ပြီးမြောက်အောင် ရေးဆွဲလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ကျောင်းအလိုက် ရေအရင်းအမြစ်၊ အမျိုးအစား၊ ရေစုကန်ရှိ/မရှိ၊ ရေစင်နှင့် Overhead Tank ရှိ/မရှိ၊ လေမှုတ်စက်၊ ရေစုပ်စက်နှင့် ရေတင်စက်များ ရှိ/မရှိ၊ ပိုက်လိုင်းစနစ်စသောလိုအပ်သည့် အချက်အလက်များကိုလည်း စုစည်းလျက်ရှိပါကြောင်း။

ရေရှားပါးသော တောင်ပေါ်ဒေသများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် UNICEF, UNDP, Save The Children အဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း၊ တောင်ပေါ်စိမ့်စမ်းရေထွက်သည့်နေရာများတွင် ရေစုကန်တည်ဆောက်ပြီး ရေပိုက်များဖြင့်ပို့လွှတ်၍ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းပြီး အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်း ပိုမိုမြှင့်တင်နိုင်ရန် ယင်းလုံအိမ်သာများဆောက်လုပ်ခြင်း၊ သန့်ရှင်းသောသောက်ရေ၊ သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းသည်။

ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၈)မှ ဒေါက်တာခင်မောင်လေး။

အစည်းအဝေးတွင် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း၏ **"မြန်မာ့ကျောက်မျက်ရတနာမြေများမှ ထွက်ရှိသော ကမ္ဘာ့မှတ်တမ်းဝင် ရှားပါးကျောက်မျက်ရတနာ၊ တွင်းထွက်ရတနာများနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မြန်မာနိုင်ငံတွင် ရတနာတန်းဝင် ရှားပါးကျောက်မျက်ရတနာ အမျိုးအစား (၄၆)မျိုး ထွက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့်အတူ စုဆောင်းထားရှိသော ရှားပါးတွင်းထွက်ရတနာအမျိုးအစားများကို မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် (၂၉)ခုနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)တွင် (၁၅)ခု အမျိုးသားရတနာများအဖြစ် စုဆောင်းပြသထားပါကြောင်း၊ မြန်မာနိုင်ငံမှသာ ထွက်ရှိသော Painite နှင့် Maw Sit Sit တို့ကို နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ ကျောက်မျက်ရတနာပြတိုက်များတွင် ခင်းကျင်းပြသထားပါကြောင်း။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှိ သုတေသနဌာနက ကျောက်မျက်ရတနာများကို စနစ်တကျ စမ်းသပ်စစ်ဆေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့အဆင့်မီ ခေတ်မီဓာတ်ခွဲခန်းတစ်ခု ဖြစ်လာစေရန် အဆင့်မြင့်ကျောက်မျက်ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်တင်းစီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က အဆင့်မြင့်ဓာတ်ခွဲခန်းတစ်ခုဖွင့်လှစ်ရန် အဆင့်မြင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများ အစုံအလင်ဝယ်ယူဖြည့်တင်းထားပြီးဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၆၈ ရှိ Gems Emporium Hall တွင် ကမ္ဘာ့အဆင့်မီ ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခု ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် တည်ထောင်ဖွင့်လှစ်သွားရေး စီမံဆောင်ရွက်လျက်

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း။

ရှိပါကြောင်း ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း၏ **"အခြေခံပညာကျောင်းများကို အခြေခံ၍ နိုင်ငံအနှံ့ ပြိုင်ဆိုင်မှုပြင်းထန်သည့် အားကစားလှုပ်ရှားမှုများ ပေါ်ပေါက်လာစေရေး၊ မြို့နယ်အလိုက် Camp သွင်း လေ့ကျင့်ရေးစခန်းငယ်များ ထူထောင်ပေးနိုင်မှုအခြေအနေကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးရှိ မြို့နယ်များတွင် အားကစားကွင်း၊ အားကစားရုံများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် အားကစားကွင်း/ရုံ တည်ဆောက်ပြုပြင်မွမ်းမံမှုများ ပြုလုပ်နိုင်ရန် ဘဏ္ဍာငွေခွဲဝေမှုများကို ပြုလုပ်ပေးပြီးဖြစ်ပါကြောင်း၊ အားကစားကွင်း/ရုံများကို ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်/ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ အားကစားပြိုင်ပွဲများကို အသုံးပြုခွင့်ပေးထားပါကြောင်း၊ ပညာရေးဌာနသို့ အခါအားလျော်စွာ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်မှုပြုလုပ်ပေးလျက်ရှိပါကြောင်း။

အားကစားဝန်ကြီးဌာန၏ အားကစားကွင်း/ရုံများကို ပညာရေးဝန်ကြီးဌာနသို့ အသုံးပြုခွင့်ပေးခြင်း၊ အားကစားနည်းပြ၊ နည်းစနစ်မှူးများ လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်း၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြို့နယ်အလိုက် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ဗဟိုအဆင့် ကျောင်းသားအားကစားပွဲတော်များကို ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့၏ စီစဉ်ပံ့ပိုးမှုဖြင့် ကျင်းပပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများကို အခြေခံ၍ နိုင်ငံအနှံ့ ပြင်းထန်သည့် အားကစားလှုပ်ရှားမှုများ ပေါ်ပေါက်လာစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့တော်များတွင် ၂၀၁၄ ခုနှစ် မေလမှစ၍ ကျင်းပပေးလျက်ရှိရာ ပညာရေးမှ ကျောင်းသူ၊ ကျောင်းသားပြိုင်ပွဲဝင်များ အများစု ပါဝင်ယှဉ်ပြိုင်လျက်ရှိပါကြောင်း၊ အားကစားလေ့ကျင့်ရေးစခန်းများ၊ Camp များ ထူထောင်ရေးကိုလည်း ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **လျှပ်စစ်ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားတင်သွင်းခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၄/၂၀၁၄)ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး (၄/၂၀၁၄) ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်း၊ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ဦးနန္ဒကျော်စွာ၊ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ အဖွဲ့ဝင်များ ဖြစ်ကြသည့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းက လွှတ်တော်များ၏ ကိုယ်ပိုင်ဆုံးဖြတ် လုပ်ကိုင်နိုင်မှုနှင့် ကိုယ်စားလှယ်များ၏ အရည်အသွေးမြင့်တင်သွားရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လေ့လာသုံးသပ်ဆောင်ရွက်ရာ၌ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တို့၌ ပါဝင်သင့်သည့်အချက်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော် အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာ အဖွဲ့အစည်းအဝေး (၃/၂၀၁၄)ဆုံးဖြတ်ချက်နှင့် အညီ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများက အလှည့်ကျဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

အကြံပြုချက်များပေးပို့နိုင်

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့သော **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေအမှတ် ၉/၉၅** ကိုပြင်ဆင်ရေးဆွဲမည်ဖြစ်ရာ ဖြည့်စွက်အကြံပြုချက်များကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ပထမပတ်အရောက် ပေးပို့နိုင်ကြသည်။

တိရစ္ဆာန်ဆေးပညာ ကောင်စီဥပဒေအမှတ် ၉/၉၅အား အသေးစိတ် သိရှိလိုပါက www.mlfrd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အကြံပြုချက်များကို ရုံးအမှတ်(၃၆)၊ နေပြည်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၂၄၈၊ ဖက်(စ်)၀၆၇-၄၀၈၃၄၂ တို့သို့ ပေးပို့နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နံနက် ၆ နာရီမှ စတင်၍ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်ဘာသာများကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု ထိုရုပ်သံလိုင်းထုတ်လွှင့်ချိန်ကို ပြောင်းလဲထုတ်လွှင့်ရန်အတွက် ထုတ်လွှင့်မှုကို ဩဂုတ် ၁ ရက် မှစ၍ နိုဝင်ဘာ ၃၀ ရက်ထိ နံနက် ၆ နာရီမှ ၇ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင် ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇို)ဘာသာ အစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကယားဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်၌ စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇူလိုင် ၁၉ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁)မူကြိုကျောင်း၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third wave) လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ မွန်ပြည်နယ် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား(၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့က အမှာစကားပြောကြားပြီး မုဒုံမြို့နယ်အတွင်းရှိ မုဒုံဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၅ ဒသမ ၇၀ သိန်းနှင့် ရေတောင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၁၁ ဒသမ ၄၀ သိန်း၊ မော်လမြိုင်မြို့နယ်အတွင်းရှိ တောင်ဝိုင်း ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၄၀ ဒသမ ၁၀ သိန်းနှင့် အမျိုးသမီးဂေဟာအတွက် ငွေကျပ် ၁၆ ဒသမ ၇၄ သိန်း၊ မော်လမြိုင်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၃၁ ကျောင်းအတွက် ၁၈၆ သိန်း၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၁၉၃ ဒသမ ၂၁ သိန်း၊ ဘီးလင်းမြို့နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၆၈ ဒသမ ၁၅ သိန်းနှင့် သော်ကမြောင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၈၀ ဒသမ ၄၆ သိန်း၊ သထုံမြို့နယ်အတွင်းရှိ သထုံဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၂၅ ဒသမ ၅၀ သိန်းနှင့် ဘုရားခြောက်ဆူလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၂၃ ဒသမ ၃၆ သိန်း၊ သထုံခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၉ ကျောင်းအတွက် ၁၁၄ သိန်း၊ မုဒုံမြို့နယ် တက်ကြွလူငယ်ရိပ်သာနှစ်ခုအတွက် ငါးသောင်းစီ စုစုပေါင်းငွေကျပ် သိန်းပေါင်း ၇၆၅ ဒသမ ၆၂ သိန်းအား ပေးအပ်ထောက်ပံ့ခဲ့ကြသည်။

ဆက်လက်၍ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အတွင်းရှိ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်း(၉/၂၀၁၄) ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆင်းရဲချမ်းသာမရွေး၊ ပညာတတ်၊ မတတ်မရွေး၊ လူတန်းစားမရွေးဘဲ လူငယ်လူရွယ်များ၏ လုပ်ဆောင်ချက်အခန်းကဏ္ဍများသည် အလွန်အရေးကြီးလှပါကြောင်း၊ ပြောင်းလဲလာသော ခေတ်သစ်စနစ်သစ်နှင့် အညီ တတိယအဆင့် အရှိန်အဟုန် မြှင့်တင်မှုလုပ်ငန်းစဉ်များအတိုင်း လူငယ်လူရွယ်များ အားလုံးပါဝင် ဆောင်ရွက်ခွင့်ရရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အိမ်တွင်းမှုသက်မွေးပညာကျောင်းသို့ရောက်ရှိပြီး ကျေးရွာ ၂၅ ရွာမှ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ် ၅၀ တို့ကို နည်းပြသင်တန်းပို့ချနေမှုနှင့် ကျေးရွာ ၂၅ ရွာမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် ၅၀ တို့ကို နည်းပြသင်တန်း ဖွင့်လှစ်နေမှုတို့အား ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်ဝိုင်းဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ဘိုးဘွားများကို လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပြီး စမ်းကြီးကျေးရွာ လူငယ်သင်တန်းကျောင်းသို့သွားရောက်၍ လူငယ်လူရွယ်များအား အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးသည်။

လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၁၄)မှ (၈/၂၀၁၄) ထိ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ခရိုင်များအားလုံးနှင့် တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ရမည်းသင်းခရိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တို့မှ ကျေးရွာစုစုပေါင်း ၂၆၀ ကျော်ရွာမှ လူငယ်မောင်မယ် စုစုပေါင်း ၈၅၀ ကျော်ခန့်ကို နည်းပြသင်တန်းများပို့ချခဲ့ပြီး ဆင့်ပွားသင်တန်းများလည်း ပို့ချနေပြီဖြစ်သည့် ကျန်ရှိသောတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်းများနှင့် ဆင့်ပွားသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှုနှင့် ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၂

အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ယနေ့တွင် လွှတ်တော်အဆောက်အအုံ (I-18)၌ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့်အဖွဲ့နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှုလျင်မြန်စေရန်၊ အခွန်နစ်နာဆုံးရှုံးမှုများ မရှိစေရန်နှင့် ကုန်သွယ်ရေးဇုန်ကို ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ ကုန်စည်စီးဆင်းမှု အများဆုံးဖြစ်သော မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အား ကော်မတီများ စနစ်တကျဖွဲ့စည်းပြီး ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်နိုင်ရန်အတွက် ရေရှည်အစီအမံများ ရေးဆွဲ၍ နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပီပြင်စွာအကောင်အထည်ဖော်နိုင်ရေးအစီအမံများ ကြိုတင်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးဟန်သူအား အင်ဒိုရာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အင်ဒိုရာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

✻ နိုင်ငံတကာမှ

ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာချောချောစိန်က "နိုင်ငံရေးသိပ္ပံဘာသာရပ်ကတော့ ဘာသာရပ်အသစ်ပါ။ ဒီဇင်ဘာ ၂၀၁၃ မှစတင်ပြီး ဖွင့်တာ။ ၂၀၁၄ ဒီဇင်ဘာလမှာ ပညာသင်နှစ်အသစ် စတင်တော့မယ်။ ဒီအခါမှာ အခုရေးဆွဲနေတဲ့သင်ရိုးညွှန်းတမ်းတွေက ပညာသင်နှစ်အသစ်မှာ တက်မယ့်ကျောင်းသားတွေ အဆင်သင့်ဖြစ်အောင် အကြိုညှိနှိုင်းတဲ့သဘောပေါ့။ ဒုတိယနှစ်၊ တတိယနှစ်အထိအတွက်တော့ အကြမ်းဖျဉ်းအားဖြင့် သဘောတူညီချက်တွေရတယ်။ အချောသတ်တော့မဟုတ်သေးဘူး။ လက်ရှိသင်ကြားနေတဲ့ သင်ရိုးညွှန်းတမ်းရယ်၊ ဒီဆွေးနွေးပွဲမှာ နိုင်ငံတကာကပညာရှင်တွေနဲ့ ဆွေးနွေးထားတဲ့ သင်ရိုးညွှန်းတမ်းတွေရယ် ပေါင်းစပ်ညှိနှိုင်းပြီးတော့ အကောင်းဆုံးဖြစ်အောင်လုပ်တာပါ။"ဟု နိုင်ငံရေးသိပ္ပံဘာသာရပ်သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်ပြီး ပြောကြားသည်။

သုံးရက်ကြာ ဆွေးနွေးခဲ့သော သင်ရိုးညွှန်းတမ်းဆိုင်ရာရလဒ်များကို ပြည်တွင်းရှိ တက္ကသိုလ်များနှင့် ပြန်လည်ညှိနှိုင်းခြင်း(Board of Study)ပြုလုပ်သွားမည်ဖြစ်သည်။ လူမှုသိပ္ပံဘာသာရပ် ကျွမ်းကျင်သူဝါရင့်ဆရာကြီး ဆရာမကြီးများထံ အတည်ပြုချက်တောင်းခံ၍လည်း သင်ရိုးညွှန်းတမ်းအချောသတ်ရေးဆွဲကာ လာမည့်တက္ကသိုလ်ပညာသင်နှစ်တွင် သင်ကြားသွားမည်ဖြစ်သည်။ သတင်းအတတ်ပညာနှင့် ပတ်သက်သည့် သင်ရိုးညွှန်းတမ်းများကိုမူ အဆင့်မြှင့်တင်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က မြန်မာနိုင်ငံတွင် သင်ရိုးညွှန်းတမ်းတစ်ခုရေးဆွဲပြီးပါက အချိန်ကြာမြင့်စွာ အသုံးပြုလေ့ရှိသည်။ ယခုအစည်းအဝေးသည် နိုင်ငံတကာတွင် ပြောင်းလဲနေသည့် သင်ရိုးညွှန်းတမ်းများအတိုင်း အဆင့်မီအောင် Upgrade ပြုလုပ်ခြင်းဖြစ်ပြီး နိုင်ငံတကာသင်ရိုးညွှန်းတမ်းများအတိုင်းဖြစ်စေရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်က ပြောကြားသည်။

"အာဆီယံအသိုက်အဝန်းဖြစ်လာတဲ့အခါမှာ တစ်နေရာကနေ တစ်နေရာသို့ ကျောင်းသားအကူးအပြောင်းလုပ်မယ့် စနစ်ပေါ်လာပြီ။ အဲဒီအခါမှာ Credit Transfer System(ရမှတ်အကူးအပြောင်းပြုလုပ်ခြင်း)ဆိုတဲ့ စနစ်ဖြစ်လာမယ်။ အဲဒီအချိန်ကျရင် ကိုယ့်သင်ရိုးက အဆင့်မမီဘူးဆိုရင် ကျောင်းအကူးအပြောင်းလုပ်မယ့်ကိစ္စတွေမှာ အခက်အခဲတွေရှိလာနိုင်တယ်။ ဒါတွေအတွက်လည်း အဆင်ပြေအောင်လို့ ဆွေးနွေးညှိနှိုင်းနေတာပါ"ဟု သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာအဆင့်ကိုက်ညီရန် လိုအပ်လာရခြင်းနှင့် ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက သုံးသပ်ပြောကြားသည်။

သုံးရက်ကြာကျင်းပခဲ့သည့် လူမှုသိပ္ပံဘာသာရပ် သင်ရိုးညွှန်းတမ်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် ဗြိတိန်ရှိ Oxford University၊ အမေရိကန်နိုင်ငံရှိ Columbia University၊ George Mason University၊ Bard College National၊ စင်ကာပူနိုင်ငံရှိ National University of Singapore၊ ဩစတြေးလျနိုင်ငံရှိ Monash University၊ ဟန်ဂေရီနိုင်ငံရှိ Central European University၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Hong Kong University နှင့် ဩစတြီးယားနိုင်ငံရှိ University of Vienna မှ သက်ဆိုင်ရာ ပညာရပ်အလိုက် ပညာရှင်များပါဝင်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

(သတင်း-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်)

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မင်းကင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မင်းကင်းမြို့နယ် သင်တောကျေးရွာ အလယ်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များ၊ သင်တောကျေးရွာ အလယ်တန်းကျောင်းအတွက် Sky Net ရုပ်သံဖမ်းစက်တစ်စုံ၊ ကျောင်းဆောင်ပရိဘောဂများ ဝယ်ယူရန်အတွက် အလှူငွေကျပ်နှစ်သိန်းနှင့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် သင်တောကျေးရွာ ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ရေတွင်းတူးရန်အတွက် အလှူငွေကျပ် ငါးသိန်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သံပေါက်ကျေးရွာ မူလတန်း(လွန်)ကျောင်း၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ **(အပေါ်ပုံ)** ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်များ၊ Sky Net ရုပ်သံဖမ်းစက်တစ်စုံ၊ အမျိုးသမီးရေးရာဝတ်စုံများ၊ ရေဘေးဒုက္ခသည် အိမ်ထောင်စု ၄၁ စုအတွက် အဝတ်အထည်၊ အိုးခွက်ပန်းကန်၊ ထောက်ပံ့ငွေများနှင့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် မောက္ကတော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ Sky Net ရုပ်မြင်သံကြားဖမ်းစက်တစ်စုံ၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များနှင့် အလှူငွေကျပ်တစ်သိန်း၊ ကျောင်းဆောင်မျက်နှာကြက်အတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းနှင့် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်များကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာနှစ်အလိုက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ကိုးခု၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ဖွဲ့စည်းပေးထားသည့် လုပ်ငန်းဆပ်ကော်မတီ ၁၃ ခုတို့အား ပြင်ဆင်ဖွဲ့စည်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ကို ဖွဲ့စည်းလျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသော လုပ်ငန်းများမှာ မြေလမ်း ၁၆၃၇ မိုင်၊ ကျောက်ခင်းလမ်း(၁၂၄၇/၇)မိုင်၊ ကတ္တရာလမ်း မိုင် ၂၀၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၄၀၄ မိုင်၊ ဆိုင်ကယ်စီးမြေလမ်း ၂၁၂ မိုင်၊ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းအတွက် စုစုပေါင်း ၄၁၆၂၄ ပေ၊ ကွန်ကရစ်ရေပြွန် ၆၃၃၆ ပေ၊ တံတားကြီး/ငယ်အစင်း ၁၂၀၊ ကြိုးတံတား ငါးစင်း၊ အမက ၂၇၁ ကျောင်း၊ အလက ၂၅ ကျောင်း၊ အထက ၁၃ ကျောင်း၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၂ ရုံ၊ ဆေးပေးခန်း ၂၃ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၃၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၁ ခု၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ၃၄၈၁ ဧက၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ၆၈ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၃၈ ခု၊ သောက်သုံးရေသွယ်ယူခြင်း (၅၆/၂)မိုင်၊ မွေးမြူရေးခြံ ၂၄ ခြံ၊ ရေအားလျှပ်စစ်ကီလိုဝပ်နာရီ သန်းပေါင်း ၆၈ ဒသမ ၄၂၉ သန်း၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၁၁ ရုံ၊ စာကြည့်တိုက် အခု ၃၀၊ ဘုန်းတော်ကြီးကျောင်း ၄၆ ကျောင်း၊ သိမ် ၁၄ ခု၊ ဓမ္မာရုံ ၁၅ ခု၊ ဝန်ထမ်းအိမ်ရာ ၁၆ လုံး၊ တိုင်းရင်းသားမိသားစုဝင်များအတွက် အိမ်ရာဆောက်လုပ်ခြင်း ၂၁၁၂ လုံး၊ လျှပ်စစ်မီး သွယ်တန်းပေးခြင်း ၁၈ မိုင်၊ ရော်ဘာစိုက်ပျိုးရေးခြံ ဧက ၂၅၀၀ စသည်တို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၂၀၂၆၈၃ ဒသမ ၉၁၄ သန်းကျခံသုံးစွဲခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသအသီးသီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် လုပ်ငန်းများမှာ မြေလမ်း(၁၃၅၇/၄) မိုင်၊ ကျောက်ခင်းလမ်း(၇၅၀/၃)မိုင်၊ ကတ္တရာလမ်း (၁၃၆/၂) မိုင်၊ ဆိုင်ကယ်စီးမြေလမ်း (၅၆၅/၄)မိုင်၊ ကွန်ကရစ်တံတား ၂၀၀၉၄ ပေ၊ ကွန်ကရစ်ရေပြွန် ၁၈၇၅ ပေ၊ ကြိုးတံတား ၂၅ စင်း၊ အမက ၁၇ ကျောင်း၊ ဆေးပေးခန်း ၁၃ ခု၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ဧက ၁၀၀၊ စိုက်ပျိုးရေသွယ်ယူခြင်း (၅၆/၄)မိုင်၊ နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း ဧက ၁၃၀၀၊ ဆည်/တမံတည်ဆောက်ခြင်း ခုနစ်ခု၊ သောက်သုံးရေသွယ်ယူခြင်း (၁၄၉၇/၄)မိုင်၊ သောက်သုံးရေကန်တူးဖော်ခြင်း ၃၅ ကန့်၊ စက်ရေတွင်း ၁၁၁ တွင်း၊ လက်တူးတွင်း ၁၁ တွင်း၊ အိမ်ရာ ၂၄၇၃ လုံး၊ ဆိုလာမီး ၃၄၂၃၈ စုံ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ လေးရုံ၊ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်း၊ သိမ် နှစ်ခု၊ မြို့နယ်ခန်းမတစ်ခုတို့ ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲမည့်ငွေပမာဏမှာ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း ၇၂၆၁၁ ဒသမ ၁၂၅ သန်း၊ ပြည်နယ်/တိုင်း ဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း ၅၈၂၄၇ ဒသမ ၁၂၅သန်း စုစုပေါင်း ၁၃၀၈၅၈ ဒသမ ၂၅၀သန်း ဖြစ်သည်။

မြင့်စိုး(နတလ)

ဒက္ခိဏသီရိမြို့နယ်ရှိ ကျေးရွာ ၂၈ ရွာမှ တောင်သူလယ်သမားများအား ကန်စွန်းဥ၊ ပိန်းဥနှင့် ကညွတ်သီးနှံမျိုးပင်များ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်ဧက(၉၀၀) တောင်သူပညာပေး စိုက်ကွင်းရှင်းလင်းဆောင်၌ ကျင်းပသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ကျေးရွာ ၂၈ ရွာမှ တောင်သူလယ်သမားများအား ကန်စွန်းဥ၊ ပိန်းဥနှင့် ကညွတ်သီးနှံမျိုးပင်များပေးအပ်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ကျေးရွာတိုင်း ကျေးရွာတိုင်းတွင် ဈေးကွက်ခိုင်မာသော သီးနှံအမယ် တစ်မျိုးမျိုးကို ခိုင်ခိုင်မာမာရွေးချယ်၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် ဝယ်လက်နှင့်ရောင်းသူတို့အကြား အပြန်အလှန်ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ပြီး ခိုင်မာသောဈေးကွက် ထူထောင်နိုင်ကာ ဝယ်သူနှင့်ရောင်းသူတို့ ရေရှည်အကျိုးကျေးဇူးရရှိမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံသည့် အမယ်သစ်သီးနှံများကို ပြည်ပဈေးကွက်သို့ ချိတ်ဆက်ရောင်းချရာ၌ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရမှုကို အထူးအလေးထားနေကြ၍ ပိုးမွှားအန္တရာယ်ကင်းရှင်းခြင်း၊ ဓာတုဓာတ်ကြွင်း နည်းပါးရန်တို့အတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို အသုံးပြုစိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ ပညာရှင်များအနေဖြင့် ထွက်ရှိလာသော သီးနှံများကို အရည်အသွေးကောင်းမွန်ခြင်းအပါအဝင် ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော်နယ်မြေ၏ သဘာဝအခြေအနေပေးမှုများနှင့် တောင်သူများ၏ ကြိုးပမ်းမှုတို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေကြောင်း၊ တစ်ရာသီပြီး တစ်ရာသီကျေးရွာတိုင်း တိုးတက်မှုများမလွဲမသွေ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများနှင့် တောင်သူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက တောင်သူလယ်သမားများအား ကန်စွန်းဥ၊ ပိန်းဥ၊ ကညွတ်သီးနှံမျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သပြေကုန်းကျေးရွာရှိ ကညွတ်သီးနှံစိုက်ခင်း၊ ရွှေတောင်(၈)နှင့် ငွေချည်(၉)ချည်မျှင်ရှည်ဝါသီးနှံ စိုက်ခင်း၊ ကြံစိုက်ခင်း၊ ကညွတ်သီးနှံစိုက်ခင်း၊ ကန်စွန်းဥစိုက်ခင်း၊ ပိန်းဥစိုက်ခင်း၊ ကန်စွန်း ၁၀ ဧကစိုက်ခင်း၊ ဆီထွက်သီးနှံနေကြာသီးနှံစိုက်ခင်းနှင့် ပုလဲသွယ်နွေစပါးစပ်မျိုးစိုက်ခင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရထမင်းကျွေးရာမှ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

ရေတာရှည် ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့အရှေ့ဘက် စစ်တောင်းမြစ် တစ်ဖက်ကမ်းရှိ ဇေယျာသိမ်ကျေးရွာ အလယ်တန်းကျောင်းခွဲတွင် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါဇေယျာသိမ်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ) တွင် ကျောင်းသား ကျောင်းသူ ၂၂၈ ဦး ပညာသင်ကြားလျက်ရှိပြီး ဇူလိုင် ၂၀ ရက်တွင် စေတနာအလှူရှင်က ကြက်သားဟင်းဖြင့် အာဟာရထမင်းကျွေးခဲ့သည်။ ထိုနေ့ညပိုင်းကတည်းက ဗိုက်နာသူ အချို့ရှိခဲ့ပြီး ဇူလိုင် ၂၁ ရက်တွင် ကျောင်းတက်လာကြရာ ဝမ်းပျက်၊ ဝမ်းလျှောမှုများ ဖြစ်ပွားလာသည့်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်သဲသဲအေးက သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနများသို့ အချိန်မီသတင်းပို့ခဲ့သည်။

အဆိုပါ သတင်းရလျှင်ရချင်း ရေတာရှည်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသက်စုမော်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့လှတိုက်နယ်ဆေးရုံမှ ဒေါက်တာပန်းအိအိသန့်နှင့် ဝန်ထမ်းများ၊ ရေနီကျေးလက်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အချိန်မီသွားရောက်၍ ဇေယျာသိမ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

"မနေ့က အာဟာရအလှူရှင်က ကြက်သားဟင်းနဲ့ ထမင်းကျွေးတာ ညကြတော့ ဗိုက်နာတဲ့သူတွေ ရှိတယ်လို့ သိရတယ်။ မနက်ကြတော့ ၁၀ နာရီလောက်မှာ ကျောင်းသားတွေကော ကျောင်းသူတွေပါ ဗိုက်တွေနာပြီး ဝမ်းတွေသွားနေလို့ ကျန်းမာရေးဌာနကို သတင်းပို့လိုက်တာပါ" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်သဲသဲအေးက ရှင်းပြသည်။

ဆရာမ လေးဦး၊ ကျောင်းသား ၃၈ ဦး၊ ကျောင်းသူ ၅၈ ဦး၊ ရွာသူရွာသား ၁၃ ဦးတို့ အစာအဆိပ်သင့်မှု (မစိုးရိမ်ရ) ဖြစ်ပွားခဲ့ပြီး ည ၁၀ နာရီအထိ အနီးကပ်စောင့်ရှောက်နေရဆဲဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး တိုင်းကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ရောက်ရှိလာကာ လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ကိုလွင်(ဆွာ)

တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြောကြားရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အင်အား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မီးမီး(လှိုင်)

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အားကစားရုံ၌ ယနေ့ မွန်းလွဲပိုင်းကကျင်းပရာ သုံးယောက်တွဲ ပုံမှန်ပြိုင်ပွဲတွင် သမိုင်းအသင်းက ဓာတုဗေဒအသင်းကို အနိုင်ရရှိ၍ ပထမတံခွန်စိုက်ဒိုင်းဆုကို ဆွတ်ခူးရရှိသွားသည်။

နှစ်ယောက်တွဲပြိုင်ပွဲတွင် ရူပဗေဒအသင်းက ပထမ၊ မြန်မာစာအသင်းက ဒုတိယရရှိသည်။ ဆုများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်၏ ကျောက်မီးသွေးအရင်းအမြစ်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်

(ယမန်နေ့မှအဆက်)

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းကြောင့် အကျိုးကျေးဇူးများ တစ်ဖက်ကရရှိသလို တစ်ဖက်မှလည်း အားနည်းချက်များရှိနေပါသည်။ အဓိကအားနည်းချက်များမှာ-

(က) ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားခြင်း။ (ဥပမာ-ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့)

(ခ) သဘာဝပတ်ဝန်းကျင် ထိခိုက်စေသော ဓာတ်ငွေ့များ၊ ပစ္စည်းများထွက်ရှိခြင်း။ (ဥပမာ-ဆာလဖာဒိုင်အောက်ဆိုက်၊ နိုက်ထရစ်အောက်ဆိုက်၊ ပြဒါး)

(ဂ) အမှုန်အမွှားများထွက်ရှိခြင်း။

ဖော်ပြပါဆိုးကျိုးများကို အသက်သာနိုင်ဆုံးလျော့နည်းသွားစေမည့် သန့်ရှင်းသောကျောက်မီးသွေးနည်းပညာ (Clean Coal Technology)များ ပေါ်ပေါက်နေပြီဖြစ်၍ နိုင်ငံအများအပြားတွင် ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံများ တိုးချဲ့တည်ဆောက်လာကြခြင်းဖြစ်ပါသည်။

အဆိုပါသန့်ရှင်းသော ကျောက်မီးသွေးနည်းပညာ(Clean Coal Technology)တွင် အောက်ပါအဓိကလုပ်ငန်းစဉ်များ ပါရှိပါသည်။

(က) စက်ရုံမှထွက်ရှိလာမည့် ပြာမှုန့်နှင့် ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များလျော့နည်းစေရန် ကျောက်မီးသွေးကို ဆေးကြောခြင်း။

(ခ) Flue Gas မှ ကျောက်မီးသွေးပြာ Fly Ash ကိုဖယ်ထုတ်ရန် Electrostatic Precipitator နှင့် Fabric Filter များ အသုံးပြုဆောင်ရွက်ခြင်း။

(ဂ) ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထွက်ရှိမှုကို ၉၇ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး Flue Gas Desulfurization(FGD) အသုံးပြုဆောင်ရွက်ခြင်း။

(ဃ) Thermal Efficiency ကို နည်းပညာဟောင်းများထက် ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးနိုင်ခြင်းဖြင့် အကျိုးကျေးဇူး ပိုမိုရရှိခြင်း။

သန့်ရှင်းသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ ဖြစ်ပေါ်လာစေရေးအတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှလည်း သတ်မှတ်ချက် **(Guide Line)**များ ချမှတ်ပေးထားပါသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားပေးစက်ရုံအသစ်များတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဖန်လုံအိမ်အာနိသင်လျှော့ချနိုင်ရေး Pollution Prevention and Abatement Hand Book ကို ၁၉၉၈ ခုနှစ်တွင် စတင်အသက်ဝင်ပြဋ္ဌာန်းပေးခဲ့ပါသည်။

နိုင်ငံတော်အတွင်း မည်သည့်ဒေသမဆို ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးအတွက် လျှောက်ထားလာသူများကို အောက်ပါအတိုင်း အဆင့်ဆင့် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

(က) ဆောင်ရွက်လေ့လာလိုသည့်နေရာအတွက် နိုင်ငံတော်မှ ခွင့်ပြုချက်ရယူပြီး လေ့လာမှုပြုလုပ်ခြင်း။

(ခ) ဤအဆင့်တွင် ဆောင်ရွက်လိုသော နေရာဒေသရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရမှ အတည်ပြုချက်ရယူပြီးမှသာ လေ့လာခွင့်ပြုခြင်း။

(ဂ) စူးစမ်းလေ့လာရန် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာတင်ပြလာပြီးပါက ဝန်ကြီးဌာနမှ ကျွမ်းကျင်မှုဆိုင်ရာများ စနစ်တကျ စိစစ်ခြင်း။

(ဃ) တစ်ပြိုင်နက်တည်းမှာပင် EIA, SIA အစီရင်ခံစာများ ပြုစုတင်ပြခြင်း။ (ဂုဏ်သိက္ခာရှိသော တတိယအဖွဲ့အစည်းကို ဆောင်ရွက်စေပါသည်။)

(င) EIA, SIA အစီရင်ခံစာတင်ပြရုံသာမက သက်ဆိုင်ရာ နယ်မြေခံ/ဒေသခံပြည်သူများအား ဒေသတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြစေခြင်း၊ တင်ပြချိန်တွင်လည်း ပွင့်လင်းမြင်သာစွာ အချက်အလက်အားလုံး ရှင်းလင်းတင်ပြစေခြင်း။

(စ) ဖော်ပြပါ အထောက်အထားများ ပြည့်စုံခိုင်လုံပါက အဆင့်ဆင့်တင်ပြ၍ ဆက်လက်ဆောင်ရွက်ခွင့်ပြုခြင်း။

ဝန်ကြီးဌာနအနေဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပါ ကျွမ်းကျင်မှုစိစစ်ခြင်းကို တာဝန်ခံပြီး ကမ္ဘာ့ဘဏ်၏ သတ်မှတ်စံနှုန်းထက် မနိမ့်သော စံနှုန်းဖြင့်ဆောင်ရွက်နိုင်ကြောင်း အာမခံချက်လက်မှတ်ပါ ဆောင်ရွက်မည့် ကုမ္ပဏီထံမှ တစ်ပါတည်း တောင်းခံရယူပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု (EIA,SIA)အစီရင်ခံစာကိုမူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့တင်ပြ၍ အစစ်ဆေးခံယူပါသည်။

မိမိတို့ဝန်ကြီးဌာနတွင် အောက်ပါဒေသများ၌ အဆိုပြုသူများ လာရောက်စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

(က) BOT စနစ်(ပြည်တွင်းတိုင်းရင်းသား ရင်းနှီးမြှုပ်နှံမှု)ဖြင့်ဆောင်ရွက်ခြင်း

စဉ်	စီမံကိန်းအမည်/ တည်နေရာ/ဒေသ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)/ခန့်မှန်း ပြီးစီးမည့်ခုနှစ်	ဆောင်ရွက်မှုအဆင့်
MoU လက်မှတ်ရေးထိုးပြီးစီမံကိန်း (၂)ခု			
၁	ကွမ်းခြံကုန်း ရန်ကုန်တိုင်းဒေသကြီး Virtue Land	၃၀၀(ပ-ဆင့်) ၂၀၁၅-၂၀၁၈ ၉၉၀(ဒု-ဆင့်) ၂၀၂၁-၂၀၂၇ ၁၉၈၀(တ-ဆင့်) ၂၀၂၅-၂၀၃၀	- (၂၄-၈-၂၀၁၄)MoU ရေးထိုးပြီး။ - MoU သက်တမ်း (၂၄)လ - EIA, SIA ဆောင်ရွက်လျက်ရှိ - သီလဝါစက်မှုဇုန်နှင့် ပြည်တွင်းဓာတ်အား လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်
၂	မြိတ် တနင်္သာရီတိုင်းဒေသကြီး သန်းဖြိုးသူ	၅၀ ၂၀၁၃-၂၀၁၆	- (၂၇-၇-၂၀၁၂) MoU ရေးထိုးပြီး။ - MoU သက်တမ်း(၁၈)လ - တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လွှဲပြောင်းလာခြင်းဖြစ် - ကျွမ်းကျင်မှုဆိုင်ရာ စိစစ်ဆဲ - မြိတ်ခရိုင်ဒေသအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်
	စုစုပေါင်း	**၃၃၂၀**	

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(ဖက်စပ်ပိုင်)JV/B.O.T စီမံကိန်းများ

စဉ်	**စီမံကိန်းအမည်/ တည်နေရာ/ဒေသ**	**တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)/ခန့်မှန်း ပြီးစီးမည့်ခုနှစ်**	**ဆောင်ရွက်မှုအဆင့်**
MoU လက်မှတ်ရေးထိုးပြီးစီမံကိန်း (၇)ခု			
၁	ထန်းတပင် ရန်ကုန်တိုင်းဒေသကြီး Huaneng Lancang + Htoo	၂၇၀ ၂၀၁၅-၂၀၁၈	- (၁၁-၁-၂၀၁၀) MoU ရေးထိုးပြီး။ - ကျွမ်းကျင်မှုဆိုင်ရာ အတည်ပြုပြီး။ - EIA \ SIA ပြုစုဆဲ။ - ဆိပ်ကမ်းနေရာအခက်အခဲကြောင့် ဖြစ်နိုင်ခြေနည်းပါး။ - မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်။
၂	သီလဝါ ရန်ကုန်တိုင်းဒေသကြီး Toyo-Thai	၆၅၀(ပ-ဆင့်) ၂၀၁၅-၂၀၁၈ ၂၀၀၀(ဒု-ဆင့်) ၂၀၁၉-၂၀၂၄ ၃၀၀၀(တ-ဆင့်) ၂၀၂၅-၂၀၃၀	- (၂၁-၃-၂၀၁၃) MoU ရေးထိုးပြီး။ - ကျွမ်းကျင်မှုဆိုင်ရာ လေ့လာမှုစိစစ်ဆဲ။ - တနင်္သာရီတိုင်းဒေသကြီး၊ ရေးသို့ပြောင်း ရွှေ့ရန် အဆိုပြုထား - မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်။
၃	ကျောက်တန်း ရန်ကုန်တိုင်းဒေသကြီး Orange Power gen + Global Advisors + Diamond Palace	၆၀၀(ပ-ဆင့်) ၂၀၁၆-၂၀၁၉ ၇၀၀(ဒု-ဆင့်) ၂၀၂၅-၂၀၂၈	- (၈-၁၀-၂၀၁၃) MoU ရေးထိုးပြီး။ - MoU သက်တမ်း (၈)လ - ကျွမ်းကျင်မှုဆိုင်ရာ လေ့လာမှုစိစစ်ဆဲ။ - သီလဝါစက်မှုဇုန်နှင့် ပြည်တွင်းဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်။
၄	ငရုတ်ကောင်း ဧရာဝတီတိုင်းဒေသကြီး TATA Power	၂၇၀(ပ-ဆင့်) ၂၀၁၅-၂၀၁၈ ၂၇၀(ဒု-ဆင့်) ၂၀၂၁-၂၀၂၅	- (၁၁-၄-၂၀၁၃) MoU ရေးထိုးပြီး။ - MoU သက်တမ်း (၃၀)လ - ကျွမ်းကျင်မှုဆိုင်ရာလေ့လာမှုစိစစ်ဆဲ။ - မြေနေရာအခက်အခဲကိစ္စ ကုမ္ပဏီနှင့် တိုင်းဒေသကြီးအစိုးရ ညှိနှိုင်းဆောင်ရွက်ဆဲ။ - ငရုတ်ကောင်း(ဧရာဝတီ)စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်စေရန်။
၅	ကလေးဝ စစ်ကိုင်းတိုင်းဒေသကြီး ISDN+Tun Thwin	၂၇၀(ပ-ဆင့်) ၂၀၁၅-၂၀၁၈ ၂၇၀(ဒု-ဆင့်) ၂၀၂၀-၂၀၂၄	- (၂၇-၅-၂၀၁၀) MoU ရေးထိုးပြီး။ - ကျွမ်းကျင်မှုဆိုင်ရာ အတည်ပြုပြီး။ - EIA/SIA လေ့လာဆဲ။ - FA ညှိနှိုင်းဆွေးနွေးဆဲ။ - ပြည်တွင်းကျောက်မီးသွေးအရင်းအမြစ်ကို အသုံးချ၍ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်။
၆	ကျိုင်းတုံ ရှမ်းပြည်နယ်(အရှေ့) Lumpoondum	၆၀၀ ၂၀၁၅-၂၀၁၈	- (၁-၁၀-၂၀၁၃) MoU ရေးထိုးပြီး။ - MoU သက်တမ်း (၆)လ - ကျွမ်းကျင်မှုဆိုင်ရာ အတည်ပြုပြီး။ - EIA/SIA လေ့လာဆဲ။ - ပြည်တွင်းကျောက်မီးသွေးအရင်းအမြစ်ကို အသုံးချ၍ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်။
၇	ဘုတ်ပြင်း တနင်္သာရီတိုင်းဒေသကြီး 24 Hour	၂၅၀(ပ-ဆင့်) ၂၀၁၅-၂၀၁၈ ၂၅၀(ဒု-ဆင့်) ၂၀၂၄-၂၀၂၇	- (၂၁-၉-၂၀၁၂) MoU ရေးထိုးပြီး။ - MoU သက်တမ်း (၃၀)လ - ကျွမ်းကျင်မှုဆိုင်ရာ လေ့လာမှုစိစစ်ဆဲ။ - တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်။
	စုစုပေါင်း	**၉၄၀၀**	

MoU များရေးထိုးရာတွင် ရန်ကုန်နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်လာမည့် စက်မှုဇုန်များ အထူးစီးပွားရေးဇုန်များ အပါအဝင် ထပ်တိုးလိုအပ်လာမည့် ဓာတ်အားဖြည့်ဆည်းရန်အတွက် ထန်းတပင်၊ သီလဝါ၊ ကျောက်တန်းဒေသများတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အထူးစီးပွားရေးဇုန်နှင့် ထပ်တိုးလိုအပ်မည့်ဓာတ်အားအတွက် ငရုတ်ကောင်းဒေသတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်များဖွံ့ဖြိုးရေးအတွက် ပြည်တွင်းရှိကလေးဝကျောက်မီးသွေးတွင်းမှ ထွက်ရှိမည့် ကျောက်မီးသွေးကို အခြေခံ၍ ကလေးဝဒေသတွင်လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသဖွံ့ဖြိုးရေးအတွက် ပြည်တွင်းကျောက်မီးသွေးသုံးစွဲ၍ ကျိုင်းတုံဒေသတွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးရေးနှင့် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ဘုတ်ပြင်းဒေသတွင်လည်းကောင်း ဒေသလိုအပ်ချက် အသီးသီးအပေါ် အခြေခံ၍ တည်ဆောက်သွားရန် **စာမျက်နှာ ၁၁ သို့** ❀

❁ စာမျက်နှာ ၁၀ မှ

လျာထားဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရန်ကုန်/ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ဆောင်ရွက်ရန် လျာထားသော ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ တပ်ဆင်စက်အင်အားမှာ ၈၅၄၈ ဒသမ ၆ မဂ္ဂါဝပ်ရှိပါသည်။ သို့ပါ၍ ၂၀၃၀ ခုနှစ်တွင် ဖြစ်ပေါ်လာရမည့် တစ်နိုင်ငံလုံး တပ်ဆင်စက်အင်အား လိုအပ်ချက်၏ ၆၇ ရာခိုင်နှုန်းခန့် ရှိပါသည်။ ရန်ကုန်/ဧရာဝတီနှင့် မြန်မာပြည်အောက်ပိုင်း ဒေသများသည် နောင်တွင် အဓိကဓာတ်အား သုံးစွဲမည့်ဒေသများ ဖြစ်လာမည်ဖြစ်၍ တိုးချဲ့ဆောင်ရွက်သင့်ပါကြောင်းလည်း တင်ပြအပ်ပါသည်။

ဆက်လက်၍ တင်ပြလိုသည်မှာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်သည့် ခေတ်မီအဆင့်မြင့်နည်းပညာများ ပေါ်ပေါက်လာပြီဖြစ်၍ အချို့ကမ္ဘာ့နိုင်ငံကြီးများတွင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများအား လူနေမြို့များနှင့် နီးကပ်စွာပင် တည်ဆောက်အသုံးပြုလာကြသည်ကို လေ့လာတွေ့ရှိပါသည်။ ဥပမာအားဖြင့် တင်ပြရပါလျှင် ဂျပန်နိုင်ငံ Mikawa ပင်လယ်အော်၊ Aichi ပြည်နယ်တွင် စက်တပ်ဆင်အင်အား ၄၁၀၀ မဂ္ဂါဝပ်ရှိ Hekinan ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံသည် လူနေထူထပ်မှု များပြားသော Hekinan မြို့အနီး ၄ ကီလိုမီတာခန့် အကွာတွင်သာ တည်ဆောက်ထားရှိသည်ကို ဖော်ပြပါပုံအတိုင်း တွေ့မြင်ရမည်ဖြစ်ပါသည်။

Hekinan ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ

ဂျပန်နိုင်ငံရှိ လူနေမြို့နှင့် နီးကပ်စွာ တည်ဆောက်ထားသည့် Hekinan ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ။

၎င်းအပြင် Yokohama တွင် တပ်ဆင်စက်အင်အား ၁၂၀၀ မဂ္ဂါဝပ်ရှိ Isogo ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသည် လူနေထူထပ်သော Isogo ရပ်ကွက်နှင့် ၄ ဒသမ ၅ ကီလိုမီတာခန့်အကွာတွင်သာ တည်ဆောက်လည်ပတ်နေခြင်းဖြစ်ကြောင်းလည်း ဖော်ပြပါပုံအတိုင်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။



ဂျပန်နိုင်ငံ၏ Isogo ဓာတ်အားပေးစက်ရုံ။



ဂျပန်နိုင်ငံရှိ လူနေမြို့နှင့် နီးကပ်စွာ တည်ဆောက်ထားသည့် Isogo ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ။

အဆိုပါ Isogo ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသည် ၁၉၆၇ ခုနှစ်တွင် ၂၆၅×၂=၅၃၀ မဂ္ဂါဝပ် ဖြင့် စတင်လည်ပတ်ခဲ့ပြီး ခေတ်မီနည်းပညာများ ပေါ်ပေါက်လာချိန်တွင် စက်ရုံအား အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ပြီး ၂၀၀၉ ခုနှစ်တွင် ၁၂၀၀ မဂ္ဂါဝပ်ဖြင့် ပြန်လည်မောင်းနှင် လည်ပတ်ခဲ့ပါသည်။ သို့ပါ၍လည်း တည်ဆောက်ပြီးစီးသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများအား ခေတ်မီနည်းပညာများ ထပ်မံပေါ်ပေါက်လာပါက ပြန်လည်အဆင့်မြှင့်တင် မွမ်းမံသွားနိုင်မည်လည်း ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် နောင်နှစ်ပေါင်းများစွာအတွက် ဓာတ်အားလိုအပ်ချက်ပမာဏ ကြီးမားကြောင်း သိရှိနေကြပြီးဖြစ်သည့် အားလျော်စွာ ဆောင်ရွက်ရမည့် ပမာဏမှာလည်း ပျမ်းမျှနှစ်စဉ် မဂ္ဂါဝပ် ၈၀၀ မှ ၁၀၀၀ ခန့်ထိ ပုံမှန်တိုးတက်ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

မိမိတို့သည် ကမ္ဘာ့အဆင့်ဖြင့် သတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သတ်မှတ်ချက်များနှင့် အညီလည်း ဆောင်ရွက်သွားပါမည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု စိစစ်ချက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ခွင့်ပြုပြီးနောက် ရင်းနှီးမြှုပ်နှံသူများကြောင့် ထိခိုက်နစ်နာမှု ဆိုးကျိုးများ မဖြစ်ပေါ်စေရေးလည်း ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နည်းပညာများမှာ အချိန်နှင့်အမျှ တိုးတက်နေသည့်အတွက် စနစ်တကျ စိစစ်နိုင်ရန်လိုအပ်ပါက အတိုင်ပင်ခံအဖွဲ့ ငှားရမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (၁င/၅၇၀၆)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)





အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ယ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ်(၅၈၂)နေ ဒေါ်မြတ်သန္တာအောင် (ဘ)ဦးကြီးမြင့်[၁၂/ဥကမ(နိုင်)၁၇၅၂၄၈]နှင့် ဦးမျိုးဆွေ(ဘ) ဦးမြဝင်း [၁၂/မရက(နိုင်)၀၂၄၂၁၄]တို့သည် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပြီး ခင်ပွန်း ဦးမျိုးဆွေသည် စင်ကာပူနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ရာ ၉-၇-၂၀၁၄ ရက် ၁၄း၅၀ နာရီတွင် စင်ကာပူနိုင်ငံမှမြန်မာနိုင်ငံသို့ လေကြောင်းလိုင်းဖြင့် ပြန်လည်ရောက်ရှိလာသည်ကို စုံစမ်းသိရှိခဲ့ပါသော်လည်း ဇနီးဖြစ်သူ ဒေါ်မြတ်သန္တာအောင်၏ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိခဲ့ပါ။ ယင်းကိစ္စအား မြောက်ဥက္ကလာပမြို့မရဲစခန်းတွင်လည်း လူပျောက်အမှတ်စဉ် (၄၆/၂၀၁၄)ဖြင့် လူပျောက်တိုင်တန်းချက် ဖွင့်လှစ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးမျိုးဆွေအား ဇနီးဖြစ်သူ နှင့် မိဘဆွေမျိုးသားချင်းများအားလုံး စိတ်ပူနေပါသဖြင့် ဇနီးဖြစ်သူဒေါ်မြတ်သန္တာအောင်ထံသို့ အမြန်ပြန်လာပါရန်နှင့် ဖြားယောင်း၊ သွေးဆောင်၊ လက်ခံခေါ်ယူထားသူအား တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြတ်သန္တာအောင်[၁၂/ဥကမ(နိုင်)၁၇၅၂၄၈]

ဒရာမာဇာတ်ကားသစ်တွင် အတူတွဲမြင်တွေ့ရဦးမည့် ဟောလိဝုဒ်ငွေကြယ်ပွင့်စုံတွဲ

ဟောလိဝုဒ်ငွေကြယ်ပွင့်စုံတွဲဖြစ်သည့် အိန်ဂျလီနာဂျိုလီနှင့် ဘရက်ပစ်ဒ်တို့စုံတွဲကို ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေး၏ ဇာတ်ကားသစ်ဖြစ်သည့် By the Sea ဒရာမာဇာတ်ကားသစ်တွင် ထပ်မံအတူမြင်တွေ့ရဦးမည်ဖြစ်ပြီး ယင်းဇာတ်ကားသစ်ကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဂျိုလီက တာဝန်ယူပုံဖော်သွားမည်ဖြစ်ကြောင်း ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဥက္ကဋ္ဌဖြစ်သူ Donna Langley က အတည်ပြုပြောကြားခဲ့သည်။

၂၀၀၅ ခုနှစ်က Mr. & Mrs. Smith ဇာတ်ကားတွင် အတူဆုံတွေ့ခဲ့ကြဖူးသည့် ဘရက်ပစ်ဒ်နှင့် ဂျိုလီတို့သည် ယခုဇာတ်ကား၏ ထုတ်လုပ်ရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုလက်ရှိတွင် ဂျိုလီသည် ဒုတိယကမ္ဘာစစ်အတွင်းက အပြေးချန်ပီယံဟောင်းတစ်ဦးဖြစ်သူ လူးဝစ်ဇန်ပါရီနီ၏ Unbroken အတ္ထုပ္ပတ္တိဇာတ်ကား ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အလုပ်များလျက်ရှိနေပြီး ယင်းလုပ်ငန်းများပြီးသည်နှင့် By the Sea ဇာတ်ကားသစ်ကို ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဘရက်ပစ်ဒ်နဲ့ ဂျိုလီတို့နှစ်ဦးဟာ ဟောလိဝုဒ်ရဲ့ စံထားလောက်တဲ့ ငွေကြယ်ပွင့်တွေဖြစ်ပါတယ်၊ သူတို့ ပူးပေါင်းပြီး ဘယ်လိုဆွဲဆောင်မှုရှိတဲ့ ဇာတ်ကားတွေ ဖန်တီးမလဲဆိုတာတော့ ရင်ခုန်စွာ စောင့်ကြည့်ရဦးမှာပါ"ဟု ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ မန္တလေးမြို့သို့ လာရောက်လေ့လာ

မန္တလေး ဇူလိုင် ၂၂

ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်ကြီးများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လေ့လာမှုများရှိရာ ရှေ့ပြေးကုမ္ပဏီ ၂၀ ခန့်ပါဝင်သောအဖွဲ့သည် ဇူလိုင် ၂၁ ရက်က မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် ထိုင်း-မြန်မာစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံကြသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားကာ ထိုင်းနိုင်ငံမှ Mr.Boon Intiratana က လာရောက်လေ့လာခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ထို့နောက် ထိုင်း-မြန်မာနှစ်နိုင်ငံကုန်သည်များက မိမိတို့နယ်ပယ်အလိုက် တွေ့ဆုံဆွေးနွေးကြပြီး စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ကြသည်။

ထိုင်းနိုင်ငံမှ လာရောက်လေ့လာသောအဖွဲ့တွင် ရှေ့ပြေးကုမ္ပဏီ ၂၀ ခန့်ပါရှိပြီး လယ်ယာသုံးထရပ်၊ ထွန်စက်စသည့် စက်ပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်း၊ မော်တော်ကား၊ ဆိုင်ကယ်တာယာနှင့် အပိုပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံးရော်ဘာပစ္စည်း အမျိုးမျိုးထုတ်လုပ်သည့်လုပ်ငန်း၊ ဟိုက်ဒရောလစ်ဆလင်ဒါ၊ ပန့်ထုတ်လုပ်သည့်လုပ်ငန်း၊ ဆောက်လုပ်ရေးသုံး ကြွေပြားထုတ်လုပ်ရေးလုပ်ငန်း၊ မီးသတ်ဘူး၊ သော့နှင့် လုံခြုံရေးပစ္စည်းလုပ်ငန်း၊ အဆင့်မြင့်ရေခဲမုန့်လုပ်ငန်း၊ အရည်အသွေးကောင်းဆန်လုပ်ငန်း၊ ကလေးစီးစက်ဘီးနှင့် တောင်တက်စက်ဘီးလုပ်ငန်း၊ အဆောက်အအုံ ဓာတ်အားပေး စက်ရုံဆောက်လုပ်မှုအင်ဂျင်နီယာအကြံပေးဝန်ဆောင်မှုလုပ်ငန်းနှင့် ဘူး၊ သေတ္တာနှင့် ဖြတ်စက်လုပ်ငန်းတို့ပါဝင်သည်။

အဆိုပါလေ့လာရေးအဖွဲ့သည် ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ Summit Park View ဟိုတယ်တွင် ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၀၀၂)

လက်ထပ်သည့်ကောလာဟလများကို ငြင်းဆိုခဲ့သည့် One Direction အဖွဲ့ဝင် ဇန်

မျိုးစန္ဒာမောင် - စုစည်းသည်

လူငယ်ဂီတအဖွဲ့ One Direction မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဇန်က ၎င်း၏ချစ်သူ ပါရီးအတ်ဝပ်ထ်နှင့် လက်ထပ်ပြီးကြောင်း ကောလာဟလများ ထွက်ပေါ်လာမှုများနှင့် ပတ်သက်ပြီး ယင်းသတင်းများမှာ မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး ဂီတကြယ်ပွင့်များဖြစ်ကြသည့် ဇန်နှင့် ပါရီးအတ်ဝပ်ထ်တို့သည် ယမန်နှစ် ဩဂုတ်လအတွင်းက စေ့စပ်ကြောင်းလမ်းခဲ့ကြခြင်းဖြစ်ပြီး လက်မထပ်ရသေးကြောင်း ၎င်းတို့၏ စေ့စပ်လက်စွပ်ပုံကို ဖော်ပြပြီး ဇန်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အွန်လိုင်းသတင်းဌာနတစ်ခုသို့ ဖြေကြားခဲ့သည်။

ဗြိတိန်တေးဂီတအဖွဲ့ Little Mix မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပါရီးအတ်ဝပ်ထ်က အချိန်တန်လျှင် အားလုံးအမှန်အတိုင်း သိလာမည်ဖြစ်သည့်အတွက် အဆိုပါသတင်းနှင့်ပတ်သက်ပြီး မည်သည့် စိုးရိမ်မှုမျှမရှိပါကြောင်း ပြောကြားခဲ့သည်။

One Direction အဖွဲ့သည် ၎င်းတို့အဖွဲ့၏ တတိယမြောက် စတူဒီယိုအယ်လ်ဘမ် Midnight Memories ၏ ပရိုမိုးရှင်းဖျော်ဖြေပွဲအဖြစ် Where We Are Tour ဂီတဖျော်ဖြေပွဲကို ယခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ကျင်းပသွားမည်ဖြစ်ပြီး လာမည့် ၂၀၁၅ ခုနှစ်တွင် On the Road Again Tour အမည်ရှိ ဖျော်ဖြေပွဲကို ဩစတြေးလျ၊ အာရှဒေသ၊ တောင်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

◆

၂၀၁၄ – ၂၀၁၅ ပရီမီယာလိဂ် အဖွင့်ပွဲစဉ် (၅) ခုမှ ကြီး (၅) ကြီးကို ချဉ်းကပ်ကြည့်ခြင်း

ဝင်းထွင့်ဦး

၂၀၁၄-၂၀၁၅ ပရီမီယာလိဂ် ပွဲစဉ်ဇယားများ ပြီးခဲ့သည့် ဇွန် ၁၈ ရက်နေ့ကတည်းက ထွက်ပေါ်လာခဲ့သည်။ ဩဂုတ် ၁၆ ရက်တွင်စတင်မည့်ပွဲစဉ်(၁)မှ ၂၀၁၅ မေ ၂၄ ရက်တွင် အဆုံးသတ်မည့် ပွဲစဉ်(၃၈)အထိ တစ်ရာသီလုံး ပွဲစဉ်ဇယားကို ပရီမီယာလိဂ်ချစ်ပရိသတ်အများစုမှာ စိတ်ဝင်တစားဖြင့် ကြိုတင်ခံစားပြီး သုံးသပ်ဝေဖန်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ ၂၀၁၄-၂၀၁၅ ပွဲစဉ်ဇယားသည် ပြီးခဲ့သည့် ဘောလုံးရာသီများက ပွဲစဉ်များကဲ့သို့ စိတ်ဝင်စားစရာကောင်းနေသည်ဟုပြောနိုင်သည်။ ရာသီအစအဖွင့်ပွဲစဉ် (၅)ခုမှ တစ်လတာကာလအတွင်းမှာပင် အသင်းကြီးငါးသင်း၏ ပြိုင်ဆိုင်မှုမှာ အပြင်းအထန်ဆုံးရောက်ရှိမည့် အနေအထားကို တွေ့မြင်နေရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ၈၆ မှတ်နှင့် အမှတ်ပေးချန်ပီယံဆုရယူခဲ့သည့် ပယ်လီဂရီနီ၏ **မန်စီးတီးအသင်း**သည် ပြိုင်ပွဲအဖွင့်ပွဲစဉ်(၁)အဖြစ် နယူးကာဆယ်အသင်းနှင့် အဝေးကွင်းပွဲကစားရမည်ဖြစ်သည်။ ပွဲစဉ်(၂)တွင် မနှစ်က ချန်ပီယံဆုပြိုင်ဘက်ဖြစ်ခဲ့သည့် ရော်ဂျာ၏ လီဗာပူးကို အိမ်ကွင်းမှာဧည့်ခံကစားရမည်။ ပြီးလျှင်အိမ်ကွင်း၌ပင် စတုတ်စီးတီးကို ထပ်မံဧည့်ခံကစားပေးရမည်ဖြစ်သည်။ အိမ်ကွင်းနှစ်ပွဲဆက်အပြီးတွင် ထိပ်တန်းအသင်းကြီးစာရင်းဝင် အာဆင်နယ်အသင်း၏ အိမ်ကွင်းမှာ ပွဲစဉ်(၄)၊ အဝေးကွင်းပွဲသွားကစားရမည်၊ အာဆင်နယ်အသင်းနှင့်အပြီးတွင် ချန်ပီယံလိဂ်ပွဲကစားရမည်ဖြစ်သလို ဥရောပပြိုင်ပွဲအပြီးမှာ ချန်ပီယံလုဘက်အသင်းတစ်သင်းဟုပြောရမည့် မော်ရင်ဟို၏ချယ်လ်ဆီးနှင့်အိမ်ကွင်းမှာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မန်စီးတီးသည် ရာသီသစ်အစပိုင်းပွဲစဉ် (၅)ပွဲ၌ပင် အသင်းကြီး သုံးသင်းနှင့် ထိပ်တိုက် ဆုံတွေ့ရမည်ဖြစ်သဖြင့် ယခုနှစ်ရာသီကို ပွဲကျပ်များနှင့်စတင်ဖွင့်လှစ်ဖြတ်သန်းရတော့မည်ဟု ပြောနိုင်သည်။ ချီလီနိုင်ငံသား နည်းပြပယ်လီဂရီနီအနေဖြင့် ချန်ပီယံဆု ကာကွယ်နိုင်ဖို့ဆိုလျှင် ရာသီအစ အဖွင့်ပွဲစဉ်များကို အထူးဂရုစိုက်ရတော့မည့် အနေအထားဖြစ်နေသည်။

ပြီးခဲ့သည့်ရာသီက နောက်ဆုံးပိတ်ပွဲစဉ်ရောက်မှ ချန်ပီယံဆုနှင့်လွဲခဲ့ရသည့် ရော်ဂျာ၏ **လီဗာပူးအသင်း**သည် ယခုနှစ်ရာသီအဖွင့်ကို အိမ်ကွင်းပွဲစဉ်နှင့် စတင်မည်ဖြစ်သည်။ မနှစ်က အဆင့်(၈)နေရာရယူနိုင်ခဲ့သည့် ဆောက်သမ်တန်နှင့် အိမ်ကွင်းပွဲကစားရမည်ဖြစ်ပြီး နောက်နှစ်ပွဲဆက် ချန်ပီယံမန်စီးတီး-တော့တင်ဟမ်(အဆင့် ၆)တို့နှင့် အဝေးကွင်းပွဲစဉ်အဖြစ် ကစားရမည်ဖြစ်ပြီး ပွဲစဉ်(၄)မှာ အက်စတွန်ဗီလာ(အဆင့်-၁၅)နှင့်အိမ်ကွင်းပွဲပြီးလျှင် ဝက်စ်ဟမ်း၏ အိမ်ကွင်းမှာ ပွဲစဉ်(၅)ကိုသွားကစားရမည်ဖြစ်သည်။ လီဗာပူးလ်အသင်း၏ ရာသီအဖွင့် ပထမဆုံးငါးပွဲကိုကြည့်လျှင် မန်စီးတီးအသင်းလောက်ပွဲမကျပ်ဟုဆိုနိုင်သော်လည်း နည်းပြရော်ဂျာအနေဖြင့် ပြိုင်ဘက်အသင်းများကို လျှော့တွက်မည်ဆိုလျှင် ရမှတ်ဆုံးရှုံးမှု များသွားနိုင်သည့် အနေအထားဖြစ်နေပေသည်။

မော်ရင်ဟို ဒုတိယမြောက်ရာသီအဖြစ်ကိုင်တွယ်မည့် လန်ဒန်အခြေစိုက်**ချယ်လ်ဆီးအသင်း**၏ ယခုနှစ်ရာသီအဖွင့်ပွဲစဉ်(၅)ပွဲတွင် ပြိုင်ဘက်အသင်းကြီးများနှင့်ထိပ်တိုက်တွေ့ဆုံသည့် ပွဲနှစ်ပွဲ ပါဝင်နေသည်။ ပွဲစဉ်(၃)တွင် အဲဗာတန် နှင့်အဝေးကွင်းပွဲ၊ ပွဲစဉ်(၅)မှာလည်း မန်စီးတီးနှင့် အဝေးကွင်းပွဲတို့ဖြစ်သည်။ ရာသီသစ်အဖွင့်ပွဲစဉ် နှစ်ပွဲဆက်တိုက်မှာတော့ တန်းတက်အသင်းများ ဖြစ်သည့် ဘန်လေ၊ လက်စတာတို့နှင့်ကစားရမည်ဖြစ်၍ ပြိုင်ဘက်အသင်းကြီးများအချင်းချင်း ထိပ်တိုက်ဆုံတွေ့ပြီး ပွဲကျပ်နေသည်ကို အခွင့်ရေးကောင်းတစ်ခုအဖြစ် အရယူသွားရန် ရာခိုင်နှုန်းများနေသည်ကို တွေ့ရသည်။ **ဆက်လက်ဖော်ပြပါမည်။**

မန်ယူနောက်ခံလူ အီဗရာအား ဂျူဗင်တပ်ခေါ်ယူ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူနောက်တန်းကစားသမား ပက်ထရစ်အီဗရာအား ပြောင်းရွှေ့ကြေးပေါင် ၁ ဒသမ ၂သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်းသိရသည်။ အသက်(၃၃)နှစ်အရွယ် ပြင်သစ်ဘယ်နောက်ခံလူ အီဗရာသည် မန်ယူအသင်း၌ ရှစ်နှစ်နှင့် ခြောက်လကြာကစားခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

နောက်တန်းကစားသမား အီဗရာသည် ၂၀၀၆ ခုနှစ် ဇန်နဝါရီလက ပြင်သစ်ကလပ်မိုနာကိုအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၅ ဒသမ ၅ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား ငါးကြိမ်အထိ ရယူပေးနိုင်ခဲ့သည်။

အီဗရာသည် မန်ယူအသင်း၌ ဆက်ရှိရန်အတွက် မေလအတွင်းက တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့သော်လည်း ဂျူဗင်တပ်အသင်း၏ ကမ်းလှမ်းမှုကိုခံခဲ့ရခြင်းကြောင့် မန်ယူအသင်းမှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဂျူဗင်တပ်အသင်းနှင့် စာချုပ်လိုက်ခြင်းဖြစ်သည်။

အီဗရာသည် မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၃၇၉ ပွဲကစားပေးထားပြီး ၂၀၀၈ ခုနှစ်က ချန်ပီယံလိဂ်ဖလား တစ်ကြိမ်ရယူပေးနိုင်ခဲ့သည်အပြင် လိဂ်ဖလားသုံးကြိမ်နှင့် ကလပ်အသင်းများ ကမ္ဘာ့ဖလားတစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်အသင်းသည် လက်ရှိတွင် အီဗရာအား ပြောင်းရွှေ့ကြေးပေါင် ၁ ဒသမ ၂ သန်းပေးလိမ့်မည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိပါက ပေါင် ၃၀၀၀၀၀ ထပ်ဆောင်းပေးမည်ဖြစ်ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**

အင်္ဂလန်အသင်းခေါင်းဆောင် စတီဗင်ဂျာရတ် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူ

အင်္ဂလန်အသင်းခေါင်းဆောင် စတီဗင်ဂျာရတ်သည် အင်္ဂလန်အသင်းနှင့်အတူ ၁၁၄ ပွဲပါဝင်ကစားပေးပြီးနောက် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ စတီဗင်ဂျာရတ်သည် ၂၀၀၀ ခုနှစ်က ကစားခဲ့သော ယူကရိန်းအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်သည် ၎င်း၏နိုင်ငံလက်ရွေးစင် ကစားသမားဘဝအစဖြစ်ခဲ့ပြီး ဘရာဇီးမြေ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်နှင့် ကော်စတာရီကာတို့ ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည့်ပွဲစဉ်သည် ၎င်းအတွက် နောက်ဆုံးပွဲစဉ်ဖြစ်လာခဲ့သည်။

အင်္ဂလန်ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် အင်္ဂလန်အသင်းအတွက် ၂၁ ဂိုးသွင်းယူပေးထားပြီး အင်္ဂလန်အသင်းအတွက် ၁၂၅ ပွဲပါဝင်ကစားပေးထားသည့် ပီတာရှီတန်နှင့် ၁၁၅ ပွဲပါဝင်ကစားပေးထားသည့် ဒေးဗစ်ဘက်ခမ်းတို့နောက်တွင် ပွဲပေါင်း ၁၁၄ ပွဲကစားထားသည့် အင်္ဂလန်အသင်းနှင့်အတူ တတိယမြောက် ပွဲစဉ်အများဆုံးပါဝင်ကစားပေးထားသည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

စတီဗင်ဂျာရတ်သည် ၁၉၉၈ ခုနှစ်က ဘလက်ဘန်းအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် လီဗာပူးအသင်းနှင့်အတူ စတင်ပွဲထွက်ခဲ့ပြီး နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့သော်လည်း လီဗာပူးအသင်းအတွက်မူ ဆက်ကစားပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အသက်(၃၄)နှစ်အရွယ်ရှိဂျာရတ်သည် ကစားသမားဘဝတစ်လျှောက်လုံး လီဗာပူးအသင်းနှင့်အတူ ဖြတ်သန်းခဲ့ပြီး လီဗာပူးအသင်းအတွက် ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ပရီမီယာလိဂ်ဖလား တို့ကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။

(ငွေကြယ်)

အရှေ့အလယ်ပိုင်းအသင်းများနှင့် ခြေစမ်းကစားရန် MFF စီစဉ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF သည် လာမည့်အောက်တိုဘာလအတွင်း လာအိုနိုင်ငံတွင် ဆူဇူကီးဖလားခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားရန်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်းအား အရှေ့အလယ်ပိုင်းအသင်းများနှင့် ခြေစမ်းကစားစေရန် စီစဉ်ထားကြောင်း သိရသည်။ လက်ရှိအချိန်တွင် အာရှအရှေ့အလယ်ပိုင်းအသင်းများဖြစ်သည့် ယူအေအီး၊ အိုမန်၊ လက်ဘနွန်၊ ကာတာစသည့် အသင်းများဖြင့်ခြေစမ်းကစားရန် ကမ်းလှမ်းသွားဖွယ်ရှိနေပြီး ယင်းအသင်းများနှင့်ခြေစမ်းပွဲ ကစားရန် အဆင်မပြေပါက အရှေ့အာရှအသင်းများနှင့် အခြားအာရှအသင်းများကို ထပ်မံကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ခြေစမ်းပွဲကို လာမည့်နိုဝင်ဘာလအတွင်း ကစားရန်စီစဉ်ထားသော်လည်း ယင်းကာလမှာ အာရှကလပ်အသင်းပြိုင်ပွဲများဖြစ်သည့် AFC Cup နှင့် AFC Champions League ပြိုင်ပွဲများ ကျင်းပနေချိန်ဖြစ်သောကြောင့် MFF မှာ မြန်မာအသင်းနှင့်ခြေစမ်းမည့်အသင်းများ ရရှိစေရန်အတွက် အထူးဖိတ်ကြားကမ်းလှမ်းမှုများ ကြိုးပမ်းဆောင်ရွက်ရဖွယ်ရှိနေသည်။ **[ရဲစွမ်း]**



ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈အေ)၊ မြေကွက် အမှတ်-၁၀၉၊ မြေအကျယ်အဝန်း ပေ(၂၀×၃၆)ခန့်ရှိ ပါမစ်မြေ အမျိုးအစား (အမှတ်-၅၉၊ ကံ့ကော်လမ်း၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ စမ်းချောင်းဟုလည်းခေါ်တွင်သော) မြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဦးမောင်ငွေ [၁၂/စခန(နိုင်) ၀၃၇၀၈၉]ထံမှ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ဆိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ထွန်း [၁၂/လသန(နိုင်)၀၀၈၅၇၉] ထံမှ ကျွန်မ မိမိလှိုင်(ခ)မိမိမောင်မောင် [၁၂/လမတ(နိုင်)၀၃ ၃၄၁၈]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိမိလှိုင်(ခ)မိမိမောင်မောင်
အမှတ်-၁၆၉၊ မြေညီထပ်၊
လမ်းမတော်လမ်း၊ သံဈေးအနီး
ဖုန်း-၀၉-၅၁၂၆၇၀၈၊ ၀၉-၅၀၀၂၆၇၆

မိုးသည်းထန်၊ လေပြင်းတိုက် ကြည့်မြင်တိုင်၌ သစ်ပင်များပြိုလဲ

ရန်ကုန် ဇူလိုင် ၂၂

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုတို့ကြောင့် ကြည့်မြင်တိုင်မြို့နယ်အတွင်းမှ သစ်ပင်ကြီးများ ကျိုးကျပြိုလဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ဇူလိုင် ၁၉ ရက် ည ၈ နာရီခွဲခန့်က မြို့နယ်အတွင်း ဈေးကြီးအရှေ့ ရပ်ကွက် အလက(၄)ကျောင်းရှေ့မှ ပိတောက်ကိုင်း ကျိုးကျမှုဖြစ်ခဲ့သည်။ ပိတောက်ကိုင်း ကျိုးကျမှုကြောင့် အပင်အောက်တွင် ရပ်ထားသော ကားနှစ်စီးပေါ်သို့ ကျခဲ့ပြီး အနီးရှိ လျှပ်စစ်ဓာတ်ကြိုးများပါ ပျက်ကျခဲ့သည်။

ယင်းညတွင်ပင် ပန်းလှိုင်ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဝင်းရှေ့မှ လုံးပတ်လေးပေခန့်၊ အမြင့် ၄၅ ပေခန့်ရှိသော မလေးရှားပိတောက်ပင်ကြီးမှာ အမြစ်မှကျွတ်ကာ ကားလမ်းမကြီးပေါ်သို့ ပြိုကျခဲ့သည်။ သစ်ပင်ကြီးရိုက်ခတ်မှုကြောင့် ဓာတ်ကြိုးများပါမြေပြင်သို့ ပိုကျခဲ့ပြီး အနီးရှိ လျှပ်စစ်ကွန်ကရစ် ဓာတ်တိုင်တစ်တိုင်ပါ ပြိုလဲခဲ့သည်။ ဇူလိုင် ၂၀ ရက်က ယင်းဓာတ်တိုင်အား မြို့နယ်လျှပ်စစ်ဌာနမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများ လာရောက်ပြင်ဆင်နေသည်ကို တွေ့ရသည်။

ဇူလိုင် ၁၉ ရက်ကပင် ဘောဂရပ်ကွက် ဗားကရာလမ်း အထက(၁) ကျောင်းဝင်းအဝင်၌ လုံးပတ် နှစ်ပေခန့်၊ အမြင့် ၄၅ ပေခန့်ရှိသော ကျွန်းပင်မှာ အမြင့် သုံးပုံနှစ်ပုံခန့်မှ ပိုင်းပြတ်ကျိုးကျခဲ့သည်။

ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီကျော်ခန့်က အိုးဘိုရပ်ကွက် ဗားကရားလမ်းမ ဆိပ်ကမ်းသာပန်းဥယျာဉ်အတွင်းမှ လုံးပတ်ဆယ်ပေခန့်၊ အမြင့်ပေ ၁၀၀ ခန့်ရှိသော ကုက္ကိုပင်ကြီးမှာ ရုတ်တရက် အမြစ်မှ ကျွတ်ကာ ပြိုကျခဲ့သည်။ ပန်းဥယျာဉ်အတွင်း ဖြစ်၍ လူ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

လေပြင်းတိုက်၍ မဟာဓာတ်အားတိုင်များ လဲပြို

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် အမှတ်(၂) လမ်းမကြီး ရွာသာကြီးမှ စီးပွားရေးတက္ကသိုလ်တစ်လျှောက်တို့တွင် ဇူလိုင် ၂၀ ရက် နံနက် ၀၀း၂၅ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ၆၆ KV ဓာတ်အားတိုင် ၆၉ တိုင်၊ ၃၃ KV ဓာတ်အားတိုင် နှစ်တိုင်နှင့် ၆ ဒသမ ၆ KV ဓာတ်အားတိုင် နှစ်တိုင် စုစုပေါင်း ၇၃ တိုင် ကျိုးပဲ့လဲပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မိုးသည်းထန်စွာရွာပြီး လေပြင်းတွေ တိုက်နေတဲ့အချိန်မှာ လျှပ်စစ်မီးတွေ ဖြတ်တောက်ထားတဲ့အတွက် ဓာတ်တိုင်တွေလဲပြိုကျပေမယ့်လည်း ဘယ်သူမှ အန္တရာယ်တစ်စုံတစ်ရာ မကြုံတွေ့ရပါဘူး၊ နောက်ပြီး ခရိုင်အတွင်းမှာရှိတဲ့ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူးတွေနဲ့ ဝန်ထမ်းတွေ ရန်ကုန်ထရန်စဖော်မာကုမ္ပဏီမှ ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး လျှပ်စစ်ဓာတ်အားအမြန်ဆုံးပို့လွှတ်နိုင်ရေး ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ခရိုင်မှူး ဦးစံဌေးနှင့် ခရိုင်အင်ဂျင်နီယာ ဦးမျိုးခင်တို့က ပြောသည်။ **(၁၉၇)**

ချစ်ကြည်ရေးတံတားပေါ်မှ စည်းကမ်းမဲ့ ဈေးသည်များအား ထိထိရောက်ရောက် အရေးယူသင့်

တာချီလိတ် ဇူလိုင် ၂၂

မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ဆက်သွယ်ထားသည့် အမှတ်(၁) ချစ်ကြည်ရေး တံတားပေါ်တွင် စည်းကမ်းမဲ့ ဈေးရောင်းချနေသူများကြောင့် ယာဉ်နှင့် ခြေကျင်သွားသူများအတွက် အနှောင့်အယှက်တစ်ရပ် ဖြစ်ပေါ်နေမှုကို နေ့စဉ်နှင့်အမျှ တွေ့ရှိရသည်။

အဆိုပါ ဈေးသည်များသည် မြန်မာတာဝန်ရှိသူများဘက်က အသိပေးပြောကြားချိန် ခေတ္တမျှသာ လိုက်နာကြပြီး နာရီပိုင်းမျှအကြာတွင် ပြန်လည်ရောင်းချလျက်ရှိသလို စည်းကမ်းတင်းကျပ်သည့် ထိုင်းဘက်ခြမ်းတွင်မူ လုံးဝမရောင်းချရဲကြသည်မှာ ဥပဒေကို မထီလေးစားရာလည်း ရောက်ပေသည်။

အထူးသဖြင့် အဆိုပါဈေးသည်များထဲတွင် ကဏန်းနှင့်ပုစွန်ရောင်းချသူများလည်းပါဝင်ပြီး အဆိုပါဈေးသည်များသည် အလေးချိန်မမှန်ကန်သလို ဈေးဝယ်သူများအလစ်တွင် ကဏန်း၊ ပုစွန်မပါဘဲ ရေခဲချည်းသက်သက်သာထည့်ထားသည့် အိတ်များကို အစားထိုးလဲလှယ်လိမ်ညာရောင်းချမှုကို ပြုလုပ်တတ်ကြသည့်အတွက် ထိုင်းနိုင်ငံအခြေစိုက် ရုပ်မြင်သံကြား သတင်းများနှင့် အွန်လိုင်းမီဒီယာများပေါ်တွင် ဗီဒီယိုမှတ်တမ်းများဖြင့် အတိအကျဖော်ထုတ်ပြသခြင်း ခံရသည့်အတွက်လည်း မြန်မာနိုင်ငံအတွက် အရှက်ရစေခဲ့သည်။

သို့ဖြစ်ပါသောကြောင့် နိုင်ငံအတွက် ဂုဏ်သိက္ခာကျဆင်းစေသလို ချစ်ကြည်ရေးတံတားပေါ်တွင် အများသူငှာ သွားလာမှုအား နှောင့်ယှက်နေသည့် စည်းကမ်းမဲ့ဈေးသည်များအား ထိထိရောက်ရောက်အရေးယူသင့်ပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ **(မောင်ယဉ်ကျေး)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"ကုသိုလ်ရတနာ ပြည့်စေပါ" တရားတော် ဘဒ္ဒန္တသိလက္ခန္ဓာ ဘိဝံသ]
၁၁း၃၀	MRTV-4 Stage
၄း၀၀	Cartoon Series (Go Go Giggle)
၅း၁၅	Minute to Win It
၁၁း၁၅	World Of Knowledge (Megastructures Dubais Pall Island)
၄း၄၅	လောကအလင်းရောင် ဝိပဿနာဉာဏ်တန်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် -၂၀-၈-၂၀၁၄ရက် ညနေ(၁၆း၀၀)နာရီထိ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့်ဆေးဝါးစာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရေးကော်မတီ
မြောက်ဥက္ကလာပဆေးရုံကြီး
ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၉-၅၀၄၈၈၅၃

Spoken English • Reading
Writing • Grammar • Translation

160-Slice CT Scanner
Mammogram

HOUSE of JAPAN

ဘုတလင်မြို့နယ်တွင် ချည်မျှင်ရှည်ဝါနှင့် ကြက်သွန် သီးညှပ်စိုက်ပျိုးသည့် တောင်သူများ ဝင်ငွေတိုး

ဘုတလင်၊ ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်တွင် ချည်မျှင်ရှည်ဝါနှင့် ကြက်သွန်သီးညှပ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးကာ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သီးညှပ်စိုက်ပျိုးထားသော စိုက်ခင်းများ အနက် ရွှေချောင်းလည်ကျေးရွာတွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော မျိုးသန့်၊ မျိုးပွားစံပြချည်မျှင်ရှည်ဝါ သီးနှံစိုက်ကွင်းအား ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် ဌာနဆိုင်ရာများက ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ နည်းစနစ်များ နှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

"ကျွန်မက ချည်မျှင်ရှည်ဝါနှင့် ကြက်သွန်ကို သီးညှပ်အနေနှင့် တစ်ဧကစိုက်ပျိုးထားတာပါ။ ဒီနှစ်မှာ ကြက်သွန်ပိဿချိန် ၅၀၀၀ ကျော်ရရှိပြီး ဝါကတော့ ဒီနေ့အထိ နှစ်ကြိမ်ဆွတ်ခူးတော့ ပိဿချိန် ၅၀ ကျော် ရရှိပါတယ်။ နောက်ထပ် ၁၀ ကြိမ်လောက် ဆွတ်ခူးရအုံးမှာဆိုတော့ တစ်ဧကကို ပိဿချိန် ၇၀၀ ကျော် ၈၀၀ လောက်ရမယ်လို့ ခန့်မှန်းထားပါတယ်။ ကုန်ကျစရိတ်အနေနှင့်ကတော့ ကြက်သွန်စိုက်ပျိုးစရိတ်က ရှစ်သိန်းကျော်ရှိပြီး ဝါစိုက်ပျိုးစရိတ်က တစ်သိန်းခွဲလောက်ရှိပါတယ်။ ဒီနေ့ပေါက်ဈေးအရဆိုရင် ကြက်သွန် တစ်ပိဿာ ၄၀၀ ကျပ်နှုန်းနဲ့ ဝါတစ်ပိဿာ ၁၀၀၀ ကျပ်နှုန်းဆိုတော့ ကြက်သွန်နှင့်ဝါ နှစ်မျိုးပေါင်းရငွေ ၂၈ သိန်းလောက် ရပါတယ်။ အဲဒီတော့ စိုက်ပျိုးကုန်ကျစရိတ်နှုတ်လိုက်ရင် သိန်း ၂၀ နီးပါးလောက် အမြတ်ကျန်တာဆိုတော့ ကျွန်မတို့တောင်သူတွေအနေနဲ့ သီးညှပ်စိုက်ရတာ စီးပွားရေး အရမ်းအဆင်ပြေပါတယ်"ဟု ရွှေချောင်းလည်ကျေးရွာမှ ဝါစိုက်တောင်သူ ဒေါ်အေးဆန်းက ပြောသည်။

ဘုတလင်မြို့နယ်တွင် မိုးကြိုဝါစိုက်ဧက လျာထားချက် ၅၈ ဧကရှိရာ ၆၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကထက် လေးဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး မိုးနှောင်းဝါစိုက်ဧက ၁၂၈၅၀ လျာထားရာ ၅၀၇၂ ဧက စိုက်ပျိုးပြီးဖြစ်ပြီးဖြစ်သည်။လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စည်းရုံးဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု ဖက်ရှည်ကျေးရွာ၌စက်ရေတွင်းတူးဖော်အောင်မြင်

သပိတ်ကျင်း၊ ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု ဖက်ရှည်ကျေးရွာနေ ပြည်သူများ နှစ်စဉ် သောက်သုံးရေအခက်အခဲများကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ် အထူးဖြည့်စွက်ရံပုံငွေဖြင့် ဖက်ရှည်ကျေးရွာတွင် လေးလက်မစက်ရေတွင်းကို လက်ာဒီပကုမ္ပဏီမှ တာဝန်ယူတူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဖက်ရှည်ကျေးရွာနေ ပြည်သူများ နှစ်စဉ်သောက်သုံးရေအခက်အခဲများနှင့်ရင်ဆိုင်နေရပြီး ပူပြင်းသည့်နွေရာသီတွင် သောက်သုံးရေရှားပါးမှုကြောင့် သဘာဝစိမ့်စမ်းရေနှင့် လက်ယက်တွင်းများမှရရှိသည့်ရေကိုသာ သောက်သုံးကြရသဖြင့် သဘာဝရောဂါဆိုးများကို အမြဲခံစားခဲ့ကြရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အနက်ပေ ၄၁၀ မှာ တူးဖော်မှုအောင်မြင်သဖြင့် ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ကျေးလက်ဦးစီးမှူး ဦးဆန်းမင်း၊ ဦးလှိုင်မင်း (ဦးစီးအရာရှိ၊ နည်းပညာ) တို့သည် ဒေသခံပြည်သူများနှင့်အတူ စက်ရေတွင်း စမ်းသပ်မောင်းနှင်မှုအား သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါစက်ရေတွင်းမှ တစ်နာရီလျှင် ရေဂါလံ ၂၅၀၀ ထွက်ရှိသည့်အတွက် ဖက်ရှည်ကျေးရွာရှိ အိမ်ခြေ ၅၉၃ အိမ်၊ လူဦးရေ ၂၅၉၆ ဦးတို့အား သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာအသုံးပြုနိုင်တော့မည်ဖြစ်သည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

သိမ်းဆည်းမြေယာများပြန်လည်ပေးအပ်ရန် မြေယာ အသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှဆောင်ရွက်

ကန့်ဘလူ၊ ဇူလိုင် ၂၂

ကန့်ဘလူမြို့နယ်၌ ဖြစ်ပွားလျက်ရှိသော မြေယာအမှုအခင်းများနှင့်ပတ်သက်ပြီး မြို့နယ်တာဝန်ရှိသူများထံ စုံစမ်းရာ မြေမွန်ကျေးရွာမှ တောင်သူ ၁၆ ဦးသို့ မြေဧက ၁၈၄ ဒသမ ၇၉ ဧက၊ ခအုံးတာကျေးရွာမှ တောင်သူ ၃၈ ဦးသို့ ၄၃၀ ဧက၊ ငှက်ပျောတိုင်းကျေးရွာမှ တောင်သူ ၁၂၃ ဦးသို့ မြေဧက ၁၅၂၄ ဒသမ ၁၆ ဧက၊ စံပယ်နံ့သာကျေးရွာမှ တောင်သူ ခြောက်ဦးသို့ ၆၈ ဧကတို့ကို ဇွန် ၂၄ ရက်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျန်သိမ်းဆည်းမြေများကိုလည်းပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရန် မြို့ နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်လျက်ရှိပြီးအခင်းဖြစ်မြေများတွင် ဝင်ရောက်ထွန်ယက်သူတောင်သူများကမူတပ်က သီးစားချထားခြင်းခံရသူတောင်သူများကိုပါ ထွန်ယက်စိုက်ပျိုးမှု မလုပ်ရန်တားမြစ်ပေး စေလိုကြောင်း မူလပိုင်ရှင်များနှင့် သီးစားလုပ်သူများ နှစ်ဖက်လုံးတားမြစ်ပေးမှသာ မျှတမှုရှိမည်ဖြစ်ကြောင်းပြောသည်။

မြို့နယ်(ပြန်/ဆက်)

အိမ်မဲမြို့နယ်တွင် မိုးပွင့်အဆင့် (၆) စီမံချက်အား သတ်မှတ်အခကြေးငွေဖြင့် ကွင်းဆင်းဆောင်ရွက်

အိမ်မဲ၊ ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာမှ မိုးပွင့်အဆင့် (၆) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကဒ်ပြားများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒု-လ. ဝကမှူး ဒေါ်လွင်လွင်ထွန်းတို့အဖွဲ့သည် အိမ်မဲမြို့ အိမ်မဲကြီးအခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင်၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်ဆက်တိုက်ဆောင်ရွက်ရာ ကျောင်းသား၊ ကျောင်းသူ ၁၉၉ ဦးအား သတ်မှတ်ထားသော အခကြေးငွေခြောက်ကျပ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတွင်လည်းတောင် သူလယ်သမားများ၏ လိုအပ်ချက်ဖြစ်သော အိမ်ထောင်စုဇယားများကို အထောက်အထားပြည့်စုံပါက နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးကြောင်းနှင့် စိုက်ဘဏ်ထုတ်သည့်ကာလတွင် ရုံးချိန်ကိုလည်း နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ တိုးမြှင့်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဇော်ထက်(အိမ်မဲ)

မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဝန်ထမ်းသားသမီးများပညာသင်ဆုများချီးမြှင့်

မြင်းခြံ၊ ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဝန်ထမ်း သားသမီးများ၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သူများအား ပညာသင်ဆုများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို အဝေးပြေးကားကွင်းအတွင်းရှိ ရုံးခန်းမတွင် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် ရှေးဦးစွာ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်မှ အမှာစကားပြောကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့ကြသော မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဝန်ထမ်းသားသမီးများအား ဆုများချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်နှင့်အဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)









ရှေးဟောင်းယဉ်ကျေးမှု ထိခိုက်မှုမရှိစေဘဲ လေ့လာသူများနှင့် ဒေသခံများသွားလာနိုင်ရန် ဟန်လင်းပျူယဉ်ကျေးမှုရှေးဟောင်းဒေသတွင် Network လမ်းဖောက်

ဝက်လက်၊ ဇူလိုင် ၂၂

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းပျူရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်လေ့လာလည်ပတ်သူများ သွားလာမှုအဆင်ပြေစေရန်နှင့် လေ့လာနိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအထိမ်းအမှတ် အဆောက်အဦများ တည်နေရာသို့ အလွယ်တကူသွားလာနိုင်ရန် Network လမ်းများဖောက်လုပ်ခြင်းနှင့် တည်နေရာပြလမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူပေးထားခြင်းကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဟန်လင်းပျူမြို့ဟောင်းသည် မြို့ရိုးကာရံထားသောဧရိယာ ၅၄၁ ဒသမ ၄ ဟက်တာရှိပြီး ရှေးဟောင်းအမွေအနှစ်များ ပြန့်နှံ့တည်ရှိသော ဆက်စပ်ဧရိယာမှာ ၂၁၈၉ ဟက်တာရှိကြောင်း၊ မြို့ထောင့်များသည် ကွေ့ဝိုက်နေပြီး တောင်မြောက်ရှည်လျားသည့် စတုဂံပုံသဏ္ဌာန်ရှိကြောင်း၊ တောင်မြောက်အရှည်နှစ်မိုင်၊ အရှေ့အနောက်တစ်မိုင်ရှိကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှု အထိမ်းအမှတ်အဆောက်အဦများသို့ အလွယ်တကူ သွားရောက်လေ့လာနိုင်ရန်နှင့် ဒေသခံများ ရှေးဟောင်းအဆောက်အဦနေရာများမှ လွတ်ကင်းစွာ သွားလာလုပ်ကိုင်နိုင်ကြရန်အတွက် လမ်းကွန်ယက် Network လမ်းဖောက်လုပ်မှုများကို ရှေးဘိုခရိုင်ဆည်မြောင်းဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ လမ်းကွန်ယက်၏ လမ်းဆုံလမ်းမနေရာတိုင်းတွင်လည်း တူးဖော်ထားသည့် ရှေးဟောင်းကုန်းအမှတ် လမ်းညွှန်ဆိုင်းဘုတ်တိုင်များကို စိုက်ထူကာ သွားရောက်လိုသည့်နေရာများသို့ အလွယ်တကူ သွားရောက်လေ့လာနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။ဒေသခံများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်း သဘာဝအခြေအနေများ ထိခိုက်ပျက်ယွင်းနိုင်သည့်မြေပြင်ခြင်း၊ မြေတူးခြင်း၊ ရေသွယ်မြောင်း ဖောက်လုပ်ခြင်း၊ရေတွင်းရေကန်အသစ်တူးဖော်ခြင်း၊ရွှေကျင်ခြင်း၊ မြေတူးကျောက်တူး ခြင်း၊ သတ္တုတူးခြင်း၊ တောင်ကုန်း၊ တောင်ပူစာများဖြိုဖျက်ခြင်း၊ မြေဖို့ခြင်း၊ရှေးဟောင်းသုတေသန ဆိုင်ရာမြေလွှာများ ပျက်စီးနိုင်သည့် စက်ယန္တရားများဖြင့် ထွန်ယက်ခြင်း၊ တူးဆွခြင်းများ မပြုလုပ်ရန်၊ ရိုးရာခလေ့အတိုင်း ကျွဲနွားဖြင့် ထွန်ယက်ရာတွင်လည်း ထွန်အနက်ကိုးလက်မထက်မပိုစေဘဲရှေးဟောင်းအဆောက် အဦး၏ ပေ ၃၀၀ အကွာတွင် ထွန်ယက်ရန် စသည့်အသိပေးစည်းကမ်းချက်များကို ထုတ်ပြန်ပေးထားကြောင်း သိရသည်။

"ဒေသခံတွေအများစုက တောင်သူလယ်သမားတွေဆိုတော့ သူတို့နေ့စဉ် စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ကြရတယ်။ ရှေးဟောင်းသုတေသနနဲ့ပတ်သက်တဲ့ စောင့်ထိန်းလိုက်နာရမယ့်အချက်တွေကို ဒေသခံတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ပညာပေးနိုင်ရင် ကောင်းပါတယ်။ လမ်းကွန်ယက်ရယ်လို့မရှိရင် အဆင်ပြေရာကနေ လှည်းမောင်းတာတွေ၊ ဖြတ်သန်းသွားလာတာတွေ လုပ်ကြမယ်။ ဧည့်သည်တွေရော၊ ဒေသခံတွေအတွက်ပါ လမ်းကွန်ယက် ဖောက်လုပ်ပေးထားလိုက်တော့ သွားလာမှုအဆင်ပြေသွားသလို ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာတွေ ထိခိုက်မှုနည်းသွားတာပေါ့" ဟု စစ်ကိုင်းမြို့မှ ဦးစိုးဝင်းက ပြောသည်။

ဟန်လင်းဒေသသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဦးစသည့် သမိုင်းမတင်မီခေတ်မှစ၍ ပျူခေတ်မှ ပုဂံခေတ်တိုင်အောင် စဉ်ဆက်မပြတ်အခြေချနေထိုင်ခဲ့သည့် ဒေသဖြစ်ကြောင်း၊ အဆိုပါဒေသဝန်းကျင် သမိုင်းအထောက်အထားများသည် သိပ္ပံနည်းကျ ခေတ်ပိုင်းခြားခွဲစိပ်မှုအရ ခရစ်နှစ်မတိုင်မီကစ၍ ဗုဒ္ဓဘာသာ၊ ဗြဟ္မဏဘာသာအယူဝါဒ အခြေခံသောမြို့ပြတည်ထောင်မှုများကို ဟန်လင်းသည် ဗိဿနိုး၊ ပင်လယ်၊ သရေခေတ္တရာတို့နှင့်အတူ အပြိုင်ပေါ်ထွန်းခဲ့ကြောင်း၊ ပျူမြို့ပြယဉ်ကျေးမှုသည် ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုတိုင်အောင် ဖြစ်ထွန်းခဲ့ပြီး နှစ်ပေါင်း ၁၀၀၀ ခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဟန်လင်းမြို့သည် မြန်မာရာဇဝင်ကျမ်းများအရ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ မဟာသမ္မတမင်း၏သားတော် ကရဘော်မင်းမှ ဟန်လင်းမြို့တော်ကို စတင်တည်ထောင်ခဲ့ကြောင်း၊ ထိုမင်းမှစတင်၍ မင်းဆက်ပေါင်း ၇၉၉ ပါး စိုးစံခဲ့ပြီး နောက်ဆုံး ပျူစောထီးခေါ် ပျူမင်းနှင့် ပြိုင်မင်းလက်ထက်တွင် ပြာပူမိုးရွာကာ မြို့ပျက်သုဉ်းခဲ့သည်ဟု ဆိုသည်။ ဟန်လင်းတွင်တွေ့ရသည့် ပျူကျောက်စာများအရ မင်း၊ မိဖုရားတို့၏အမည်ကို ထောက်ရှု၍ ပျူယဉ်ကျေးမှုထွန်းကာစဉ်က မင်းနေပြည်တော်ဖြစ်ခဲ့ကြောင်း ဆိုသည်။

နန္ဒာမင်းလွင်

ရေတာရှည်မြို့နယ်တွင် လယ်ယာမြေများ ပြန်လည်ရရှိရေး ပထမဦးဆုံးအကြိမ် ဆန္ဒဖော်ထုတ်

ရေတာရှည်၊ ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်တွင် ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီမှ နံနက် ၁၀ နာရီ အထိသိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ပထမဦးဆုံးအကြိမ် ဆန္ဒဖော်ထုတ်ခဲ့ကြောင်းသိရသည်။

အဆိုပါ သိမ်းဆည်းခံလယ်ယာမြေများပြန်လည်ရရှိရေး အတွက် ပထမ ဦးဆုံးအကြိမ် ဆန္ဒဖော်ထုတ်တောင်သူအင်အားဦးရေ ၂၀၀ ခန့် ပါဝင်ကာ ရေတာရှည်မြို့၊ ညောင်ပင်သာကျေးရွာအနီးမှစတင်၍ ရန်ကုန်-မန္တလေး ကာလမ်းအတိုင်း ရေတာရှည်မြို့တွင်းသို့ စီတန်းလှည့်လည်ခဲ့ပြီး ဗိုလ်ချုပ်လမ်းမှတဆင့် ဝင်ရောက်၍ ဗန္ဓုလလမ်းအတိုင်း ဆက်လက်ထွက်ခွာလာကာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ညောင်ပင်သာကျေးရွာဘက်ကို ပြန်လည်ထွက်ခွာခဲ့သည်။ ဆန္ဒဖော်ထုတ်သူများက ရေတာရှည်အမှတ် ၆ သကြားစက်မှ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး၊ ပုဒ်မ ၄၄၇ ဖြင့်တရားစွဲဆိုထားသော ပြစ်မှုများကို ရုပ်သိမ်းပေးရန် ကြွေးကြော်ခဲ့သည်။

"ကျွန်တော်တို့ တောင်သူတွေအနေနဲ့ သကြားစက်ရုံကသိမ်းထားတဲ့ မြေတွေကို သီးစားချထားတယ်။ မူလလုပ်ကိုင်တဲ့တောင်သူတွေက မလုပ်ရတော့ လယ်ယာမြေမှုခင်းတွေ အများကြီးဖြစ်ကြတော့ တောင်သူတွေဘက်က အများကြီးနစ်နာဆုံးရှုံးရတာတွေရှိတယ်။ ပြန်ပေးမှာဆိုရင်လည်းပြန်ပေးပါ။ ပြန်မပေးရင်လည်း မူလလုပ်ကိုင်တဲ့တောင်သူတွေကို စိစစ်ပြီးတော့ နစ်နာကြေးပေးသင့်ပါတယ်"ဟု ကြီးကြပ်သူ ဦးမြဝင်းက ပြောသည်။

ရေတာရှည်အမှတ် ၆ သကြားစက်ရုံမှ သိမ်းဆည်းထားသည်မှာ လယ်မြေဧက ၁၀၀၀ ဝန်းကျင်ရှိပြီး တောင်သူအချင်းချင်း မြေယာဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် ၂၀၁၄ ခုနှစ်ထဲတွင် တရားစွဲထားသည့် အမှုပေါင်း ၆၀ ခန့်ရှိသည်။

"သီးစားချထားတဲ့ တောင်သူက မူလလက်ငုတ်လုပ်ကိုင်တဲ့သူမဟုတ်ဘူး။ သကြားစက်ကချထားပေးတာ။ ကျွန်တော်တို့ကျတော့ အစကထဲက လုပ်နေတဲ့တောင်သူတွေပါ။ အမှန်တကယ်လည်းလုပ်ကိုင်ခွင့်မရဘူး" ဟု တောင်သူတစ်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

မော်ကျွန်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မော်လမြိုင်ကျွန်း၊ ဇူလိုင် ၂၂

မော်လမြိုင်ကျွန်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အာရောဂျလူမှုကူညီရေးအသင်းတို့ ပူးပေါင်းပြီး ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီမှ စတင်ပြီး မော်လမြိုင်ကျွန်းမြို့ပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုး၊ အတွင်းရေးမှူး ဦးနေမျိုးလင်းနှင့် ကော်မတီဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ အာရောဂျ လူမှုကူညီရေးအသင်းအမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးလုပ်သားများနှင့် အဖွဲ့အစည်း ပေါင်းစုံတို့က နံနက် ၈ နာရီတွင် မြို့မအခြေခံပညာအလယ်တန်းကျောင်း၊ ကျောင်းတွင်း ကျောင်းပြင်တို့တွင် ခြင်နှိမ်နင်းရေး ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၂) ရပ်ကွက်ရှိ လူနေအိမ်ပတ်ဝန်းကျင်များနှင့် ရေသွယ်မြောင်းများတွင် ခြင်နှိမ်နင်းရေး၊ ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခပ်ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

ရောင်းမည်
Pent house (48x73)

မြေကွက်များဝယ်လိုသည်

အများသိစေရန်ကြေညာချက်

စိုက်ပျိုးဧက ၅၀၀ ကျော်အားအကျိုးပြုမည့် လျှော်ဖြူကန်ကျေးရွာ သလက်မန်းပင်မြောင်းပြန်လည်တူးဖော်

မိတ္ထီလာ၊ ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် လျှော်ဖြူကန်ကျေးရွာ၊ မကျီးချောက်ကျေးရွာ၊ ကန်တိုင်ပေါက်ကျေးရွာ နှင့် ကွမ်းခြံရိုးကျေးရွာများရှိ စပါးစိုက်ပျိုးဧက ၅၀၀ ကျော်အား အကျိုးပြုမည့် လျှော်ဖြူကန်ကျေးရွာ သလက်မန်းပင်မြောင်းကို သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မှ ပြန်လည်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

"လျှော်ဖြူကန်ကျေးရွာ သလက်မန်းပင်မြောင်းကို ၂၀၀၈ ခုနှစ်တုန်းက မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြေရေး စီမံကိန်းအနေနဲ့ ပြန်လည်တူးဖော်ပေးခဲ့ဖူးပါတယ်။ အခုနောက်ပိုင်း သဲနုန်းပို့ချတာများလို့ မြောင်းကောလာတာတွေကြောင့် မြောင်းကို သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) က ပြန်လည်တူးဖော်ပေးနေပါတယ်။ ဇူလိုင်လ ဒုတိယပတ်က တည်းက မကျီးချောက်ကျေးရွာ သရက်အုပ်မြောင်း အပါအဝင် စပါးစိုက်ပျိုးဧက ၅၀၀ ကျော်ကို အကျိုးပြုမယ့် သလက်မန်းပင်မြောင်းကို ပြန်လည်တူးဖော်ပေးတာကျေးဇူးတင်ပါတယ်" ဟုလျှော်ဖြူကန်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က ပြောသည်။

လျှော်ဖြူကန်ကျေးရွာ သလက်မန်းပင်မြောင်းအား သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနမှ ပြန်လည်တူးဖော်ပေးနေစဉ်။

ပြန်လည်တူးဖော်ပေးသည့် စိုက်ပျိုးရေပေးမြောင်းများဖြစ်သည့် သရက်အုပ်မြောင်း၊ သလက်မန်းပင်မြောင်းများသည် တစ်ဆက်တည်းတည်ရှိပြီး ကွင်းအမှတ် ၆၂၆ မကျီးချောက်ကွင်း ၁၈ ဒသမ ၀၇ ဧက၊ ကွင်းအမှတ် ၆၂၄ သစ်တောပင်ကွင်း ၁၄၄ ဒသမ ၄၃ ဧက၊ ကွင်းအမှတ် ၆၂၃ ကွမ်းခြံကွင်း ၃၃၈ ဒသမ ၇၅ ဧက စုစုပေါင်း စပါးစိုက်ပျိုးဧက ၅၀၂ ဒသမ ၂၅ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ရေတက်၍ နေအိမ်များ ခေတ္တနေရာချထားပေး

ကျိုက်ထို၊ ဇူလိုင် ၂၂

ကျိုက်ထိုမြို့နယ်၌ ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများကျဆင်းမှုကြောင့် ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက် အေးရိပ်ငြိမ်ကွက်သစ်ရှိ မြေနိမ့်ပိုင်းတွင်နေထိုင်သော လူနေအိမ်အောက်များအတွင်းသို့ ရေဝင်ရောက်၍ ရပ်ကွက်အတွင်းရှိ လမ်းများပေါ်သို့ ရေအမြင့်နှစ်ပေခန့် တက်ရောက်ခဲ့ခြင်းကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်စိုးအစီအစဉ်ဖြင့် နေထိုင်ရာတွင် အခက်အခဲရှိသည့် နေအိမ်ခုနစ်လုံးမှ လူဦးရေ ၃၆ ဦးတို့အား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ခေတ္တနေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါမိသားစုဝင်များအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ကိုလတ်နှင့် နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်နှင့် တပ်ဖွဲ့ဝင်များမှ လာရောက်အားပေးစကားပြောကြားပြီး ဒုတိယဗိုလ်မှူးကြီး အောင်ကိုလတ်မှ ဆန်နှင့်စားသောက်စရာများကို ပေးအပ်လှူဒါန်းကာ နယ်မြေခံတပ်ရင်းဆေးတပ်ခွဲများမှ မြို့နယ်ကြက်ခြေနီတပ်ရင်းနှင့် ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုကို အနီးကပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမောင်(ပြန်/ဆက်)

အင်းစိန်တွင် မော်တော်ယာဉ်တစ်စီးမီးလောင်မှုဖြစ်

ရန်ကုန်၊ ဇူလိုင် ၂၂

ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းဘက်သို့သွားသည့် မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသတင်းအရ သက်ဆိုင်ရာမှ သွားရောက်စစ်ဆေးခဲ့သည်။ စုံစမ်းချက်အရ တောင်ဥက္ကလာပမြို့နယ်နေ ယာဉ်မောင်းဖြစ်သူ ဦးမျိုးမြင့် အသက် ၅၅ နှစ်သည် အငှားယာဉ်အား ရပ်တန့်ထားရာမှ မောင်းနှင်ရန်အတွက် စက်နှိုးစဉ် စက်ခန်းအတွင်းမှ ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်မှ ဝိုင်းဝန်းငြိမ်းသတ်ရာ မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ယာဉ်၏စက်ခန်းအတွင်းရှိ ဘတ္တရီအိုးတစ်လုံးနှင့် ဝါယာကြိုးများ မီးလောင်ပျက်စီးခဲ့သည်။ လှိုင်မြို့မရဲစခန်းက (ပ)၃၈၈/၁၄ ပြစ်မှုပုဒ်မ ၂၈၅ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၃၁)**

ကျေးရွာတချို့တွင် နွားစာပြောင်းဖြစ်ထွန်းမှုနည်းပါး

စစ်ကိုင်း၊ ဇူလိုင် ၂၂

စစ်ကိုင်းမြို့နယ်၊ တောင်ရင်းကျေးရွာတွင် နွားများ အစိုစားသုံးနိုင်ရန် နှစ်စဉ်နွားစာပြောင်းများကို မိမိတို့၏ လယ်ယာမြေများတွင် စိုက်ပျိုးထားကြရာ နွားစာပြောင်း အပင်ပေါက်အချိန် မိုးရွာသွန်းမှုနည်းပါးသောကြောင့် နွားစာပြောင်းများမှာ ဖြစ်ထွန်းမှုနည်းပါးခဲ့ကြောင်း သိရသည်။

"နှစ်စဉ် ဒီလောက်မိုးမခေါင်ပါဘူး။ အခုမိုးခေါင်တော့ နွားစာအဖြစ်စိုက်ပျိုးထားတဲ့ ပြောင်းပင်တွေ ဖြစ်ထွန်းမှုမရတော့ဘူး။ နွားစာလည်းအခက်အခဲရှိနေတယ်။ တခြားရွာတွေကနေ မျှဝယ်ပြီး ကျွေးနေရတယ်။ တချို့နွားအကောင်ရေများတဲ့ တောင်သူတွေဆို ပိုပြီးအခက်အခဲဖြစ်တာပေ့ါ။အခု စိုက်ပျိုးထားတဲ့ ပြောင်းပင်တွေ ရက်ပိုင်းအတွင်း မိုးမရွာရင် ဆက်လက်ရှင်သန်မှုရှိမှာမဟုတ်တော့ဘူး။ ရေသွင်းဖို့လည်းရေကရှားနေသေးတယ်။ကျေးရွာသုံးရေရရှိအောင် အခုတော့တိုင်းဒေသကြီးလွှတ်တော်ကိုယစားလှယ် ဦးစိန်ခဲနဲ့ သက်ဆိုင်ရာဌာနများက ကျေးရွာပြည်သူများနဲ့ညှိနှိုင်း ဆောင်ရွက်နေကြပါပြီ။အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျေးရွာပြည်သူများက လည်း မျှော်လင့်နေကြပါတယ်" ဟု ဦးဝင်းမြင့်က ပြောသည်။

ဇော်မြင့်နိုင်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့တွင် အမျိုးဘာသာသာသနာစောင့်ရှောက်ရေး အသိပညာပေးဆွေးနွေးဟောပြော

တောင်တွင်းကြီး၊ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ အထက်မြန်မာပြည် မဘတအဖွဲ့မှပေးပို့သည့် သဝဏ်လွှာအား စွယ်တော်စဉ်ကျောင်းဆရာတော် ဦးသာသနာကလည်းကောင်း၊ အောင်မြေဘုံကျောင်းဆရာတော် ဦးအဂ္ဂသေနက အသိပညာပေးဟောပြောပွဲဖြစ်မြောက်ရေး ဆောင်ရွက်ခဲ့ရပုံများကိုလည်းကောင်း၊ မဘတ ဗဟို (ရန်ကုန်) မှ ဥပဒေအကြံပေး ဦးအေးပိုင် (ဖိုးပြုံးချို) က အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများအား ပြည်သူများသိရှိစေရန် ဥပဒေရှုထောင့်မှ အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးဗဟို (ရန်ကုန်) မှ စာရေးဆရာ မောင်သွေးချွန် (အယ်ဒီတာချုပ်) က အမျိုးဘာသာသာသနာစောင့်ရှောက်ရေး သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ဟောပြောပွဲဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြသည့် ပုဂ္ဂိုလ်အသီးသီးတို့အား ကျေးဇူးတင်ဝမ်းသာဂုဏ်ယူပါကြောင်း ဆရာတော်ဦးနေမိန္ဒက မိန့်ကြားကာ အမျိုးဘာသာသာသာစောင့်ရှောက်ရေးအဖွဲ့၏ သစ္စာခံဌာန်ကို ရေပြားဆရာတော်မှ တိုင်ပေးရာ တက်ရောက်လာကြသည့် ပြည်သူလူထုအင်အား ၁၀၀၀ ကျော်တို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုခဲ့ကြကြောင်း သိရသည်။

နိုင်ဝင်း(၅၈၀)








ကရသူရိမြို့နယ်ခွဲ အမှတ် (၁) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကော့သောင်း၊ ဇူလိုင် ၂၂

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကရသူရိမြို့နယ်ခွဲအမှတ်(၁) ရပ်ကွက်အတွင်း သွေးလွန်တုတ်ကွေးရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မြို့နယ်ခွဲကျန်းမာရေးဦးစီးဌာနက ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက လိုက်လံဆောင်ရွက်ခဲ့သည်။

အဆိုပါ သွေးလွန်တုတ်ကွေးရောဂါကာကွယ်ရေး ပညာပေးလုပ်ငန်းများအဖြစ် ပိုးလောက်လမ်းမပေါက်ဖွားရေး ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများလက်တွေ့သရုပ်ပြသပညာပေးခြင်းများပြုလုပ်ဆောင်ရွက်ခဲ့သည်။

ခြင်မခိုအောင်းရေး နေအိမ်ခြံဝင်းများအတွင်း ရေဝပ်နိုင်သည့်နေရာများ မဖြစ်ပေါ်စေရေး၊ ရေကန်၊ ရေတိုင်ကီနှင့် ရေအိုးများစနစ်တကျဖုံးအုပ်၍ အသုံးပြုရေး၊ ခြင်ကိုက်ခြင်းမှ ဖြစ်ပေါ်နိုင် သည့် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများကြိုတင်ကာကွယ်နိုင်သည့် နည်းစနစ်များအား ရပ်ကွက်ပြည်သူများ သိရှိနိုင်ရန်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ NGO အဖွဲ့များက လိုက်လံပညာပေး ဆောင်ရွက်ကြကြောင်း သိရသည်။

ကရသူရိ(ပြန်/ဆက်)

ယာဉ်/လမ်းစည်းကမ်း အသိပညာပေးဟောပြော

ကော့သောင်း၊ ဇူလိုင် ၂၂

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်ခွဲအခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ခွဲ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် ရီတင်က မော်တော်ယာဉ်မတော်တဆမှု ဖြစ်ပေါ်ရခြင်းအကြောင်း၊ မော်တော်ဆိုင်ကယ်ဦးထုတ်ဆောင်းခြင်းဖြင့် အသက်အန္တရာယ်လုံခြုံမှု အကျိုးကျေးဇူးများအကြောင်း၊ ယာဉ်စည်းကမ်းဥပဒေနှင့်အညီ လိုက်နာမောင်းနှင်ကြရေး၊ ကျောင်းသား၊ သူများ လမ်းစည်းကမ်းအား လိုက်နာသွားလာကြရေးကို ရည်ရွယ်၍ အသိပညာပေး ဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ မြို့နယ်ခွဲ အထကကျောင်းမှ ဆရာ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ ၁၁၅ ဦး စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **ခမောက်ကြီး(ပြန်/ဆက်)**

လယ်ယာလုပ်ငန်းအပြင် မိရိုးဖလာသက်န်းချုပ်လုပ်ငန်း တွံတေးမြို့နယ် တမာတကော၌ ယနေ့တိုင်လုပ်ကိုင်လျက်ရှိနေ

ရန်ကုန်၊ ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ လှိုင်သာယာ-တွံတေးကားလမ်းမဘေးနှင့် ၇ ဖာလုံခန့်အကွာ တမာတကောကျေးရွာတွင် ကျေးရွာမိရိုးဖလာ ဘိုးဘွားစဉ်ဆက်မှ ဆက်လက်၍ နှစ်ပေါင်း ၆၀ ကျော်ထိန်းသိမ်းလာသော ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်သူများ စီပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

တမာတကောကျေးရွာသည် လှိုင်သာယာမြို့နှင့် ၃ မိုင်၊ တွံတေးမြို့နှင့် ၁၅ မိုင်အကွာအဝေး၌ တည်ရှိသောကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ လယ်ယာလုပ်ငန်းအပြင် မိသားစုအပိုဝင်ငွေရရှိရေးအတွက် သင်္ကန်းချုပ်လုပ်ငန်းကိုပါ လုပ်ဆောင်လျက်ရှိသည်။ အိမ်ခြေ ၂၀၀ ၌ အိမ်ခြေ ၁၀၀ ကျော်မှာ သင်္ကန်းချုပ်လုပ်ကြသည်။ ကျေးရွာ၌သင်္ကန်းတိုက်ကိုယ်စားလှယ်သုံးဦးက ရန်ကုန်၊ မန္တလေး၊ ပုသိမ်မြို့များရှိ သင်္ကန်းတိုက်ကြီးများရဲ့ လုပ်ငန်းကိုလက်ခံပြီး ကျေးရွာအတွင်း သင်္ကန်းချုပ်သူများသို့ သင်္ကန်းဖြတ်ခြင်း၊ ညှပ်ခြင်း၊ ခွဲခြင်း၊ စိပ်ခြင်းတို့ကို လုပ်ဆောင်၍ ချုပ်လုပ်သူထံ အပ်နှံကြရကြောင်း သိရသည်။

တမာတကောကျေးရွာသည် သင်္ကန်းချုပ်ခြင်းဖြင့် တွံတေးမြို့နယ်တွင်သာမက အခြားမြို့များ၌ပင် ကျော်ကြားသော ကျေးရွာတစ်ရွာဖြစ်သည်။ သင်္ကန်းချုပ်လုပ်ပြီးပါက လက်ခွဲကိုယ်စားလှယ်ကို ပြန်အပ်သည့်အခါ ကိုယ်စားလှယ်များက သင်္ကန်းချုပ်ရိုးချုပ်သား၊ ဝိနည်းတော်နှင့်အညီ ချုပ်ခြင်းရှိ-မရှိ အလျားအနံပြည့်မီခြင်းရှိ-မရှိ အရည်အသွေးပြည့်မီမှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လက်ခံပြီး ကိုယ်စာလှယ်များမှ သင်္ကန်းများကိုစနစ်တကျခေါက်ခြင်း၊ ပါကင်ထုပ်ခြင်းတို့ကို ဆောင်ရွက်ပြီး သင်္ကန်းတိုက်ကြီးများသို့ ပြန်ပို့ရကြောင်း သိရသည်။

သင်္ကန်းချုပ်သူများ တစ်ဦးကိုတစ်နေ့လျှင် သင်္ကန်းဒွိစုံ သုံးစုံမှ ငါးစုံပြီးစီးကြောင်း၊ ရဟန်းဒွိစုံ တစ်စုံလျှင် ငွေကျပ် ၇၀၀ မှ ၁၅၀၀ ကျပ်အထိရရှိကြောင်း သိရသည်။ တမာတကောကျေးရွာတစ်ဝိုက် စကားအဆိုတစ်ရပ်ပင်ရှိကြောင်း သိရသည်။

'ယောကျာ်းလယ်လုပ် ဇနီးသင်္ကန်းချုပ်' ဟု ဆိုရိုးပင်ရှိခဲ့ကြောင်း သင်္ကန်းချုပ်ဆရာ ဦးလှိုင်မြင့်က ပြောသည်။

သင်္ကန်းချုပ်ရန် ပိတ်စများကိုတရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံမှလာသည့် ဘေလိပ်များကို ဝယ်ရကြောင်း သိရသည်။ သင်္ကန်းအမျိုးအစားအမျိုးမျိုးရှိကြောင်း ကိုယ်စာလှယ်တစ်ဦးက ပြောသည်။ ပိတ်စအမျိုးအစားပေါ်မူတည်၍ တစ်စုံကို ခြောက်ထောင်ငါးရာကျပ်မှ ငါးသောင်း၊ ခြောက်သောင်းအထိရှိကြောင်း ရှင်းပြခဲ့သည်။

ယခုအခါ သင်္ကန်းချုပ်ခြင်းကို အမျိုးသမီးများသာမက အမျိုးသားများပါ ချုပ်လုပ်လာကြောင်း သိရသည်။ ရဟန်းသင်္ကန်းဆိုလျှင် ဧကသီ ၅ ထောင့်ထွာ၊ သင်းပိုင် ၄ ထောင့်ထွာ ချုပ်ရသည်။ နှစ်ထပ်သင်္ကန်းကို သင်္ကန်းချုပ်ဝါရင့်ဆရာများသာ အဓိကချုပ်ကြကြောင်း သိရသည်။ ရှင်ဝတ်သင်္ကန်းတွင် ရှင်ကြီး၊ ရှင်လတ်၊ ရှင်ငယ်ဟူ၍ ဆိုဒ်သုံးဆိုဒ်အပြင် စကဆိုဒ်ပါချုပ်ကြရကြောင်းနှင့် ရှင်သင်္ကန်းတစ်စုံကို ပိတ်စအပေါ်မူတည်၍ ငါးရာကျပ်မှ ခုနှစ်ရာကျပ်အထိ ရရှိကြောင်း အမျိုးသမီးတစ်ဦး တစ်နေ့လျှင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ချုပ်မယ်ဆိုလျှင် ၁၀ စုံမှ ၁၅ စုံအထိ ပြီးစီးကြောင်း သိရသည်။

ယခု တစ်မာတကောကျေးရွာတွင် ၂၀၁၄ ခုနှစ် ဇွန် ၁၃ ရက်မှစတင်ပြီး လျှပ်စစ်မီးရရှိရေးအတွက် လှိုင်သာယာ-တွံတေးကားလမ်းဘေးရှိ ဓာတ်အားလိုင်းမှ သွယ်ယူရန်အတွက် ကျေးရွာအတွင်း ဓာတ်တိုင်များစိုက်ထူထားပြီး ထရန်စဖော်မာ ၃၁၅ ကေဗီအေနှစ်လုံး ဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိပါက တမာတကောကျေးရွာတွင် သင်္ကန်းချုပ်သူများ ခြေနင်းအပ်ချုပ်စက်မှ လျှပ်စစ်မော်တာအပ်ချုပ်စက်များဖြင့် အစားထိုးဝယ်ယူချုပ်လုပ်မှာဖြစ်တဲ့အတွက် လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းဆီသို့ ကူးပြောင်းလုပ်ဆောင်ရလျှင် ယခုထက်ပင်စီးပွားရေးပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌက ပြောသည်။ တမာတကောကျေးရွာ၏ ဒေသခံပြည်သူတို့၏ စုပေါင်းမှုဖြင့် ကျေးရွာတွင်း လမ်းအကျယ် ၉ ပေ အမြင့် ၇ လက်မ၊ အရှည် ၁၀၀၀ လမ်းနှစ်လမ်းအား ကွန်ကရစ်ခင်းပြီးဖြစ်သည်။ ကျေးရွာအဝင်လမ်း ၄၂၀၀ ပေအား ယခုဆိုလျှင် အရှည် ၂၀၀၀ ပေ၊ အကျယ် ၉ ပေ၊ အမြင့် ၇ လက်မ ကွန်ကရစ်လမ်းလင်းပြီးဖြစ်သည်။

ကျန်ရှိပေ ၂၂၀၀ ပေကိုလည်း ပွင့်လင်းရာသီ၌ ဆက်လက်ခင်းရန်ရှိကြောင်း ကျေးရွာအထောက်အကူပြုကော်မတီတစ်ဦး၏ပြောပြချက်အရ သိရသည်။

မျိုးလှိုင်(တွံတေး)





ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မဟော်သဓာလမ်း၊ အမှတ်(၇၉၉/ခ)၊ ဧရိယာ ပေ(၂၀×၆၀)၊ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ပိုင်ရှင် ဦးမောင်ပြုံး[၁၂/ဥကတ(နိုင်)၀၃၃၂၁၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးလွင် **(LL.B,D.B.L)** — အထက်တန်းရှေ့နေ(စဉ်-၃၀၁၇၉)

ဦးကျော်ဝင်းခိုင် **(LL.B,D.B.L)** — အထက်တန်းရှေ့နေ(စဉ်-၃၃၉၀၁)

အမှတ်(၁၀၁၈)၊ သခင်စံရွှေလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
ဖုန်း-၄၃၁၂၁၄၄၉

ကျူးကျော်ဝင်ရောက်လုပ်ကိုင်နေသူများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်-၃၂၄+၃၆၀၊ ဦးပိုင်အမှတ်(၁၀/၅)ရှိ မြေဧရိယာ(၅.၀၀)ဧကမှာ ဒေါ်မွေကျောက်[၁၂/တမန(နိုင်)၀၆၇၁၃၉]အမည်ဖြင့် သီးစားလုပ်ကိုင်ခွင့်ရရှိထားပြီး ကွင်းအမှတ်-၃၂၄+၃၆၀၊ ဦးပိုင်အမှတ်-၂/၂+၁၀/၃ ရှိ မြေဧရိယာ(၅.၀၀)ဧကမှာ ဒေါ်နန်းဟုန်[၉/မရန(နိုင်)၀၄၆၄၃၄]အမည်ဖြင့် သီးစား လုပ်ကိုင်ခွင့်ရရှိသောမြေကွက်များဖြစ်ပါသည်။ ယင်းမြေကွက်များပေါ်တွင် သီးစားလုပ်ကိုင်ခွင့်ကို ၁၉၉၆/၉၇ မှစ၍ လုပ်ကိုင်ခွင့်ရရှိသေးသော မြေများဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်များပေါ်တွင် သီးစားလုပ်ကိုင်ခွင့်ရရှိထားသူ ဒေါ်မွေကျောက်နှင့် ဒေါ်နန်းဟုန်တို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ အခြားနည်းလွှဲပြောင်း၍ သီးစားချထားခြင်းလုံးဝ(လုံးဝ)မရှိပါ။

ယခုအခါ အဆိုပါမြေကွက်နှစ်ကွက်ပေါင်း(၁၀ဧက)ပေါ်တွင် ငါးထောင်ကုမ္ပဏီနှင့် ဦးကျော်လှတို့(၂)ဦးမှ ဝင်ရောက်လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ အထက်ဖော်ပြပါမြေကွက်နှစ်ကွက်ကို တစ်နည်းနည်းဖြင့် လက်ရောက်ရရှိထားသူများနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်နေသူများသည် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မြေကွက်ပေါ်မှ ထွက်ခွာသွားရန်နှင့် လက်ရောက်ရရှိထားသူများကလည်း မြေကွက်နှင့်သက်ဆိုင်သော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဒေါ်မွေကျောက်ထံသို့ဖြစ်စေ လာရောက်ညှိနှိုင်းဆွေးနွေးနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးထင်ကျော် **B.Sc,H.G.P, R.L** — တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅) **WIPO(Switzerland)**

ဒေါ်သက်လေးချို **LL.B,D.B.L,D.I.L** — အထက်တန်းရှေ့နေ(စဉ်-၃၁၄၂၄)

Super Top Law Firm

အမှတ်(၁၃၈)၊ ပထပ်၊ ၃၂လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇

ကလေးငယ်များအတွက် ဓမ္မစကူးလ်ကျောင်းဖွင့်

ရန်ကုန်၊ ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ၁၉/၂၀ ရပ်ကွက် ပေါ်တော်မူရှင်သီဝလိ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော် အရှင်ဥတ္တမနှင့် ရွှေကျွန်းမြေဆရာတော် အရှင်ပညာဒီပပါလင်္ကာရတို့မှ ဦးစီး၍ ဗုဒ္ဓဘာသာကလေးငယ်များအတွက် ဓမ္မသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းမှာ တနင်္ဂနွေနေ့တိုင်းဖြစ်ပြီး သင်တန်းအမျိုးအစားမှာ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်းများဖြစ်ကြ၍ သင်တန်းတက်ရောက်ကြသူ ကျောင်းသား၊ ကျောင်းသူလေးများမှာ ၁၀၀ ကျော်ရှိပြီး၊ ဓမ္မစကူးလ်စာသင်ကျောင်းဖြစ်မြောက်ရေးအတွက်မတည် အလှူရှင်မှာ သံဒင်း ၄၈၊ မြတ်လေးလမ်းနေ ဒေါ်ဖြူသီမှ မတည်အလှူငွေကျပ်သိန်း ၂၀ မတည်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်၊ ပေါ်တော်မူ ရှင်သီဝလိဆရာတော်၊ ရွှေကျွန်းမြေဆရာတော်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ဆရာတော်ကြီးများမှ ဩဝါဒများ ချီးမြှောက်တော်မူခဲ့သည်။ **သားစိန်ဒိုင်**

နည်းပညာတက္ကသိုလ်(ပခုက္ကူ) စာပေဟောပြောပွဲ

ပခုက္ကူ၊ ဇူလိုင် ၂၂

နည်းပညာတက္ကသိုလ်(ပခုက္ကူ) ကျောင်းအုပ်ကြီး ဒေါက်တာအောင်ကျော်စိုး ဦးဆောင်၍ လူငယ်များ ပညာရေးအနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် စာပေဟောပြောပွဲတစ်ရပ်ကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။ ဟောပြောပွဲတွင် စာရေးဆရာ ချစ်ဦးညိုက တစ်ခါတုန်းက တက္ကသိုလ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဘုန်း(ဓာတု) က (၆၇)နှစ်ပြည့်အာဇာနည်နေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၊စာရေးဆရာ ညီမင်းညိုက လူငယ်နှင့် အနာဂတ် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြကြောင်း သိရသည်။ အဆိုပါစာပေဟောပြောပွဲသို့ စာပေမြတ်နိုးသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး တက်ရောက်သူစုစုပေါင်း ၁၀၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

ငဖဲ-မန်းရွှေစက်တော်ဘုရားလမ်းမှ ဖိုးထုံးဖြူချောက် ကမ်းပါးပြုပြင်ရန်လိုအပ်

မကွေး၊ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့မှ သည် မန်းရွှေစက်တော်ဘုရားသို့သွားသည့် ရင်ကွဲစရပ်အလွန်ရှိ ဖိုးထုံးဖြူ(ခေါ်) ဖိုးထွန်းဖြူကွေ့သည် ဇူလိုင် ၁၅ ရက် နေ့လည်ပိုင်းတွင် ရွာသွန်းခဲ့သည့် မိုးကြောင့် တောင်ကျရေများစီးဆင်းကာလမ်းများ ပျက်စီးသွားသောကြောင့် သွားလာရေးခက်ခဲလျက်ရှိကြောင်း သိရသည်။

ရေတိုက်စား၍ ကမ်းပါးပြိုမှုမှာ တစ်ဖက် ၁၅ ပေခန့် ရေတိုက်စားသွားကြောင်း မြေပြင်မှ အနက် ၁၈ ပေခန့်ရှိကြောင်း၊ ယခုအခါ စက်ဘီး၊ ဆိုင်ကယ်၊ ကားနှင့် လှည်းများ ဖြတ်သန်း၍ မရတော့ကြောင်း၊ ၎င်းနေရာအား မပြုပြင်ပါက ယခုထက်ပို၍ ဆိုးရွားသွားမည့်အခြေအနေရှိကြောင်း၊ အဆိုပါလမ်းပျက်စီးခြင်းနှင့်ပတ်သက်၍ ဒေသခံများက ပြောသည်။

ယခုအခါ မန်းရွှေစက်တော်ဘုရားကြီး အလင်းပေါက်မှန်အုပ်ဆောင်းတပ်ဆင်ပြီးသည့်အတွက် ဘုရားဖူးပြည်သူများနေ့စဉ် လာရောက်လျက်ရှိကြောင်း၊ ဝါတွင်း ကာလတွင် အဓိဋ္ဌာန်ဝင်သူများ ယခင်နှစ်များထက် များပြားသောကြောင့် ဒေသခံဘုရားဈေးဆိုင်ခန်းများ၏ ရောင်းရေးဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်းများအတွက် အခွင့်အလမ်းများ ပွင့်လင်းလာကြောင်း ဒေသခံတစ်ဦးကပြောသည်။

"ကျွန်တော်တို့ဒီနေရာမှာ စိုက်ပျိုးရေးလုပ်စားတာ ၁၅ နှစ်လောက်ရှိပြီ။ အခုလိုအချိန်မျိုးမှာ ဘယ်နှစ်ကမှ ဘုရားဖူးမလာကြပါဘူး။ အခုအလင်းပေါက် မှန်အုပ်ဆောင်းတပ်ပြီးကာမှ နေ့စဉ်ဘုရားဖူးတွေ သွားလာကြတာ တွေ့မြင်ရတယ်။ ငဖဲကနေဘုရားနားရောက်တဲ့အထိ ကျောက်စရစ်ခဲတွေနဲ့ လမ်းခင်းထားတယ်။ လမ်းကြမ်းပေ့ါ။ အရင်နှစ်တွေကဘုရားပွဲနီးရင်ဒီနေရာကို ဘူဒိုဇာတွေ ဘက်ဖိုးတွေနဲ့ ချောက်ကမ်းပါးကို မြေဖို့ပြီး လမ်းလုပ်ထားတယ်။ တစ်နှစ်ကိုတစ်ခါပြင်ရတယ်ပေ့ါ။ ဒီနေရာမှာတံတားပဲဖြစ်ဖြစ် ရေထုတ်ပြွန်ခံပြီး မြေဖို့ထားတာပဲဖြစ်ဖြစ် ပြုလုပ်ပေးရင်တော့ သိပ်ကောင်းမှာပါ။ ဒါဆိုသွားရလာရတာလွယ်ကူသွားတာပေါ့"ဟု ယင်းလမ်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦးက ပြောသည်။ **ကောင်းသုတ(မင်းဘူး)**

ယာဉ်/လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ကျုံပျော်၊ ဇူလိုင် ၂၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ရှိ ယာဉ်သွားမိန်းလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းရဲစခန်းရှေ့တွင် ရှောင်တခင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာလက်ကမ်း Road Safety is No Accident စာစောင်များကို ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီတွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းကို ကော့ကရိတ်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး သိန်းငွေ၊ ရဲအုပ်ဇော်မျိုးဝင်း၊ ရဲအုပ်ကျော်ဆန်း၊ တကကမျိုးမင်းထွန်း၊ တကဝင်းဇော်ဟိန်း၊ တကလှမိုး၊ ကျုံဒိုးနယ်မြေရဲစခန်းမှ တသပြည့်ဖြိုးလှိုင်နှင့် ရပ်ကွက်(၂)ဥက္ကဋ္ဌ ဦးဘဝင်းတို့က လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ကရင်ပြည်နယ်ရှိ ယာဉ်တိုက်မှုများတွင် ယာဉ်တိုက်ပြီး ထွက်ပြေးတိမ်းရှောင်မှုများပြီး ယာဉ်မတော်တဆမှု၊ ဒဏ်ရာရရှိမှုနှင့် သေဆုံးသူအခြေအနေများတွင်၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားမှုပေါင်း ၂၀၆ မှု၊ သေဆုံးသူ ၄၉ ဦး၊ ဒဏ်ရာရရှိသူ ၃၃၇ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၃၃၀ မှု၊ ၆၈ ဦး၊ ၅၄၃ ဦး၊

၂၀၁၃ ခုနှစ်တွင် ၃၉၆ မှု၊ ၇၅ ဦး၊ ၇၁၅ ဦး၊ ၂၀၁၄ ခုနှစ်တွင် ဧပြီလအထိ ဖြစ်ပွားမှုပေါင်း ၁၅၀ မှု၊ ၅၅ ဦး၊ ၃၀၃ ဦးအထိဖြစ်ပွားခဲ့ကြောင်း ရဲအုပ်ဇော်မျိုးဝင်း၏ ပြောကြားချက်အရ သိရသည်။ **နိုင်နိုင်ထွန်း(ကျုံဒိုး)**

သစ်ပင်စိုက်ပွဲတော် ပျိုးပင်၁၀သိန်းကျော် စိုက်ပျိုး

ဘိုကလေး၊ ဇူလိုင် ၂၂

ဘိုကလေးမြို့နယ်တွင် လမ်းဘေးဝဲယာစိုက်ခင်း တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ တစ်အိမ်ထောင်သစ်မာ ၂၀ ပင်၊ လူထုဖြန့်ပျိုးပင်များ၊ ဌာနဒီရေတောစိုက်ခင်း ၁၅၀ ဧက ပျိုးပင်နှင့် JICA GRAND AID အစီအစဉ်ဖြင့် စိုက်ပျိုးမည့် သစ်ပင်ပျိုးပင်ပေါင်း ၁၀၅၈၈၇၅ ပင်တို့အား ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအဖြစ် ဘိုကလေးမြို့နယ်လုံးကျွတ် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဘိုကလေးမြို့နယ်၊ ဒုတိယအကြိမ် ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ဘိုကလေးမြို့နယ်၊ မလော့ကျေးရွာအုပ်စု၊ ပေချောင်းကြီးကျေးရွာ၊ ကံ့ကော်တစ်ထောင်ဘုရား အနီးပတ်ဝန်းကျင်နှင့် ကဒုံကနီကားလမ်းဘေးဝဲယာတို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကံထွန်းနှင့် ဝန်ထမ်းများ၊ မြို့ မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ကျေးရွာသူ၊ ကျေးရွာသားများ အင်အား ၅၂၂ ဦးတို့က သစ်ပင်မျိုးစုံပျိုးပင်ငယ် ၃၀၀၀ ပင်တို့အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

တောင်းပန်၊ အသိပေးကြေညာခြင်း

ကြံ့တိုင်းရွာ ကုသိုလ်ဖြစ်ဆေးခန်း ဓာတ်ပုံများကို ဆေးခန်းဦးစီးသူများ၏ ဆန္ဒတောင်းခံခြင်းမရှိဘဲ မိမိဒေါ်သီတာ(YKN-၀၁၃၄၅၆)မှ မိမိဆန္ဒတစ်ခုတည်းဖြင့် မှားယွင်းစွာ online ပေါ်တင်မိခဲ့သဖြင့် တာဝန်ရှိသူအားလုံးကို တောင်းပန်ပါသည်။ နောက်နောင်တွင် ဤဆေးခန်းနှင့် မိမိမည်သို့မျှ မပတ်သက်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သီတာ

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်လွင်
အထက်တန်းရှေ့နေ(စဉ်-၂၉၈၉၄)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃/ဗိုလ်ထွန်းဇံမြေကွက်အမှတ်-၁၆၅၊ မြေကွက်တည်နေရာအမှတ်(၅၇)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ဒေါပုံ (ဦးခင်အောင်)[၁၂/ဒပန(နိုင်)၀၂၆၅၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်အောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ရှုကြည်[၁၂/ဒပန(နိုင်)၀၅၂၅၄၇]က ကျမ်းကျိန် လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်(၁၀၅၁/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၅၁/က)၊ ရာဇသူရလမ်း၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးဟန်စိန်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဟန်စိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်သန်းစိန်[၁၂/ဥကတ(နိုင်)၁၉၈၀၈၁]က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ဘဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂-ဘီ)၊ မြေကွက်အမှတ်(၈)၊ မြေအကျယ်အဝန်း ပေ(၆၀×၈၀)ရှိ ဒုတိယရဲမှူးကြီး ထွန်းဇော်[၇/တငန(နိုင်)၀၀၅၂၉၉]အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက်ကပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံကာရောင်းချ၍ ဝယ်ယူရန်အတွက်ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမော် (B.Sc,H.GP,D.B.L,D.A.Psy)
အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)
အမှတ်(၂၇-ဘီ)မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၂၅၀၀၁၁၇၇၆

ကျန်းမာရေးဆောင်းပါး

'ဆား' ပွင့်လေးရဲ့ အသုံးဝင်ပုံ

à ayjufyjuf

'ဆား' ဟု ကြားလိုက်သည်နှင့်တပြိုင်နက်တည်း အဖြူရောင် ခပ်ကြမ်းကြမ်းအမှုန့်လေးတွေကို မျက်လုံးထဲမြင်ယောင်လာကာ 'ငန်လိုက်တာ' လို့ သဘောပေါက်လေ့ရှိကြပါတယ်။ ဆားကို ဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိပ်ဖြာကြည့်ပါက၊ ကလိုရိုက်အိုင်းယွန်းနဲ့ ဆိုဒီယမ်အိုင်းယွန်းတို့ ပေါင်းစပ်ထားသော ဆိုဒီယမ်ကလိုရိုက် သတ္တုဓာတ်ပေါင်းဖြစ်ပါတယ်။ ဆားကို အကြမ်းပြင်းအားဖြင့် (၁) ဆားကြမ်း၊ (၂) စားပွဲတင်ဆားနှင့် (၃) အိုင်အိုဒင်းဆားဟူ၍ သုံးမျိုးခွဲခြားထားပါတယ်။ ပင်လယ်ရေကရရှိပြီး သဘာဝအတိုင်း မပြုပြင်ရသေးတဲ့ ခပ်ကြမ်းကြမ်းရှုတတရှိသော ဆားခဲကြီးကို ဆားကြမ်းလို့ ခေါ်ပါတယ်။ အဲဒီဆားကြမ်းခဲကြီးများကို အရောင် ချွတ်ဆေးသုံးပြီး ဖြူဖွေးသန့်စင်စေကာ၊ နူးညံ့မှုန့်ညက်နေအောင် စက်ဖြင့်ကြိတ်ထားတာကိုတော့ စားပွဲတင်ဆားလို့ခေါ်ပါတယ်။ ဆားငန်ရည် (သို့) ဆားကြမ်းကို အိုင်အိုဒင်းဓာတ်ဖြည့်စွက်ကာ၊ အဖြူရောင်၊ ပန်းရောင်၊ မီးခိုးရောင်ဖျော့ဖျော့ ဆားပုံဆောင်ခဲလေးတွေအဖြစ် ပြုပြင်ထားတာကို အိုင်အိုဒင်းဆားလို့ခေါ်ပြီး သူကတော့ စားပွဲတင်ဆားလောက် မနူးညံ့ပါဘူး။

သမိုင်းရာဇဝင်များအရ၊ ကမ္ဘာပေါ်တွင် ဆားပထမဦးစွာ ထွက်ရှိသောဒေသမှာ ရိုမေးနီးယားနိုင်ငံ Lunca ဒေသဖြစ်ပြီး၊ လွန်ခဲ့သော (၆၀၅၀ ဘီစီ) ကတည်းကလို့ ဆိုပါတယ်။ အဲဒီကာလများမှာ ဆားဟာ တန်ဖိုးကြီးရတနာဖြစ်လို ဆားတစ်အောင်စဟာ ရွှေစင်တစ်အောင်စနဲ့ တန်ဖိုးတူပါတယ်တဲ့။ ရှေးယခင် အိန္ဒိယနှင့် ကိုရီးယားနိုင်ငံများတွင် ဆားဟာ လွန်စွာအဖိုးထိုက်တန်ရှားပါးလို့ ဆားကြောင့် စစ်ပွဲများဖြစ်ခဲ့ကြပါသတဲ့။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရှေးယခင်ကာလကတည်းစလို့ ဆားကို ရိုးရာဘာသာရေး ထုံးတမ်းအစဉ်အလာများအရ တွင်ကျယ်စွာသုံးစွဲလာခဲ့ကြတာ ယနေ့ထက်တိုင်အောင်ပါဘဲ။ အီဂျစ်မာမီးရုပ်အလောင်းများ မပုပ်သိုးအောင် ဆေးရည်စိမ်စီမံရာမှာ ဆားကို အသုံးပြုကြပါတယ်။ ဂျာမနီနိုင်ငံတွင် ကြင်စဦး ဇနီးမောင်နှံတို့အတွက် မကောင်းသောဂြိုဟ်ဆိုးများ ပပျောက်ရန် အိမ်ခန်းထောင့်များကို ဆားပုံထားကြရပါတယ်။ ဂျူးရိုးရာ Shabbat ဘာသာရေးအခမ်းအနားများမှာ ဆားနဲ့ ပေါင်မုန့်ဖြင့် ဧည့်သည်တော်များကို ဧည့်ခံလေ့ရှိကြပါတယ်။

ကက်သလစ်ဘုရားကျောင်းများမှာလဲ မကောင်းသောအညံ့ဆိုးတွေ ပြေပျောက်ဖို့ ဆားလက်တစ်ဆုပ်စာပမာဏဖြင့် ပုခုံးရဲ့ရှေ့ဘက်ကနေ အနောက်ဘက်သို့ ပက်ပေးရပါတယ်။ ဂျပန်နိုင်ငံရှိ ဆူမိုနဘမ်းပွဲများမှာလည်း ပြိုင်ပွဲဝင်များဟာ မကောင်းသောကံများပျောက်ပြီး အနိုင်ရစေဖို့ ရည်ရွယ်ကာ ပွဲမစခင် ကြိုးဝိုင်းထဲမှာ ဆားကို စက်ဝိုင်းပုံသဏ္ဍာန် ဖျန်းပက်ကြပါတယ်။ အာရှတိုက်နိုင်ငံအသီးသီးမှာလဲ ထိုနည်းလည်းကောင်းပါဘဲ။ အထူးသဖြင့် ကိုရီးယားနိုင်ငံမှာ မကောင်းဆိုးဝါးများကို မောင်းထုတ်သည့်အနေဖြင့် အမှောင့်ပယောဂ ပူးနေသည့်သူကို ဆားဖြင့် ဖျန်းပက်လေ့ရှိပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာလဲ မြတ်စွာဘုရားရှင်လက်ထက်တော်ကာလကတည်းက ဆွမ်းပဒေသာပင်လှူဖွယ်ပစ္စည်းတို့တွင် ဆားလည်း တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ မြန်မာလူမျိုးများ ရှေးရိုးစွဲအယူအဆအရ၊ အိမ်သစ်တက်သောနေ့တွင် အိမ်အဝန်းအဝိုင်း တွင်းပြင်သို့ ဆားပက်ဖျန်းလေ့ရှိကြတာ ယနေ့ထက်တိုင်အောင်ပါ။

ဆားကို နေရာဒေသမရွေး ဈေးပေါပေါနှင့် အလွယ်တကူ ဝယ်ယူရရှိနိုင်လို့ သူ့ရဲ့ကောင်းကျိုးပြုပုံတွေကို သတိမထားမိကြပေမယ့် သင့်တင့်လျောက်ပတ်စွာ အကျိုးရှိရှိသုံးတတ်ရင်တော့ အလွန်ဆေးဖက်ဝင်ပါတယ်။ ဒါကြောင့် မြန်မာ့ရိုးရာ တိုင်းရင်းဆေးဝါးများဖော်စပ်ရာမှာ၊ အသုံးပြုလေ့ရှိပါတယ်။ ဆေးသိပ္ပံပညာရှင်များရဲ့ သုတေသနပြုချက်များအရ၊ သဘာဝပင်လယ်ရေမှ ချက်လုပ်သောဆားဟာ စားပွဲတင်ဆားထက် ပိုမိုဆေးဘက်ဝင်တယ်လို့ ဆိုပါတယ်။

> **ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရှေးယခင်ကာလကတည်းက စလို့ ဆားကို ရိုးရာဘာသာရေးထုံးတမ်းအစဉ်အလာ. .**

crystal salt (ခေါ်) အိုင်အိုးဒင်းဆား ကတော့ အိုင်အိုဒင်းဓာတ်ချို့တဲ့သူများအတွက် အထူးသင့်တော်ပါတယ်။ ကျွန်မတို့ခန္ဓာကိုယ်မှာ ရေဓာတ်နဲ့ အငန်ဓာတ်မရှိရင် အသက်မရှင်နိုင်ပါဘူး။ ဥပမာ-သွေး၊ ချွေး၊ မျက်ရည်တွေဟာ အငန်ဓာတ်ရှိနေလို့ လူတစ်ဦးအနေဖြင့် တစ်နေ့တာလိုအပ်တဲ့ ဆားပမာဏဟာ အသက်အရွယ်အလိုက် ၁၅၀၀ မီလီဂရမ်မှ ၂၃၀၀ မီလီဂရမ်မျှ လိုအပ်ပါတယ်။ ကဲ-ဆားပွင့်လေးမှ ဘယ်လိုကျန်းမာရေးအကျိုးကျေးဇူးတွေ ရရှိနိုင်မလဲ အောက်ပါအတိုင်း လေ့လာကြည့်လိုက်ကြရအောင်။

(၁) ဆားဟာ အပူဓာတ်အနေနဲ့ လူတွေကိုကောင်းကျိုးပြုနိုင်လို့၊ ဥပမာ-မိုးမိ၍ ခိုက်ခိုက်တုန်ချမ်းနေသူများကို ဆားဖျော်ရည်တိုက်ခြင်းဖြင့် ချက်ချင်းဆိုသလို ခန္ဓာကိုယ် အနွေးဓာတ်ရရှိလာစေပါတယ်။

(၂) ဆားဟာ ကိုယ်ခံစွမ်းအားကို ကောင်းမွန်စေလို့၊ အအေးမိ၊ နှာစေးချောင်းဆိုး စတဲ့ရာသီဖျားများကို အလွယ်တကူ မကူးစက်စေနိုင်ပါဘူး။

(၃) ခေါင်းလျှော်တဲ့အခါ ရေထဲမှာ ဆားနည်းနည်းထည့်လျှော်ပေးပါက ဆံပင်ကျွတ်တာကို ကာကွယ်နိုင်သလို၊ ဗောက်များလဲသေစေပါတယ်။ ခန္ဓာကိုယ်ထဲမှာဆားဓာတ်နည်းရင် အားအင်ကုန်ခမ်းပြီးမူးဝေတတ်တာကြောင့်၊ ချွေးထွက်များသောကာယလုပ်သားများ၊ ဝမ်းလျောသူများ၊ အာဟာရနည်းပြီးအားပြတ်သောလူမမာများ နှင့် နွေရာသီလို အပူဓာတ်ပြင်းကာချွေးထွက်လွန်သူများ ဓာတ်ဆားရည်ကို သောက်ပေးသင့်ပါတယ်။

(၅) မြွေကိုက်ခံရပါက ဆေးရုံဆေးခန်းသို့ မသွားခင် အဆိပ်ရဲ့စုဖွဲ့မှုကို အပူနဲ့တိုက်ထုတ်သည့်အနေနဲ့ ဆားရည်ပျစ်ပျစ် ဖျော်သောက်ပေးရပါတယ်။ အဆိပ်များပြန့်မလာတော့ဘဲ အသက်ချမ်းသာရာရစေမှာပါ။

(၆) သွားကို ဆားနဲ့ ပုံမှန်တိုက်ပေးပါက သွားပိုးမစား၊ သွားခိုင်စေသည့်အပြင် ခံတွင်းရနံ့လဲ ရှင်းသန့်စေမှာပါ။ အာခံတွင်းနံ့ဆိုးသူများနှင့် တံတွေးမကြာခဏထွက်တတ်သူများသည် ဆားငံရည်ပလုပ်ကျင်းပေးခြင်းဖြင့် သက်သာရာရစေပါတယ်။

(၇) ယားနာရှိသူများ၊ အသားရည်ခြောက်သွေ့သူများ၊ ဝဲနှင်းခူဝေဒနာသည်များ၊ သွေးမသန့်၍ အရေပြားယားယံကာ အဖုအပိန့်ထွက်သူများသည် ဆားငံရည်ဖြင့် ရေချိုးသန့်စင်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါတယ်။

(၈) ဆားဟာ ချွေးပေါက်များပွင့်လာကာ၊ အရေပြားထဲရှိ သွေးလည်ပတ်မှု ပုံမှန်ဖြစ်စေလို့ ဝက်ခြံပေါက်သူများ သနပ်ခါးထဲမှာ ဆားရေကျဲရောစပ်လိမ်းပေးနိုင်ပါတယ်။ အသားအရေကိုလဲ ချောမွေ့လာစေပါတယ်။

(၉) လမ်းများများလျှောက်သူများ၊ မတ်တပ်အကြာကြီးရပ်၍ အလုပ်လုပ်ရသောသူများနှင့် ခရီးရှည်သွားပြီးနောက် ခြေထောက်များသွေးကျပြီး ရောင်ရမ်းနာကျင်ပါက ဆားရည်စိမ်ပြီး အသာအယာနှိပ်နယ်ပေးခြင်းဖြင့် သက်သာလာစေပါတယ်။

(၁၀) မွေးရာပါ မျက်စေ့မှုန်သူများနှင့် အညောင်းထိုင်ကာ အပူခဲသူများသည် ညအိပ်ယာဝင်ခါနီး ဆားကြမ်းနင်းပေးပြီး ဒူးခေါင်းအထက်မှ ရေလောင်းချကာ ပုံမှန်လုပ်ပေးခြင်းဖြင့် မျက်စေ့အမြင် ကြည်လင်စေပါတယ်။

(၁၁) မျက်သားတက်ကာ၊ မျက်စေ့ယားယံသူများအတွက် ဆားရည်ကြည်အနည်းငယ်ကို မျက်စဉ်းခပ်ပေးနိုင်ပါတယ်။

(၁၂) သင်တစ်နေ့တာစားလိုက်သော ဆားပမာဏ၏ လေးပုံတစ်ပုံဟာ အရိုးထဲရောက်ရှိသွားပြီး၊ အရိုးကိုသန်မာလာစေပါတယ်။ ဒါကြောင့် အရိုးကြွတ်ဆတ်ရောဂါရှိသူများအတွက် သင့်တင့်မျှတသော ဆားငံရည် သောက်သုံးပေးသင့်ပါတယ်။

(၁၃) ပင်လယ်ဆားငံရည်ထဲမှာ ခန္ဓာကိုယ်ထဲရှိ serotonin နှင့် melatonin ဟိုမုန်းများကို လှုံ့ဆော်ပေးသောကြောင့် ပင်လယ်လေရှူရှိုက်ပေးပါက စိတ်ကျရောဂါ မဖြစ်တော့ဘဲ လူကိုလန်းဆန်းတက်ကြွလာစေကာ ညဘက်လည်း ကောင်းကောင်းအိပ်ပျော်စေပါတယ်။ ဒါ့ပြင် ပင်လယ်လေ ဝဝရှူရှိုက်ပေးခြင်းဖြင့် အဆုတ်ကိုလည်း ကျန်းမာစေပါတယ်။ ထိပ်ကပ်နာရောဂါကိုလဲ ပျောက်စေနိုင်ပါတယ်။

(၁၄) ဆားဟာ ကိုယ်ခန္ဓာအလေးချိန်ကို ကျစေတယ်ဆိုတာကို ယုံမှားသံသယမဖြစ်ပါနှင့်။ အဘယ်ကြောင့်ဆိုသော်၊ ဆားဟာ အစာချေဖျက်မှုကို အားပေးပြီး၊ အူလမ်းကြောင်းကို အထောက်အကူပြုကာ ဝမ်းမချုပ်စေတဲ့အတွက် ကိုယ်အလေးချိန်တက်ခြင်းကို ဤနည်းဖြင့် တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးခြင်းပါဘဲ။

(၁၅) ဆားဟာ ကိုလက်စထရောပမာဏကို လျော့ချပေးတာကြောင့် နှလုံးသွေးကြောများ အဆီမပိတ်ဘဲပွင့်လန်းလာကာ နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်စေလို့ နှလုံးကျန်းမာစေပါတယ်။

(၁၆) ပန်းနာဝေဒနာသည်များ အလွန်အမင်းမွန်းကြပ်လာပါက ဆားမှုန်ကို လျှာပေါ်ပွတ်ပေးပြီး ရေတိုက်ပေးသင့်ပါတယ်။

(၁၇) သင့်တင့်မျှတသော ဆားပမာဏဟာ ခန္ဓာကိုယ်ထဲရှိ အင်ဆူလင်ပမာဏကိုလျော့ချ၍ အချိုဓာတ်ပမာဏကို ထိန်းညှိပေးတာကြောင့် ဆီးချိုရောဂါသည်များအားထားလောက်ပါတယ်။

(၁၈) ပိုတက်စီယမ်ဓာတ်ဟာ ကြွက်သားများကို ကောင်းစွာအလုပ်လုပ်နိုင်စေရန် အထောက်အကူပေးတာကြောင့် သဘာဝ ပိုတက်စီယမ်ကြွယ်ဝသော ပင်လယ်ဆားကြမ်းရည်ကို သင့်တင့်လျောက်ပတ်စွာ သောက်သုံးခြင်းဖြင့် ကြွက်တက်ခြင်း မဖြစ်စေပါ။ ဒါ့ပြင် ကြွက်သားများကိုလည်း ခွန်အားဖြစ်စေပါတယ်။

(၁၉) အသံဝင်ခွဲသလိပ်ကပ်သူများနှင့် အာသီးရောင်သူများ ဆားရည်နွေးနွေးဖြင့် အာသီးကို ပလုပ်ကျင်းပေးနိုင်ပါတယ်။

(၂၀) ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော အက်ဆစ်များကို ဆီးအဖြစ်ထုတ်ပေးစေလို့ ကျောက်ကပ်ကို ကျန်းမာစေပါတယ်။ ဒါ့ပြင် လိင်စိတ်ဆန္ဒကို တိုးမြှင့်ပေးပါတယ်။

(၂၁) အိုင်အိုဒင်းဆားဟာ ဦးနှောက်ဆဲလ်များကို ကောင်းကျိုးပြုစေလို့ ကိုယ်ဝန်ဆောင်မိခင်များ စားသုံးပေးသင့်ပါတယ်။

ကျန်းမာရေးအပြင် အိမ်ရှင်မများအတွက် ဆားရဲ့ အကျိုးပြုပုံတွေကတော့ -

(၁) ရေစိုနေတဲ့ယမ်းမီးခြစ်ကို ဆားပေါ်မှာတင်ထားရင် မိနစ်အနည်းငယ်အတွင်း ခြောက်သွေ့လာနိုင်ပါတယ်။ (၂) ဘုရားစင်ပေါ်က ပန်းများကို ကြာကြာခံအောင် ပန်းအိုးထဲကရေကို ဆားနဲနဲခပ်ပေးရပါမယ်။ (၃) မီးဖိုချောင်သုံးဓားကို ဆားရေနဲ့သွေးပေးရင် ဓားပိုထက်လာပါတယ်။ (၄) အိပ်ရာတွင် ဂျပိုးတွယ်ပါက၊ ခြင်ထောင်နဲ့ ဖျာတို့ကို ဆားငန်ရေ လောင်းပေးနိုင်ပါတယ်။ (၅) အသစ်ဝယ်လာသော ဖန်ခွက်၊ ဖန်ပန်းအိုး၊ ဖန်ကန်းပန်ပြား စသည့်ဖန်ထည်ပစ္စည်းတို့ကို ဆားရည်ထဲမှာ ခေတ္တမျှစိမ်ထားခြင်းဖြင့် အလွယ်ကတူ အက်မကွဲနိုင်တော့ပါ။

ကဲ-ဆားရဲ့ အသုံးဝင်ပုံအဖုံဖုံကို အထက်ပါအတိုင်း သိမြင်ကြရပါပြီ။ လူတို့အတွက်သာမက သက်ရှိတိရစ္ဆာန်များနှင့် အပင်တွေအတွက်လည်း အနည်းအကျဉ်းပမာဏမျှရှိသော ဆားက မရှိမဖြစ်လိုအပ်တဲ့အရာလေးပါပဲ။ ဒါပေမယ့် ဆားအရေအတွက် များများကြီးစားမိပြီဆိုရင်တော့ သွေးတိုးရောဂါအပြင်၊ သွေးတိုးရောဂါနှင့် ပတ်သက်စပ်ဆက်လျက်ရှိတဲ့ နှလုံးရာဂါ၊ လေငန်းရောဂါတို့ဖြစ်လာစေမှာ ဧကန်မလွဲပါ။ ထို့ပြင် ဆားအလွန်အကျွံစားသုံးပါက ကျောက်ကပ်ကိုလဲ ပျက်စီးစေပါတယ်။ သိုင်းရွိုက်ဝေဒနာသည်များ အိုင်အိုဒင်းဆားကို အထူးရှောင်ရှားသင့်ပါတယ်။ ဆားအလွန်အကျွံသုံးစွဲပါက လူသာမက သက်ရှိတိရစ္ဆာန်များနှင့် အပင်တွေကိုလဲ ဘေးထွက်ဆိုးကျိုးများ ဖြစ်စေနိုင်လို့ သင့်တင့်မျှတရုံပမာဏ သုံးစွဲခြင်းဖြင့် ကျန်းမာသုခရနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

ပန်းစကား

မုဒိတာ ၁၊၂တိုက်ခန်းများ၊ ရောင်း၊ ဝယ်၊ ငှားလိုပါသည်။ ကြွေပြားခင်းခြင်း၊ မီးဖိုခုံပြုလုပ်ခြင်း၊ သံပန်းတပ်ဆင်ခြင်းများအား တာဝန်ယူဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉-၃၀၀၂၆၀၉၉၊ ၀၉-၃၃၁၇၆၁၆၉၊ ၀၉-၂၅၀၄၄၈၃၃၉

မြေကွက်ဝယ်လိုသည်

09 31268183

09 31589922

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၇-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၆)တွင်ပါဝင်သည့်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်း တင်တင်အောင်[၁၂/ဗဟန(နိုင်)၀၀၀၁၆၁]အစား ဒေါ်နန်းတင်တင်အောင်[၁၂/ဒဂန(နိုင်)၁၀၀၁၆၁]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးညဏ်ထွန်းအောင်နှင့် ဒေါ်ခင်နှင်းခိုင်တို့သည် ၂၀၁၄ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။ ဒေါ်ခင်နှင်းခိုင်နှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူနိုင်ကြောင်း။

ဦးညဏ်ထွန်းအောင်

[၁၀/မလမ(နိုင်)၁၆၇၆၂၀]

ဒဂုံမြို့သစ်(တောင်ပိုင်း)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)

မြေကွက်များဝယ်လိုသည်။

ဖုန်း-၀၉-၄၃၁၄၂၈၇၇၊

၀၉-၄၅၀၀၆၆၁၇၀

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကဗျာဆရာမ သဲထွန့်ဝင်း ၏

၁။ အိပ်မက်မင်းသားနှင့် အခြားကဗျာများ

၂။ ပြောင့်ချက်နှင့် အခြားကဗျာများ

၃။ ရှိန်းမြချို့လွင်နှင့် အခြားကဗျာများ

အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ရှာန်

ကြာဖုံး	ဆက်သွယ်ရန် -သဲထွန့်ဝင်းစာပေ
ကာလချင်းရဲ့အရှင်	ဒေါ်ဝင်းမူ
ကဗျာများ	အမှတ်(၂၃၁) ဒုတိယထပ်
...	(၃၂)လမ်း (အထက်လမ်း)
...	ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
...	ဖုန်း - ၀၁-၃၇၅၁၇၄၊ ၀၉-၅၂၈၁၄၅၆

WWW. thelttutwin.com

Ph :09 5136466,09 8636466,09 43167666,09 73036666,09 33337762

Special Discount!

(1) Junction ... Ph:571545, 09-5126882

(2) ... Ph:200917,09-43122884

(3) ... Ph:566592,09-421008133

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၈၅၇)၊ မြေကွက်တည်နေရာအမှတ်(၈၅၇)၊ ဧရာ (၁၆)လမ်း၊ (ဦးညွန့်မောင်)[၁၂/ဥကမ(နိုင်)၀၈၄၅၈၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်မောင်က ၂၀၀၆ခုနှစ်၊ အရောင်းမြေပုံကူးပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

KING STAR

20000Ks

Graphic Design

Hardware

Video Editing

AutoCAD 2D 3D

Riso

၅ ကျပ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ U၉၊ မြေကွက်အမှတ်-(၅၉)၊ မြေကွက်တည်နေရာအမှတ်(၅၉)(၄၈U၉) ရပ်ကွက်၊ ဒဂုံမြောက်(ဦးကြီးစိန်-TTA-၀၅၁၇၆၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးစိန်(တရားရှုံး)ကိုယ်စား ဘီလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ[၈/ဆခမ(နိုင်)၀၅၁၂၄၃]ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်-၁၇၄/၁၄(၂၃-၄-၂၀၁၄)၊ တရားမဇာရီမှုအမှတ်-၆၃/၁၄(၃၁-၄-၂၀၁၄)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆/အရှေ့၊ မြေကွက်အမှတ်-၉၀၃(က)၊ မြေကွက်တည်နေရာအမှတ်(၉၀၃/က)၊ ဝေဇယန္တာ၁၄လမ်း၊ ၆အရှေ့၊ သာကေတ (ဒေါ်မြ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးမောင်နိုင်၊ ဒေါ်သန္တာလွင်တို့မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၅၁/၂၀၁၄)ဖြင့် အရောင်းအဝယ်စာချုပ်ရန်တရားစွဲဆိုခဲ့ပြီး အနိုင်ဒီကရီနှင့် ယင်းရုံး၏ဇာရီမှုအမှတ်(၅၃/၂၀၁၄)အရ တရားရှုံးများကိုယ်စား(ဘီလစ်) ဒေါ်နှင်းဝင့်ဝင့်ဖြူ(ဆဖန) နိုင်-၀၅၁၂၄၃]မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-(၉၄၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၉၄၆/ခ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးဝင်းမော်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းမော်(ဖခင်)၊ ဒေါ်စန်းစန်းဝင်း(မိခင်) ကွယ်လွန်သဖြင့် ဦးအောင်ဇော်ဦး[၁၂/ဥကတ(နိုင်)၀၀၁၉၂၅]၊ ဒေါ်နီလာဝင်း[၁၂/ဥကတ(နိုင်)၁၃၈၀၀၁]၊ ဦးသီဟစိုး[၁၂/ဥကတ(နိုင်)၁၅၂၉၄၁]တို့က သားသမီးအရင်းများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများနှင့် မိခင်ဒေါ်စန်းစန်းဝင်း ကွယ်လွန်ကြောင်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံစာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်-က/၇၃၊ မြေကွက်တည်နေရာအမှတ်(၃၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်။ ဦးအူမော်အလီ-(KTW-၁၀၈၄၁၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအူမော်အလီမှ (၁၉၉၉)ခုနှစ်တွင် ကူးယူခဲ့သောအရောင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ဦးအူမော်အလီ ကိုယ်စားအထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၄၂၄/၁၄(၁၀-၄-၁၄)ရရှိသူ ဒေါ်သန်းသန်းအေး[၁၂/ပဘတ(နိုင်)၀၂၁၀၃၅]က အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၅၈)၊ မြေကွက်တည်နေရာအမှတ်(၅၈)၊ (၁၃၄)ရပ်ကွက်၊ ဒဂုံအရှေ့ မြို့နယ်၊ ဦးကျော်မြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်မြင့်(ISN-၁၂၁၉၁၀)မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၂)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ အမှတ်(၂၇၁)ဟုခေါ်တွင်သော ဧရိယာ(၆၀×၈၀)ပေရှိ ဗိုလ်မှူးကြီးမြင့်အုန်း အမည်ပေါက် ပါမစ်အိမ်ခြံမြေအားလက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှောင်းဝဿန်[၁/ဗဘမ(နိုင်)၀၄၆ ၇၂၃]အား ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကြေးမုံမြင့်(LL.B)အထက်တန်းရှေ့နေ(စဉ်-၃၆၀၃၉)
ဖုန်း-၀၉-၄၂၀၂၂၀၉၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပိုင် ညောင်နှစ်ပင်စိုက်ပျိုးရေးအထူးဇုန်(၃)ရှိ အောက်ဖော်ပြပါ ယူနစ်များမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် လုပ်ကိုင်ခွင့် အမိန့်စာထုတ်ယူရန် ရှိပါသဖြင့် ကန့်ကွက်မည့်သူများ ခိုင်လုံသောအထောက်အထားစာရွက်မူရင်းနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁)ဦးရဲဝင်း [၁၂/ကတတ(နိုင်)၀၁၀၅၄၉]	မြေကွက်အမှတ် (၂၈၇)
(၂)ဒေါ်လှရီ [၇/တငန(နိုင်)၁၀၄၈၉၀]	မြေကွက်အမှတ် (၂၈၈၊ ၂၈၉)
(၃)ဒေါ်စန္ဒာဝင်း [၁၂/ကတတ(နိုင်)၀၁၀၅၄၈]	မြေကွက်အမှတ် (၂၉၀၊ ၂၉၁)
(၄)ဒေါ်ခင်အေးဝင်း [၁၂/ကတတ(နိုင်)၀၂၄၄၄၇]	မြေကွက်အမှတ် (၂၆၃၊ ၂၁၉)

ပိုင်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ
ဦးကြွယ်ရင်
[၉/ဝတန(နိုင်)၀၀၀၉၉၉]
ဖုန်း-၀၉-၄၉၂၆၈၄၄၄၊ ၀၉-၃၃၈၇၁၃၅၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အေးသုခကျေးရွာအုပ်စုရှိ မြေကွက်အမှတ်(၃၂၉)၊ ၇-လမ်း၊ အလျားပေ(၈၀)×အနံပေ(၆၀) မြေကွက်အား မူလအမည်ပေါက် ဒေါ်ခင်ထွေး R/RGN-၀၀၀၇၅၃မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသဖြင့် မြေပိုင်ဆိုင်မှုစာရွက်စာတမ်း/မြေပုံရာဇဝင် စာရွက်စာတမ်းတို့အား ကျွန်မဒေါ်ခင်မျိုးနွဲ့[၁၂/ဥကတ(နိုင်)၀၇၉၈၇၈]က ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း ဒေါ်ခင်မျိုးနွဲ့[၁၂/ဥကတ(နိုင်)၀၇၉၈၇၈]ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ကျွန်မဒေါ်ခင်မျိုးနွဲ့မှ ဤမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ဆက်လက်၍ ပြုလုပ်သွားပါမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်ခင်မျိုးနွဲ့ [၁၂/ဥကတ(နိုင်)၀၇၉၈၇၈]
အမှတ်(၈၁၅)၊ (၂၃)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဒေါ်ခင်ထွေးရီ[၁၂/ဥကတ(နိုင်)၀၇၉၁၃၈] ဖုန်း-၂၅၄၀၀၉၅၈၅

ဖခင်အမည်မှန်

ပြည်မြို့၊ ပေါင်းတလည်ကျေးရွာအုပ်စု၊ အရှေ့ပေါက်တောကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ဒသမတန်းမှ မခိုင်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း [၇/ပမန(နိုင်)၀၆၂၂၈၀] ဖြစ်ပါကြောင်း။

ဦးဇော်မင်း

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ စစ်တဝင်းကျေးရွာနေ ဒေါ်လှရီ(ခ)ဒေါ်စိန်ရီ (PDG-၀၁၂၀၅၁)၏သမီး မထားရီသည် မိဘကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လိုက်သည်။

(မိခင်)ဒေါ်လှရီ(ခ)ဒေါ်စိန်ရီ

စာအုပ်စာပေလှူမိတ်ဆွေ

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းယု(ခ)ဦးတိတ်ယု (ကျောက်တန်း)
အသက်(၈၃)နှစ်

ရွှေမှော်ဝန်း လူမှုယဉ်ကျေးကူညီရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းအောင်(KT အင်တာနက်) ၏ ဖခင်ကြီး ဦးသိန်းယု(ခ)ဦးတိတ်ယုသည် ၁၇-၇-၂၀၁၄(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရာသက်ပန်နာယက ဦးခင်ညွန့်-ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်
အမှုဆောင်များ
ရွှေမှော်ဝန်း လူမှုယဉ်ကျေးကူညီရေးအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)
ကြည်း-၇၅၆၀ ဗိုလ်သင်တန်း အမှတ်စဉ်(၁၈)
အသက်(၈၄)နှစ်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီတို့၏ ဖခင် ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)သည် ၁၉-၇-၂၀၁၄ (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာတင့်စိုးလင်း၊
ဦးတင့်လွင်-ဒေါ်ပွင့်မာခိုင်နှင့်
ရွှေပုစွန်ညီအစ်ကိုမောင်နှမမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဇော်လင်းဒွေး
အသက်(၅၅)နှစ်

သူငယ်ချင်း ၁၂-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၄)မှ
အရာရှိများနှင့် မိသားစုများ

လွမ်းဆွတ်သတိရခြင်း
ဒေါ်လှမြင့်(မင်းတုန်း) (၉၁)နှစ်

ဘွားဘွား ဒေါ်လှမြင့် ၂၃-၆-၂၀၁၄ ရက်က မိသားစုနှင့် ခွဲခွာသွားပြီဖြစ်သော်လည်း အမြဲတမ်းသတိရလွမ်းဆွတ်နေဆဲပါ။ ဘွားဘွားအတွက် ရည်စူး၍ နေ့စဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ **ချစ်မြေးများနှင့် မြစ်**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇/A)၊ မြေကွက်အမှတ်-(၂၅/ည) ၏ တစ်စိတ်တစ်ဒေသ(အလယ်ကောင်နေရာ၇၀'×၅၀')မှ အစိတ်အပိုင်း မြေကွက်တည်နေရာ အမှတ် (၁၅၄)၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်(ကိုကျော်ဒွေး) အမည်ပေါက် မြေပိုင်မြေ၊ (အိမ်ယာမြေသတ်မှတ်) မြေအား ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၁၂/၉၈(၂၀-၁၀-၁၉၉၈) အမွေထိန်း လက်မှတ်စာနှင့်(၁၁-၁-၁၉၉၉)ရက်စွဲပါရောင်းချခွင့်အမိန့်အရရောင်းချသူဦးစောနဲလ်ဆင်အောင်ထံမှဝယ်ယူသည့် အရောင်းအဝယ်စာချုပ်အမှတ်-၁၄၃၉(၄-၇-၂၀၀၀)နှင့် မောင်စည်သူမောင်မောင်[၁၂/မဂဒ(နိုင်)၁၀၆၇၄၇]က လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၇၃၇/၂၀၀၆ တို့တင်ပြ၍ ဒေါ်ဆွေဆွေညွန့် [၁၂/မဂဒ(နိုင်)၀၄၀၇၆၆]မှ ၎င်းကိုယ်တိုင်နှင့် မောင် စည်သူမောင်မောင်ကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၈C³၊ မြေကွက်အမှတ်-(၁၉၅)၊ မြေကွက်တည်နေရာအမှတ်(၁၆)၊ဦးဖိုးလမ်း၊စမ်းချောင်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဦးဟုတ်စိန်၊ ဦးခင်မောင်ဆွေ၊ ဦးခင်မောင်ဝင်း၊ ဦးခင်မောင်ဇော်၊ မခင်ဆွေတင့်၊မခင်ဆွေဝင်းမြေအားအမည်ပေါက် (၁)ဦးဖြစ်သူဖခင်ဦးဟုတ်စိန် ကွယ်လွန်ပြီး ၎င်းထံမှ မိခင်ဒေါ်စောညွန့်(ကွယ်လွန်)မှ ပိုင်ဆိုင်ကြောင်းစာချုပ် အမှတ်-၁၂၄၆/ ၈၉ဖြင့်ရရှိပြီး(၁)ဦးခင်မောင်ဆွေ [၁၂/စခန(နိုင်)၀၀၄၃၃၄]၊ (၂) ဦးခင်မောင်ဝင်း[၁၂/စခန(နိုင်)၀၀၄၃၆၁]၊ (၃)ဦးခင်မောင်ဇော်[၁၂/စခန(နိုင်) ၀၀၄၃၃၉]၊ (၄) ဒေါ်ခင်ဆွေတင့်[၁၂/စခန(နိုင်)၀၀၄၃၂၆]၊ (၅)ဒေါ်ခင်ဆွေဝင်း[၁၂/စခန(နိုင်)၀၀၄၃၂၁]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၇)ရက်အတွင်းခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၄၄၃)၊ မြေငှားစာချုပ်အမည်ပေါက် ဒေါ်တင်၏သမီးဖြစ်သူ ဒေါ်အေးအေးတင်မှ မိဘများကွယ်လွန်ကြောင်း သေစာရင်းမိတ္တူ ၊ မြေချပါမစ်မိတ္တူ ၊ဘဏ်ချေးငွေအကျေပေးဆပ်ပြီးကြောင်းဘဏ်ထောက်ခံချက်မိတ္တူ ကျန်မောင်နှမများမှ ကန့်ကွက်ရန်မရှိသဘောတူကြောင်း ကျမ်းကျိန်လွှာမိတ္တူများ တင်ပြလျက် မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်းလဲလှယ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းအထောက်အထား မူရင်းများတင်ပြလျက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဗဟန်းမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်-(၁၅ စီဂျီ)၊ မြေကွက်အမှတ်-(၁၂၅၀)၊ မြေကွက် တည်နေရာ အမှတ် (၁၅)၊ ဦးအောင်ဘလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဒေါ်စန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(မိခင်)ဒေါ်စန်းမြင့် နှင့် (ဖခင်)ဦးမြင့်ဦး(ခ)ဘိုးထုံးတို့ကွယ်လွန်သဖြင့် သားသမီးအရင်းများဖြစ်ကြသော (၁)ဒေါ်လှလှစိန်[၁၂/ဗဟန(နိုင်)၀၀၂၉၃၈]၊(၂)ဦးမျိုးသန့်(ခ)မျိုးမြင့်နိုင်[၁၂/ ဗဟန (နိုင်)၀၀၂၉၃၉]၊ (၃)ဒေါ်ဝေဝေမြင့်(ခ) အိန္နန်းစိန်[၁၂/ဗဟန(နိုင်)၀၀၂၉၄၀]၊ (၄) ဒေါ်ခင်သီတာဝင်း[၁၂/ဗဟန(နိုင်)၀၇၆၈၆၀]၊ (၅)ဒေါ်ဝင်းဝင်းမော် [၁၂/ဗဟန(နိုင်)၀၈၅၇၂၅]တို့အနက်မှ ဒေါ်လှလှစိန်+၄တို့ ကိုယ်စား GP ရသူ ဒေါ်ဝေဝေမြင့်(ခ) အိန္နန်းစိန်က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူ ထောက်ခံကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၁၀)နှစ်ပြည့်အလွမ်း
ကိုတင်မောင်ဆွေ
M/T SETIA JAYA (CDC.51323)
၂၃-၇-၂၀၁၄

သားကြီးကိုဆွေ မိသားစုကိုခွဲခွာသွားတာ ၂၃-၇-၂၀၁၄ ရက်မှာ (၁၀)နှစ်တင်းတင်း ပြည့်ပါပြီ။ ဘာသာတရားကိုင်းရှိုင်းပြီး မိဘကျေးဇူးသိတတ်တဲ့သားမို့ နှမြောတသဖြစ်လျက်ပါ။ သားကြီးအား ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်သော ကုသိုလ်ဒါနအားလုံးအတွက် ကောင်းရာသုဂတိ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သားကြီးရေ အမျှ-အမျှ-အမျှ

ဖေဖေ	-	ဦးချစ်ဆွေ
မေမေ	-	ဒေါ်တင်တင်ဝင်း
ညီမလေး	-	မမာလာဆွေ-ကိုကျော်ကျော်ခန့်
ချစ်တူမလေး	-	ခင်ထက်ခိုင်(a) SWEET
ချစ်တူလေး	-	ဉာဏ်လင်းထက်

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့် (၈၄)နှစ်
(ရတနာညွှန့်အထည်ဆိုင်-မင်္ဂလာဒုံဈေး)

ဦးငွေဦး(ဥက္ကဋ္ဌ၊ မူဆယ်နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ MD ရွှေချမ်းသာဒေါင်းမင်း ကုမ္ပဏီလီမိတက်)-ဒေါ်ကြူကြူမြင့်(MD ခေတ်ဆန်းစိန်ကုမ္ပဏီလီမိတက်)တို့၏မိခင်ကြီးသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
မူဆယ်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့် (၈၄)နှစ်
(ရတနာညွှန့်အထည်ဆိုင်-မင်္ဂလာဒုံဈေး)

ဦးငွေဦး(ဥက္ကဋ္ဌ၊ မူဆယ်နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ MD ရွှေချမ်းသာဒေါင်းမင်း ကုမ္ပဏီလီမိတက်)-ဒေါ်ကြူကြူမြင့်(MD ခေတ်ဆန်းစိန်ကုမ္ပဏီလီမိတက်)တို့၏မိခင်ကြီးသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးနိုင်ဝင်းဇော်-ဒေါ်နွေးနွေး
လင်းထွန်းသစ်သီးပွဲရုံ
မူဆယ်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကျင်ဝန်(ခ)လီခေါဝန်
အသက်(၉၃)နှစ်

ထားဝယ်မြို့၊ တလိုင်းမရပ်၊ မြိတ်တန်းလမ်း၊ အမှတ်(၁၉)နေ ဦးစန်းကြည်-ဒေါ်မူမူသန့်(ပတ်ကားစိန်ရွှေရတနာဆိုင်)တို့၏မိခင်ဒေါ်ကျင်ဝန်(ခ)လီခေါဝန်(၉၃)နှစ်သည် ၁၄-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဂေါပကအဖွဲ့
ကိုးဆူစာတ်ပေါင်းရွှေသာလျောင်းဘုရား
ညောင်းဝိုင်းမြောက်ပိုင်း၊ ပဲခူးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်နွဲ့ရီ(ညောင်လေးပင်)
အမကဆရာမ(ငြိမ်း)(၇၃)နှစ်

ညောင်လေးပင်မြို့နယ်အသင်းဝင်ဒေါ်ခင်နွဲ့ရီ(၇၃)နှစ်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၀)ရပ်ကွက်၊ ဆောင်းပေမန်အိမ်ရာ၊ တိုက်(၃)၊အခန်း(၃၀)၌ ၁၉-၇-၂၀၁၄ရက် နံနက်၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အလုပ်အမှုဆောင်အဖွဲ့**

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း
သာသနာ့မိခင်ကြီးဒေါ်တင်စိန်(ဝါးခယ်မ)
အသက်(၈၂)နှစ်

နှင်းဆီဆောင်ကျောင်းသူဟောင်း မသင်းသင်းကြူ(1983-1987)၏မိခင်သည် ၁၆-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။ **နှင်းဆီဆောင်ညီအစ်မများ**

စီးပွားရေးတက္ကသိုလ်သမိုင်းဝင်း၊ ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ညီအစ်ကိုတော် ဦးအေးကို(ပျဉ်းမနား)ကွယ်လွန်သည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဖေဝင်း(ပျဉ်းမနား)

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)
ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)
အသက်(၈၄)နှစ်

လေးမျက်နှာမြို့နယ်အသင်း အမှုဆောင်ဟောင်း ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)သည် ၁၉-၇-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)

ဗိုလ်ကြီးဝင်းမောင်(ငြိမ်း)
ကြည်း-၁၀၆၆၂၊ OTS (32)
အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်။ ကုန်းဘောင်လမ်း၊ အမှတ်(၇၂၅)နှင့် တိုက်(၉၅/၆ နဝရတ်ရိပ်သာ၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်နေ(ဦးဘိုးအေး-ဒေါ်သောင်းတင်)တို့၏သား၊ (ဦးစံထွန်း)-ဒေါ်စောကြိုင်၊ ဦးတိုး-ဒေါ်တင်နွဲ့တို့၏ မောင်/အစ်ကို၊ ဒေါ်နီနီခင်၏ ခင်ပွန်း၊ ဦးရဲနိုင်စိုး-ဒေါ်သီဂီဝင်း၊ (ဒေါက်တာတင်ထွဋ်ဝင်း)-ဒေါ်သီသီအောင် (ကျေးလက်ဒေသဖွံ့ဖြိုး ရေးဦးစီးဌာန)၊ ဦးသောင်းတင်ဝင်း(C/E)-ဒေါ်မြတ်သီတာမင်း(လ/ထညွှန်မှူး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်)၊ ဗိုလ်မှူးနေမျိုးဝင်း (တဆရ၂/၅၀၀)-ဒေါက်တာနွေးနွေးဝင်း (လ/ထညွှန်မှူး-ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန)၊ ဒေါက်တာခင်သူဇာဝင်း (လ/ထကထိက-သတ္တဗေဒဌာန။ တောင်ငူတက္ကသိုလ်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၁-၇-၂၀၁၄ရက် နံနက် ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၃-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တောင်ဥက္ကလာပ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးသန်း(ခ)
ဒေါ်အေးမိစံ (၅၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဘူတာရုံလမ်း၊ တိုက်(၉၃)၊ အခန်း(၄၀၁)နေ ဦးသောင်းတင်-ဒေါ်သန်းသန်းမြင့်၊ (ဦးသိန်းဇံ-ဒေါ်နီလေး)တို့၏သမီး၊ (ဦးဖေသွင်)-ဒေါ်နွဲ့တို့၏ တူမ၊ မအေးမြင့်မြတ်အောင်၏ မိခင်၊ ဦးမိုးအောင်၏ ဇနီးသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
မမိမိမောင် (၃၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၁၂၀)၊ လေးလွှာ(ဝဲဘက်) အခန်းနေ(ဦးမောင်စိန်-ဒေါ်ချစ်မေ)တို့၏မြေး၊ ဒေါ်ခင်သန်းအေး၏တူမ၊ (ဦးမောင်မောင်)-ဒေါ်ခင်သန်းငွေးတို့၏သမီး၊ ဦးသန်းထွဋ်-ဒေါ်ခင်ဘုန်းမြင့်တို့၏ညီမ၊ ကိုသော်ဇင်ဖြိုး၏အစ်မ၊ မောင်လင်းမြတ်သူ၏မိခင်၊ မောင်မင်းခန့်ကျော်၊ မောင်ဉာဏ်လင်းထင်တို့၏ အဒေါ် မမိမိမောင်သည် ၁၉-၇-၂၀၁၄(စနေနေ့) ည၁၁း၃၀နာရီတွင် ဆာကူရာဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၇-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ဝတ်ပြုဆုတောင်းသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [အထက်ပါနေအိမ်၌၂၆-၇-၂၀၁၄(စနေနေ့) နံနက် ၉နာရီတွင် အောင်းမေ့ဆုတောင်း ဝတ်ပြုမည်ဖြစ်ပါကြောင်း။] ကျန်ရစ်သူမိသားစု



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ် ကွက်အမှတ်(၁၃/က)၊ မြေကွက်အမှတ်(၁၁)၊ မြေကွက်တည်နေရာအမှတ်(၁၉၀)၊ (၁၁)လမ်း၊ (၁၄)ရပ်ကွက်၊ တ/ဥ၊ ဦးစိန်မောင် အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (ဖခင် ဦးစိန်မောင်နှင့် မိခင် ဒေါ်ခင်စောမြင့်)တို့ ကွယ်လွန်သဖြင့် ဦးစန်းလွင်[၁၂/ဒဂန(နိုင်)၀၀၇၂၈၅]က တစ်ဦးတည်းသောသား တော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့် (၈၄)နှစ်
(ရတနာညွှန့်အထည်ဆိုင်-မင်္ဂလာဒုံဈေး)

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးခင်မောင်-ဒေါ်လှတင်)တို့၏သမီး၊ ဓနုဖြူမြို့နေ (ဦးမောင်ကျော်-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ မင်္ဂလာဒုံမြို့နယ်နေ [ဦးအောင်သန်းမြင့်(ခ)ဦးသန်းမြင့်]၏ ဇနီး၊ (ဦးကျော်စိန်)၊ (ဦးစိုးဆိုင်-ဒေါ်လှကြည်)၊ (ဦးလှတင်-ဒေါ်အုံးရီ)တို့၏ ညီမ၊ ဦးသန်းဝေ-ဒေါ်ခင်စောလှ၊ (ဦးမောင်သွင်-ဒေါ်တင်တင်ညွှန့်)တို့၏ အစ်မ၊ ဒေါက်တာမျိုးညွှန့်အောင်-ဒေါ်သင်းသင်းမြင့်၊ ဦးငွေဦး(ဥက္ကဋ္ဌ၊ မူဆယ်နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ MD ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီလီမိတက်)-ဒေါ်ကြူကြူမြင့် (MD ခေတ်ဆန်းစိန်ကုမ္ပဏီလီမိတက်)၊ ဦးကျော်ကျော်-ဒေါ်ဝင်း(မြတ်ကျော်အထည်ဆိုင်)၊ ဦးစိန်တင့်ထွန်း(ခ)ကိုတူး-ဒေါ်မူမူမြင့်(ကိုတူးအထည်ဆိုင်)၊ ဦးငွေလွင်-ဒေါ်ဖြူဖြူမြင့်(ဖြူဖြူစတိုး)၊ ဦးခင်မောင်လွင်-ဒေါ်နွယ်နွယ်မြင့်(မငယ်အထည်ဆိုင်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၂း၂၂နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(မြောက်ဥက္ကလာပနေအိမ်နှင့် မင်္ဂလာဒုံနေအိမ်တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့် (၈၄)နှစ်
(ရတနာညွှန့်အထည်ဆိုင်-မင်္ဂလာဒုံဈေး)

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးခင်မောင်-ဒေါ်လှတင်)တို့၏ သမီး၊ ဓနုဖြူမြို့နေ (ဦးမောင်ကျော်-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ မင်္ဂလာဒုံမြို့နယ်၊ (၄၄/ခ)၊ ဓမ္မသုခအပြင်လမ်းနေ [ဦးအောင်သန်းမြင့်(ခ) ဦးသန်းမြင့်] ၏ဇနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၁၇)၊ နီလာ(၅)လမ်း၊ (ဂ)ရပ်ကွက်နေ ဦးငွေဦး(ဥက္ကဋ္ဌ၊ မူဆယ်နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ MD ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီလီမိတက်)-ဒေါ်ကြူကြူမြင့်(MD ခေတ်ဆန်းစိန်ကုမ္ပဏီလီမိတက်)တို့၏ မွေးသမိခင်၊ ဒုတိယဗိုလ်မှူးကြီးမြတ်မိုး(စစ်တက္ကသိုလ်၊ ကွန်ပျူတာနည်းပညာဌာန)-ဒေါ်နန်းနွယ်ဦး(အမက-၂၊ ကမာရွတ်)၊ ဦးနေလင်းဦး(ရောင်နီမိသားစုကုမ္ပဏီလီမိတက်)-ဒေါ်နှင်းကြည်၊ ဦးချမ်းသာဦး(ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီလီမိတက်)-ဒေါ်သီတာတို့၏ အဘွား၊ မရွှေရည်ပြည့်ဖြိုး၊ မောင်ဘုန်းပြည့်ချမ်းသာ၊ မောင်မင်းခန့်ကို၊ မောင်သီဟလင်း၊ မဉာဏ်စွမ်းထူးထက်၊ မောင်ဟိန်းလင်းထက်တို့၏ ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၂း၂၂ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာပနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့် (၈၄)နှစ်
(ရတနာညွှန့်အထည်ဆိုင်-မင်္ဂလာဒုံဈေး)

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးခင်မောင်-ဒေါ်လှတင်)တို့၏ သမီး၊ ဓနုဖြူမြို့နေ (ဦးမောင်ကျော်-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ မင်္ဂလာဒုံမြို့နယ်၊ (၄၄/ခ)၊ ဓမ္မသုခအပြင်လမ်းနေ [ဦးအောင်သန်းမြင့်(ခ)ဦးသန်းမြင့်] ၏ဇနီး၊ ဒေါ်မေမျိုးဇင်(Chief Accountant, Creation Myanmar Co.,Ltd.)၊ ဦးအောင်မင်း-ဒေါ်ယဉ်ဝင်းအောင်၊ ဒေါ်မေပြည့်စုံအောင်(Manager, City Mart Holding Co., Ltd.)၊ ဗိုလ်ကြီးမျိုးသူရအောင်(လထရ-၁၁၊ ကျိုင်းတုံ)-ဒေါ်စံပယ်ဖြူ (အမက-၂၂၀၊ ဘန်ဘွေးကုန်း၊ ပုသိမ်)၊ ဦးပြည့်ဖြိုးအောင်(KBZ Bank)-ဒေါ်နှင်းနှင်းဝေ(Shiseido)၊ မယမင်း၊ ဒုတိယဗိုလ်မှူးကြီးမြတ်မိုး(စစ်တက္ကသိုလ်၊ ကွန်ပျူတာနည်းပညာဌာန)-ဒေါ်နန်းနွယ်ဦး(အမက-၂ ကမာရွတ်)၊ ဦးနေလင်းဦး (ရောင်နီမိသားစုကုမ္ပဏီလီမိတက်)-ဒေါ်နှင်းကြည်၊ ဦးချမ်းသာဦး(ရွှေချမ်းသာ ဒေါင်းမင်းကုမ္ပဏီလီမိတက်)-ဒေါ်သီတာ၊ မအိရွှေစင်ကျော်၊ ကိုရဲမာန်ဝင့်၊ မကေခိုင်ဝင်းလှဲ့(KBZ Bank)၊ ဦးဝဏ္ဏမြင့်လွင်(A/B, Marico)-ဒေါ်ဝိုင်းသော်တာဖြူ၊ မမေဖြူလွင်၊ ဦးရဲထွန်းပိုင်-ဒေါ်ခိုင်မိမိအေးတို့၏အဘွား၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့)နံနက် ၂း၂၂နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(မြောက်ဥက္ကလာပနေအိမ်နှင့် မင်္ဂလာဒုံနေအိမ်တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေးမြစ်များ

အထူးဝမ်းနည်းကြေကွဲခြင်း
သာသနာ့ဒါယိကာမကြီး
ဒေါ်တင်စိန် (ဝါးခယ်မ)
အသက်(၈၂)နှစ်

ဦးတင်မောင်အေး(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၁၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်သင်းသင်းစိုးတို့၏ မိခင် ဒေါ်တင်စိန်သည် ၁၆-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် အရာထမ်း/အမှုထမ်းဝန်ထမ်းများ
ရှမ်းပြည်နယ်ဆည်မြောင်းဦးစီးဌာန၊ တောင်ကြီးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဦး (၆၃)နှစ်
တိုင်းပညာရေးမှူး(အငြိမ်းစား)

နေပြည်တော်၊ ရန်ကင်းတောရ-သပြေပင်(ဓမ္မ)ကျောင်း၏ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော တပည့်များရှိသေလေးစားရသည့် ဆရာကြီး ဦးမြင့်ဦးသည် ၁၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁/၂၀၁၄ ဓမ္မကျောင်းတော်ဆရာဖြစ်သင်တန်းမှ
သင်တန်းသူ/သင်တန်းသားများ
မြစ်ကြီးနားမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)
ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)
ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)
အသက်(၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီတို့၏ ဖခင်ကြီး ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း) အသက်(၈၄)နှစ် သည် ၁၉-၇-၂၀၁၄(စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အထက(၁) သာကေတ ကျောင်းသားဟောင်းများ
အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း) (၈၄)နှစ်
ကထိက၊ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)
ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)

ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်-ဒေါ်ချယ်ရီတို့၏ ဖခင်ဖြစ်သူ ဗိုလ်ကြီး ခင်မောင်လေး(ငြိမ်း) အသက်(၈၄)နှစ်သည် ၁၉-၇-၂၀၁၄ ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်-ဒေါက်တာဒေါ်ခင်မြဝင်း
စက်မှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း) (၈၄)နှစ်
ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)
ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်-ဒေါ်ချယ်ရီတို့၏ ဖခင်ကြီး ဗိုလ်ကြီး ခင်မောင်လေး(ငြိမ်း) အသက်(၈၄)နှစ် သည် ၁၉-၇-၂၀၁၄(စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းဇော်-ဒေါ်မူမူဝင်း
မြစ်ကြီးနားမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း) (၈၄)နှစ်
ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်(ငြိမ်း)
ကြည်း-၇၅၆၀၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)

၁၉-၇-၂၀၁၄(စနေနေ့)တွင်ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီးဗိုလ်ကြီးခင်မောင်လေး(ငြိမ်း) နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်သည် အထိ ဂရုတစိုက်ကုသပေးကြသော အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်မှူးများနှင့်တကွ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျ၊ ဆရာ/ဆရာမများ၊ စစ်သည်ဝန်ထမ်းများအားလည်းကောင်း၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်းလူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း Email ဖြင့်လည်းကောင်း နှစ်သိမ့်အားပေးခဲ့ကြပါသော တပ်မတော်ကြည်း၊ ရေ၊ လေမိသားစုများ၊ ရကတ၊ ရပခ၊ ရမခ၊ တသခ၊ ရလခတိုင်းစစ်ဌာနချုပ်အသီးသီးမှမိသားစုဝင်များ၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)မှ မိသားစုဝင်များ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၂၀)နှင့် (၂၅)မှ မိသားစုဝင်များ၊ ကျောင်းနေဖက်သူငယ်ချင်းများ၊ သာကေတမြို့နယ်မှ မိတ်ဆွေသင်္ဂဟများနှင့် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများ၊ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ခဲ့ကြသူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော စစ်ဘက်နယ်ဘက်မှ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဟသ်ာတအသင်း
ဦးအေး (၈၅)နှစ်
(သက်ကြီးကန်တော့ခံပုဂ္ဂိုလ်)

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ သုံးအိမ်တန်းကျေးရွာနေ (ဦးသီဟန်-ဒေါ်မယ်ပုံ) တို့၏သား၊ အမှတ် ၂၉၊ လေးလွှာ (A)သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေ ဒေါ်မြရှင်၏ခင်ပွန်း ဦးအေးသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့)နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့(ဟသ်ာတအသင်း)

ရဟန်းဒါယကာကြီး
ဦးခင်မောင်အေး (၇၃)နှစ်
(စာရင်းစစ်ချုပ်ရုံး)
(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း)

(ဦးစန်းတင်-ဒေါ်မြမြဦး)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊အမှတ်(၃၆)၊မြေညီထပ် (ခေါင်းရင်းခန်း)နေ ဒေါ်ခင်သန်းနွယ် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ အလက-၁၊ ကြည့်မြင်တိုင်)၏ ခင်ပွန်း၊ မအေးမိမိခိုင်၊ မအေးနွယ်နွယ်အေး၊ မအေးသီရိဇင်၊ မောင်ထွန်းတင်တို့၏ ဖခင်၊ မရွှေရည်ရွှန်းရွှန်းလဲ့၏ အဘိုး ဦးခင်မောင်အေးသည် ၂၂-၇-၂၀၁၄(အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊တန်ဆောင်း လမ်း၊ တံတား ဒါယိကာမကြီး
ဒေါ်သန်းသန်း(သူရဲသမိန်) အသက်(၇၃)နှစ်

ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာ၊ အမှတ်(၅)ရပ်ကွက်နေ (ဦးမြင့်ဝင်း(ခ)ဦးကြီးစိန်)၏ဇနီး၊ မချိုနွယ်ဦး၊ကိုသိပ်ခက်-မမာလာမြင့်၊ ကိုသက်ခိုင်၊ကိုသော်တာ-မသင်းသင်းဇာ၊ ကိုခိုင်မြတ်ထွန်း၊ ကိုမြင့်ဇော်-မဝင်းပပမိုး၊ ကိုဇော်လင်းထွန်း-မသန်းသန်းဝင်း၊ ကိုစုချစ်အောင်-မအေးစန္ဒာထွေးတို့၏ မွေးသမိခင်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည်၂၀-၇-၂၀၁၄ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၁၄(အင်္ဂါနေ့)တွင် ထင်းကုန်းစုသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးပါကြောင်း။ကျန်ရစ်သူမိသားစု

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)
ဦးကျော်ဝင်း (အင်္ဂပူ) အသက်(၆၇)နှစ်
စက်မှုလယ်ယာ(ငြိမ်း)
ဥက္ကဋ္ဌ၊ မြို့နယ်ရွှေကောက်ပွဲကော်မရှင်
အင်္ဂပူမြို့နယ်အသင်းအမှုဆောင်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့၊ (၁)ရပ်ကွက်၊ ဝဝန်ဧရာလမ်း၊ စက်မှုလယ်ယာဝင်းအနီးနေ (ဦးမှတ်ကလေး-ဒေါ်လုံးတင်)တို့၏ သား၊ (ဒေါ်ကျင်ဟန်)၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး နေမျိုးဦး-ဒေါ်မျိုးပပစိုး၊ ဦးကျော်စိုးမိုး-ဒေါ်မြတ်ဆုအောင်၊ ဦးအောင်မျိုးခန့်-ဒေါ်သီရိလှိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုးသည်၂၂-၇-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်၌ သရဏဂုံတင်၍ ကားများထွက်ခွာပြီး နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များနှင့်ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးဇော်မင်းမြင့် (ကိုဇော်ကြီး) အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၈)လမ်း၊ အမှတ်(၇)နေ (ဦးကျော်မြင့်-ဒေါ်သန်းမြ) တို့၏ သားကြီး၊ (ဦးကျော်မင်း-ဒေါ်ကြည်ကြည်ဝင်း)တို့၏ သားသမက်၊ ဦးကျော်လှိုင်-ဒေါ်ညိုညိုမြင့်၊ ဦးအောင်တိုးမြင့်-ဒေါ်ခိုင်ဆွေဆွေဦး၊ (ဦးမင်းဟန်)-ဒေါ်မာလာမြင့်၊ ဦးရဲဝင်းမြင့်-ဒေါ်ကေသွယ်ဦး၊ မြင်းခြံမြို့နေဦးတိုးဝင်း-ဒေါ်နွယ်နွယ်ဝင်း၊ ဦးနေလင်းလင်း-ဒေါ်နွယ်နွယ်ဦး၊ ဦးဘိုဘိုအောင်-ဒေါ်စိုးမိုးသူ၊ မရည်မွန်ဦးတို့၏ အစ်ကို/မောင်၊ ဒဂုံ(အရှေ့)မြို့နယ်နေ ဦးသန့်ဇင်-ဒေါ်ခင်နှင်းရည်တို့၏ တူ၊ ဒေါ်သက်ထား၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြတ်သူ၊ မဖူးပွင့်ဖြူ(အထက-၃၊ ဒဂုံမြောက်) တို့၏ မွေးသဖခင်သည် ၂၂-၇-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၈လမ်းနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်မေ (၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊သုံးခွမြို့၊ဥက္ကံကျေးရွာနေ (ဦးခင်မောင်လေး - ဒေါ်သန်း)တို့၏သမီး၊(ဦးဘသိန်းမောင်-ဒေါ်အုန်းမေ)တို့၏ သမီးချွေးမ၊ အမှတ်(၇၈) တောင်ထိပ်ပန်းလမ်း၊ သုဝဏ္ဏ၊ရန်ကုန်မြို့နေဦးအောင်ကြည်(အငြိမ်းစားဘဏ်မန်နေဂျာ)]၏ဇနီး၊ ဒေါ်လဲ့လဲ့ကြည်-(ဦးခင်မောင်ဦး)၊ ဒေါ်ခင်မေကြည်-(ဦးအုန်းကြိုင်)၊ (ဒေါ်သန်းသန်းကြည်)-ဦးဝင်းမြင့်၊ ဒေါ် နွယ်နီကြည်-ဦးတင့်လွင်(မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး)၊ ဒေါ်ခင်ဥမ္မာကြည်၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းဝင်း၊ ဦးမင်းသူ-ဒေါ်အေးအေးခိုင်တို့ ၏မွေးမိခင်၊ မြေး၁၆ယောက်၏အဘွား၊ မြစ်ခြောက်ယောက်၏ ဘွားဘွားကြီး ဒေါ်စိန်မေသည် ၂၂-၇-၂၀၁၄ (အင်္ဂါနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်သန်းငြိမ်း(နမ္မတူ) အသက်(၇၄)နှစ်
တပ်မတော်(လေ/ငြိမ်း)

အမှတ်(၂၀၃)၊ (A-7)၊ ဝေပုလ္လအိမ်ရာ၊ မြောက်ဥက္ကလာပနေ [ဦးချစ်ဟန်(ကမာဝက်)-ဒေါ်ငြိမ်းတင်]တို့၏ တတိယသမီး၊ [Rev;စပါဂျင်(နမ္မတူ)]-(ဒေါ်ဇေဗီ)တို့၏ သမီးချွေးမ၊ (ဦးယူဖိမောင်မောင်) - ဒေါ်သြလစ်တို့၏ညီမ၊ ဦးကြည်ဝင်း (ကျိုက်ထို)-ဒေါ်သိန်းမြင့်တို့၏အစ်မ၊ မန်းမောင်လှ၏ ချစ်လှစွာသောဇနီး၊ ဦးတော်တော်ဦး (PIL)-ဒေါ်ဝင်းဝင်းသိန်း၊ ဦးညီညီအောင် (JSM)-ဒေါ်အယ်ဝါ၊ဦးဇာနည်အောင်-နော်မေရီကင်း(NZ)၊ ဒေါ်ဝင်းသန္တာငြိမ်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသော အဘွားသည်၂၁-၇-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (ဈာပနဝတ်ပြုအစီအစဉ်နှင့် နေ့ရက်ကို ထပ်မံအကြောင်းကြားအသိပေးပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်သင်းသင်းသွယ်(ခ) Daphne Choung အသက်(၆၁)နှစ်
(B. Com AA)
စာရင်းစစ်(ငြိမ်း)၊စာရင်းစစ်ချုပ်ရုံး

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(D ၂၉/၃၀)၊မေခလမ်းသွယ်(၂)၊ စစ်တောင်းလမ်းထောင့်နေ (ဦးအေးထွန်း-ဒေါ်စွန်တီ)တို့၏ သမီးထွေး၊ (ဒေါ်လှမြင့်(ခ) Rose) (သီရိသုခမူကြိုကျောင်းဆရာမကြီး)၊ ဒေါ်ခင်စော(ခ) Sally (စာရင်းစစ်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဦးသန်းထွန်း(ခ) George (J.E နိုင်ငံခြားသင်္ဘောသား)၊ ဒေါ်ခင်လှတင့်(ခ) Molly (ကပရ)တို့၏ ညီမထွေးသည် ၂၂-၇-၂၀၁၄ ရက် နံနက် ၂ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မောင်သူရထူး(ခ)ဝက်ပု အသက်(၃၇)နှစ်
(LWIN MOBILE) Service

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်အမှတ် ၂ အခန်းအမှတ်(၂၅)နေ ဦးဝင်းသိန်း(ဦးစီးမှူးအိုးအိမ်)-ဒေါ်သန်းသန်းဌေးတို့၏သား၊ ဦးရဲကျော် (Director-Shin Ye Htut Group Co.,Ltd.) -ဒေါ်မေမြတ်သူ၊ ဒေါ်အေးအေးသူ(ခ)အိမ်သရီသူတို့၏မောင်၊ မောင်သူရထူးသည် ၂၁-၇-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမြတင်(ငြိမ်း) (၈၅)နှစ်

ဒေါ်သန်းသန်းတင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးမြတင်(ငြိမ်း)သည် ၂၀-၇-၂၀၁၄ ရက်တွင် ပုသိမ်မြို့ ကိုးဆူရွာနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၂)မှ တပည့်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမြတင်(ငြိမ်း) (၈၅)နှစ်

သူငယ်ချင်း ဗိုလ်ကြီးဒေါ်သီတာချို(ငြိမ်း)၏ ဖခင် ဗိုလ်ကြီးမြတင်(ငြိမ်း) သည် ၂၀-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်သူနာပြုဗိုလ်လောင်းအမှတ်စဉ်(၁၃)မှ သူငယ်ချင်းများ

ဦးဟုန်ရီ(မြိတ်) (၈၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ပဲခူးလမ်း၊ အမှတ် (၁၃၀/က)နေ ဒေါ်အုန်းရီ၏ ခင်ပွန်း၊ (ဦးအောင်ကြူ)-ဒေါ်သန်းညွန့်၊ ဦးဝင်းနိုင်-ဒေါ်နုနုရီ၊ [ဦးသန်းနိုင်(ခ)ပဲလုံး]၊ ဦးအင်သိန်း-ဒေါ်ညိုညိုမြိုင်၊ ဒေါ်ငွေငွေဌေး၊ ဒေါ်သန်းသန်းဌေး(အထက်တန်းရှေ့နေ)တို့၏ ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂၂-၇-၂၀၁၄(အင်္ဂါနေ့) နံနက်၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာ
ဦးစောလင်း (၆၉)နှစ်
B.E (Civil) 71 Batch., F.MES, M.ASCE (USA) ASEAN Engineer
အထွေထွေမန်နေဂျာ(ငြိမ်း)
အမှတ်(၁)ကြေးနီသတ္တုတွင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ၊ ဇေယျာခေမာလမ်း၊ အမှတ်(၅၀၈/၁)နေ (ဦးမောင်ကလေး-ဒေါ်တင်ရွှေ)တို့၏ သားကြီး၊ ဦးအောင်ကြည်-(ဒေါ်ခင်ဆွေ)တို့၏ မောင်၊ (ဒေါ်ခင်သန်းနွဲ့)၊ ဦးဘသောင်း-ဒေါက်တာနွဲ့နွဲ့ဝင်း၊ ဦးခင်မောင်လင်း၊ ဦးဝင်းနိုင်၊ ဦးညီညီအောင်တို့၏ အစ်ကိုကြီး၊ ဦးဖြိုးသူရလင်း-ဒေါ်ခင်ဖြူပြာဇော်၊ ဦးညီညီမင်းထွဋ်-ဒေါ်မြတ်သန္တာလင်း၊ ဦးနန်းထွဋ်-ဒေါက်တာခိုင်သန္တာလင်း၊ ဗိုလ်မှူးမင်းသန့်(ခ)မင်းသူရလင်း-ဒေါ်သန်းသန်းစံ၊ မအိသန္တာလင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး၊ ဒေါ်ခင်သန်းညွန့်(ငွေစာရင်းကိုင်-ငြိမ်း၊ အမှတ်-၁၊ ကြေးနီသတ္တုတွင်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့) ညနေ ၆း၀၇ နာရီတွင် မန္တလေးမြို့၊ တော်ဝင်နှင်းဆီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့၊ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးချစ် (၈၉)နှစ်
အလုပ်ရုံနည်းပြ(ငြိမ်း)R.I.T

ရန်ကုန်တိုင်းဒေသကြီး၊ ဒါးပိန်မြို့နယ်နေ (ဦးစံဖေ-ဒေါ်စိန်ပု)တို့၏သား၊ ကွမ်းခြံကုန်းမြို့နယ်နေ (ဦးစိုးဆောင်-ဒေါ်ငွေမယ်)တို့၏သားသမက်၊ (ဦးစိန်မောင်)-ဒေါ်လှသိန်း၏ညီ၊ (ဦးမောင်-ဒေါ်ယဉ်ကြည်)၊(ဦးကံထွန်း)-ဒေါ်ပို၊(ဦးဖိုးခွေး)၊ ဒေါ်တင်ယုံ၊ (ဦးဖိုးပြုံး)-ဒေါ်ငွေရင်၊ ဦးတင်ရွှေ-(ဒေါ်လှကြည်)တို့၏အစ်ကို၊ (ဦးသိန်းထွဋ်-ဒေါ်ကျင်စိန်)၊နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်သောက်ရေသန့်စက်ရုံနေ (ဗိုလ်မှူးဆန်းလင်းဦး)-ဒေါ်မိမိခိုင်တို့၏ဖခင်၊ မောင်အောင်ရဲသိန်း၊ မောင်အောင်မြတ်သူ၊မအိအိလှိုင်၊ မောင်ကောင်းသန့်ခိုင်လင်းတို့၏ အဘိုးသည် ၂၁-၇-၂၀၁၄(တနင်္လာနေ့)မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀) အအေးတိုက်မှ နေပြည်တော် တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၇-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကိုအောင်မင်းဇော် (၄၈)နှစ်
B.Sc(Maths) (စစ်တွေ)

